


Scanned by CamScanner

# အခန်း (၁)

မင်းသိန်း ပိုင်ဆိုင်သော ကော်ဖီဆိုင်၏ မှန်တံခါးကို တွန်းဖွင့်၍ ဆိုင်ထဲသို့ ဝင်လာလိုက်လျှင် ဆိုင်ထဲရှိ မိန်းကလေး အတော်များများ၏ မျက်လုံးတွေက သူ့ထံသို့ အလိုလို ကျရောက်လာသည်။

SSl

သူကတော့ ဒါတွေရိုးနေသူပီပီ ဘာကိုမှ ဂရုမစိုက်လှဘဲ မင်းသိန်းရှိရာ နေရာဆီသို့ လျှောက်လှမ်းလာခဲ့သည်။

သူ့ကိုကြည့်လျက် ချာတိတ်မလေး ခုပ်စုက တီးတိုး တီးတိုး သဖန်းပိုးလုပ်လျက် အချင်းချင်း လက်တို့ကာ ပြောဆိုနေတာကို မသိကျိုးကျွံပြုလျက်။

မင်းသိန်း၏ ကော်ဖီဆိုင်က ဖွင့်ထားတာ သိပ်မကြာသေး

စိုး၊မိုး၊စာ၊ငပ

သော်လည်း ခေတ်လူငယ်တို့၏ ပါးစပ်များတွင်တော့ အတော့်ကို ရေပန်းစားလှသည်။ မင်းသိန်းရဲ့ဆိုင် အပြင်အဆင်က ခေတ်မီ ဒီဇိုင်းသက်သက်ဖြင့် ပြုလုပ်ထားခြင်းကြောင့် လူငယ်ယောကျ်ား လေး၊ မိန်းကလေးတွေက ပို၍နှစ်သက်ခြင်းပင်။

ဆိုင်ပတ်ဝန်းကျင်နှင့် ဆိုင်တည်ရှိရာနေရာက အေးချမ်း တိတ်ဆိတ်သော နေရာလေး၌ ဖွင့်လှစ်ထားခြင်းဖြစ်ပေမယ့် မင်းသိန်း၏ကော်ဖီဆိုင်က အမြဲလူပြတ်သည်ဟူ၍မရှိ။

"ဘယ်ကနေ မျက်စေ့လည်လာတာလဲ· နေဦန်း"

"ဘယ်ကမှ မျက်စေ့လည်လာတာမဟုတ်ဘူး၊ မင်းဆိုင် ကို တမင်လာတာ"

ဂဏန်းပေါင်းစက်တစ်လုံးဖြင့် စာရင်းတွေ စစ်နေသော မင်းသိန်းက နေဦန်း ဝင်လာသည်ကို တွေ့သဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ရောဟုတ်ရဲ့လားကွ၊ မိန်းကလေးတစ်ယောက် ယောက်နဲ့ ငါ့ဆိုင်မှာ ချိန်းထားတာမဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ မင်းကလဲ"



"ငါကတော့ သိပ်မယုံချင်ဘူး"

မင်းသိန်းက နေဦန်းမျက်နှာချောချောကို ပြုံးစစဖြင့် ကြည့်လိုက်ရင်း မယုံသင်္ကာဟန်ဖြင့် ဆိုလာသည်။

ထိုအခိုက် နေဦန်း၏ လက်ကိုင်ဖုန်းမှ တီးလုံးသံလေး ထွက်ပေါ်လာသည်။

"ဟဲလို"

"ကိုကို…ဇင်သဲ ပြောနေတာ"

တစ်ဖက်မှ ဆောင့်ဆောင့်အောင့်အောင့်လေး ထွက်ပေါ်သော အသံကြောင့်ရော၊ ကြားလိုက်ရသည့် အမည်ကြောင့်ပါ နေဦန်း စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။

"ပြောကွာ၊ ဘာပြောမလို့လဲ"

"ပြောချင်လို့ကို ကိုကို့ဆီ ဖုန်းဆက်နေတာ၊ ဇင်သဲကို ကိုကို အဆက်ဖြတ်လိုက်တာလား"

"ကျွတ်"

နေဦန်း စိတ်ပျက်စွာဖြင့် မျက်နှာရှုံ့မဲ့သွားရ၏။ ဇင်သဲဆို သော ကောင်မလေးသည် နေဦန်း ထားခဲ့မိသမျှ ရည်းစားတွေထဲ မှာ အတော့်ကို ဂျိုက်ကျောင်ကျကာ နေရာတကာ သဝန်တို ချုပ်ခြယ်

လှန်းခြင်းကြောင့် စိတ်ပျက်ကာ အဆက်အသွယ် ဖြတ်တောက်ထားခြင်းဖြစ်သည်။

"ဟုတ်တယ် ဇင်သဲ၊ မင်းကို ကိုယ် စိတ်ပျက်သွားပြီ၊ ဒါကြောင့် အဆက်အသွယ် မလုပ်တော့တာ၊ ဇင်သဲအနားမှာ ကိုယ့်ထက်သာတဲ့ကောင်လေးတွေ အများကြီးပါ၊ ကိုယ့်ကိုမေ့ပြီး ကိုယ့်ထက်သာတဲ့သူ တစ်ယောက်ယောက်ကို ဇင်သဲ ရွေးချယ်လိုက်ကွာ"

"အပြောလွယ်လိုက်တာ ကိုကိုရယ်၊ ကိုကို ဘယ်သူနဲ့တွဲနေတယ်ဆိုတာ ဇင်သဲ သိပါတယ်"

သိရင်လည်း ဘာလို့ ဖုန်းလှမ်းဆက်နေသေးလဲလို့ နေဦန်းစိတ်ထဲက ပြောလိုက်မိသည်။

"ကိုယ်တို့နှစ်ယောက် ပုံစံချင်းမှ မတူတာပဲကွာ၊ မတူတဲ့ပုံစံတွေကို ဘာလို့ ထပ်ညှိချင်နေရတာလဲ"

"နောက်တစ်ယောက်နဲ့ တွဲနေတော့ ကိုကိုက ဇင်သဲကို ဒီစကားတွေ ပြောပြီပေါ့လေ၊ ဇင်သဲ ကိုကို့ကို တကယ်ချစ်တာပါ၊ ကိုကို သိပ်ရက်စက်တယ်"

"ကိုယ်ချစ်ကိုမရွေးဘဲ သူချစ်ကိုပဲ ရွေးချယ်လိုက်ပါ၊





ဇင်သဲအနားမှာ ဇင်သဲရဲ့အချစ်ကို မျှော်လင့်နေတဲ့သူတွေ အများကြီး မဟုတ်လား"

"အင်းပေါ့လေ ကိုကိုက အချစ်ကို တန်ဖိုးထားတတ်သူမှ မဟုတ်တာ၊ အချစ်ကို တန်ဖိုးမထားတတ်တဲ့သူနဲ့ စောစောစီးစီး လမ်းခွဲတာပဲ ကောင်းပါတယ်"

"ကောင်းပါတယ် ဇင်သဲ၊ ကိုယ့်ကိုမေ့လိုက်ပါတော့၊ Good Luck ဇင်သဲ"

သူက ဖုန်းကိုပိတ်ကာ စားပွဲပေါ်တင်လိုက်တော့

"ဘယ်ကကောင်မလေးလဲ နေဦန်း၊ မင်းဖြတ်လိုက်တဲ့ ရည်းစားတွေထဲက တစ်ယောက်ယောက်ဖြစ်မယ်"

"ဇင်သဲဆိုက"

"ဟို ခပ်သွက်သွက် ခပ်ချောချောကောင်မလေး မဟုတ်လား၊ ကွန်ပျူတာ နောက်ဆုံးနှစ်ကလေ"

"ဟုတ်တယ်"

"ဘာဖြစ်လို့ ဖြတ်လိုက်တာလဲ"

"စိတ်ပျက်လို့၊ စိတ်မပါတော့လို့"

"လွယ်လိုက်တာ၊ မင်း ဒီလောက်ပဲ ရည်းစားများတာ



Scanned by CamScanner

သိတ္တာတောင် ကောင်မလေးတွေကလည်း မင်းမှမင်းပဲဖြစ်နေတာ ခက်တယ်''

-မင်းသိန်း ပြောမယ်ဆိုလည်း ပြောလောက်သည်။

နေဥ္စန်းဆိုလျှင် မိန်းကလေးများက အတော့်ကို ကြွေကြသည်။ ရောက်လေရာ နေရာတိုင်းမှာ နေဥ္စန်းကို မဖော်ရွေ မပျူငှာသော မိန်းကလေးဟူ၍မရှိ။

ဘာကြောင့်ပဲဖြစ်ဖြစ် နေဥ္စန်း ရည်းစားများသည်ဟု နာမည်ကြီးနေတာတော့ အမှန်ပဲဖြစ်သည်။ သို့ပေမယ့် ဒီရည်းစားတွေထဲမှာ နေဥ္စန်း အမှန်တကယ်ချစ်ရမယ့်သူ ရှာမတွေ့သေး။ နေဥ္စန်းရင်ထဲက တကယ်ချစ်သည့် မိန်းကလေးကိုပဲ နေဥ္စန်း လက်ထပ်မှာဖြစ်သည်။ လူကြီးမိဘတွေ ရှာဖွေပေးစားမည့် အိမ်ထောင်ရေးမျိုးကိုတော့ သူ စိတ်မဝင်စားလှ။ တစ်သက်လုံး အတူလက်တွဲရမည့် မိန်းကလေးသည် သူ့ရင်ထဲက နှစ်နှစ်ကာကာချစ်သည့် မိန်းကလေးဖြစ်ဖို့တော့ လိုသည်လေ။

□ □ □

## အခန်း (၂)

မှန်တင်ခုံရှေ့မှာ အလှဆုံးပြင်ဆင်ပြီး ကြွေရောင်တောက်နေသော နောက်ဆုံးပေါ် ကားသစ်လေးပေါ်သို့ တက်ကာနီးမှာ မယ်မဒီ ဖုန်းလေးက အသံမြည်လာသည်။

''ဟဲလို''

''နေကောင်းတယ်နော် မဒီ''

''ဘယ်သူလဲ''

''ကိုယ်ပါ၊ ပက်ထရစ်ပါ''

ပက်ထရစ်။ ယောကျ်ားဆန်ဆန် လေးတောင့်ကျကျ မျက်နှာနှင့် လိုက်ဖက်အောင် ချိုမြစွာ ရယ်လိုက်တိုင်း ချိုင့်ဝင်သွားသည့် ပါးချိုင့်တွေနှင့် ပက်ထရစ်ဆိုသည့်လူ။

Scanned by CamScanner

''ဘယ်လိုလဲ၊ အခုမှ ဖုန်းဆက်ရအောင် ဘယ်ချောင်မှာ သွားပြီး အိပ်ပျော်နေတာလဲ''

''ဘယ်မှာမှ အိပ်မပျော်ပါဘူးကွာ၊ ကိုယ် ဘန်ကောက်ကို ခဏသွားနေလို့ပါ၊ အဟွန်း…ဟွန်း''

ပြောရင်း ချိုမြစွာ ရယ်သံကို ကြားရသည်။

''မနေ့ကမှ ဘန်ကောက်က ပြန်ရောက်တာ၊ မဒီအတွက် လက်ဆောင်ပစ္စည်းလေးတွေ ပေးချင်လို့ ခဏလောက် တွေ့ခွင့်ရနိုင်မလား''

''ဘယ်မှာတွေ့မှာလဲ''

''မဒီ ကြိုက်တဲ့နေရာပေါ့''

''ဘယ်နေရာမှ မကြိုက်ဘူး၊ ကုမ္ပဏီကိုပဲ လာခဲ့''

''အိုကေ''

ပက်ထရစ်ဆိုတာ မယ်မဒီနဲ့ စင်ကာပူမှာ ကျောင်းတက်ကတည်းက ခင်ခဲ့ကြသည့် သူငယ်ချင်းတွေ။ ကုမ္ပဏီမှာပဲ လာတွေ့ဖို့ ပက်ထရစ်ကို ပြောလိုက်ပြီးနောက် မယ်မဒီ ဖုန်းလေးကို ပိတ်လိုက်သည်။

ssl



''မဒီ''

''ပက်ထရစ်ပါလား၊ လာလေ''

ကုမ္ပဏီရှိ သူမအခန်းထဲ ဝင်လာသော ပက်ထရစ်ကို တွေ့လိုက်ရသဖြင့် မယ်မဒီ ဖိတ်ခေါ်လိုက်သည်။

''မတွေ့ရတာ ကြာလို့လားမသိဘူး၊ ပက်ထရစ်မျက်လုံးထဲမှာ မဒီက သိပ်လှနေတယ်၊ ကြည့်လို့မဝနိုင်အောင်ကိုပဲဗျာ''

''ဒါကတော့ ယူ ပိုတာပါ''

''ဩော်…လိုတောင်လိုနေပါသေးတယ်ဗျာ၊ ရော့ ဒါ မဒီအတွက် ဘန်ကောက်က ဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေ''

''သင့်ခ်ယူ''

စားပွဲပေါ် တင်ပေးလာသည့် လက်ဆောင်ပစ္စည်းတွေကို ကြည့်ပြီး မယ်မဒီက ကျေးဇူးစကားဆိုလိုက်၏။

''ဘယ်လိုလဲ မဒီ၊ မဒီမှာ ကိုယ့်အတွက် အဖြေတစ်ခုခု မရသေးဘူးလား''

''မရသေးဘူး''

''မဒီကို ကိုယ် အရမ်းချစ်တယ်''

Scanned by CamScanner

"မဒီကတော့ ပက်ထရစ်ကို မချစ်ဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

"မဒီ့အသည်းမှာတာ သိပြီးသားပါဗျာ၊ မဒီဘက်က တုံ့ပြန်လာမယ့် အချိန်ကိုပဲ စိတ်ရှည်ရှည်ထားပြီး စောင့်နေမယ့် ပက်ထရစ်ပါ"

ရွှန်းလဲ့သည့် ပက်ထရစ် မျက်လုံးတွေက အရောင်တောက်နေသလို နွေးထွေးလှိုက်လှဲသည့် အပြုံးတွေကလည်း သူ့ရင်ထဲက ချစ်ခြင်းမေတ္တာကို ဖော်ပြမှန်း သိပေမယ့် မယ်မဒီ ရင်မခုန်မိပါ။ လူချောတစ်ယောက်အဖြစ် ပက်ထရစ်ကို အသိအမှတ်ပြုပေမယ့် ချစ်သူတစ်ယောက်လိုတော့ မခံစားမိ။ သူငယ်ချင်းတစ်ယောက်၊ မိတ်ဆွေတစ်ယောက်ထက် မပိုသော သံယောဇဉ်ဖြင့်သာ ပက်ထရစ်ကို ခင်မင်သည်။

ဒါထက် ဘာတစ်ခုမှ မပို။

ဝို၍လည်းမရ။

ပက်ထရစ်ကို မယ်မဒီ မချစ်။

အချစ်ဆိုသည့်အရာက ဆန်းသည်။





ဦးနှောက်က လက်ခံနိုင်ပေမယ့် နှလုံးသားက လက်ခံလို့ မရနိုင်သည့်အရာ။

အချစ်ဆိုတာ အချောအလှနှင့် သက်ဆိုင်သည်ဆိုလျှင် အခု မယ်မဒီရှေ့မှာ ရှိနေသော ပက်ထရစ်ဆိုတာလည်း လူချော တစ်ယောက်ပါ။ ပြီးတော့ ပက်ထရစ်မှာ မျိုးရိုးအဆင့်အတန်း မိဘအသိုင်းအဝိုင်း ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသောသူ။

အချစ်ဆိုသောအရာက ဘာတွေနှင့် တိုင်းတာရသည်လဲ။

ဒါကိုတော့ မယ်မဒီ အခုအချိန်ထိ မသိသေးတာသေချာ သည်။

"မဒီ"

"ဟင်"

"ဘာတွေ တွေးနေတာလဲဗျာ၊ ကိုယ်ပြောတာရော ကြားရဲ့ လား"

"ဆောရီး…ပက်ထရစ်၊ မဒီ အတွေးလွန်သွားတယ်၊ ဘာပြောတာလဲ"

"ကိုယ် ထမင်းစားဖိတ်တာ လက်ခံပါလားလို့"

ပိုးမိုးစာပေ

"ထပ်ပြီး ဆောရီးလို့ပြောရမှာပဲ ပက်ထရစ်ရယ်၊ မဒီ အလုပ်ကိစ္စလေးတစ်ခု ချိန်းထားလို့ သွားရဦးမယ်"

"ကိုယ် လိုက်ပို့ပေးမယ်လေ"

"နေခဲ့ပါ၊ မဒီ့အတွက် အဖော်မလိုပါဘူး"

"ဒါပေမဲ့"

"မဒီ သွားပြီ"

"မဒီ"

ပက်ထရစ် လှမ်းခေါ်သော်လည်း မယ်မဒီ လှည့်မကြည့်တော့ပါ။ ကျောခိုင်းအနေအထားနှင့် လက်ကလေးတစ်ဖက် မြှောက်ပြပြီး သူမစတိုင်လ်အတိုင်း လွတ်လပ်ပေါ့ပါးစွာ ထွက်သွားပြီမို့ ပက်ထရစ် သက်ပြင်းချရုံသာ တတ်နိုင်သည်။

မယ်မဒီဆိုတဲ့ မိန်းမလှလေးရယ်။

ပက်ထရစ်က မယ်မဒီကို အခုမှ ချစ်ရခြင်းမဟုတ်ပါ။ စင်ကာပူမှာ ကျောင်းတက်စဉ် ကာလကတည်းက မယ်မဒီနှင့်ဆုံပြီး စတင်ချစ်ခဲ့ရခြင်းဖြစ်သည်။

သို့ပါသော်လည်း မယ်မဒီက ပက်ထရစ်အချစ်ကို လုံးဝ



ဂရုမစိုက်။

အလေးအနက်လည်း မရှိ။

ပက်ထရစ်ကို သူမ အပျင်းပြေ ဆော့ကစားစရာ အရုပ်လောက်ပဲ သဘောထားသည်။ အခုလည်း စကားပြောရင်းတန်းလန်း သူ့ကိုထားခဲ့ပြီး ထွက်သွားသည်။

မယ်မဒီရယ် ကိုယ့်အပေါ်မှာ ဘယ်လိုပဲ သဘောထားထား ကိုယ်ကတော့ မယ်မဒီအချစ်ကို အမြဲမျှော်လင့်နေမယ့်သူပါဗျာ။

ပက်ထရစ်တစ်ယောက်၊ မယ်မဒီ၏ ကုမ္ပဏီရုံးခန်းထဲမှာ ငူငူကြီး ကျန်ခဲ့သည့်အချိန် မယ်မဒီ၏ ကားလေးကတော့ လမ်းမပေါ်မှာ တရိပ်ရိပ်ပြေးလွှားလျက်။

မယ်မဒီ၏ တရိပ်ရိပ်ပြေးလျက်ရှိသော ကားလေး၏နောက်မှ ထပ်ကြပ်မကွာ ကားတစ်စီး လိုက်လာခြင်းအဖြစ်ကို မယ်မဒီ မရိပ်မိလိုက်။

မယ်မဒီမှာ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့် ပတ်သက်ပြီး စီစဉ်ရမည့်ကိစ္စများကို တွေးရင်း ကားကို ပုံမှန်ဂရုတစိုက် မောင်းနှင်

Scanned by CamScanner

လာသည်။

"တီ…တီ"

နောက်ကားက ဟွန်းသံဆူဆူညံညံနှင့် မယ်မဒီ၏ ကားဖြူဖြူလေးကို ဖွတ်အတင်း ကျော်ဖြတ်ဖို့ ကြိုးစားသည့်အတွက် မယ်မဒီက သူမကားလေးကို လမ်းဘေးသို့ အသာဆွဲကပ်ပေးလိုက်သည်။

"တီ…တီ"

"ဝေါ"

"ကျီး"

သူမကားလေးကို ကျော်တက်လာသော နောက်ကားက ထင်မှတ်မထားဘဲ သူမကားလေးရှေ့ ခပ်လှမ်းလှမ်းတွင် ရပ်တန့်သွားသဖြင့် မယ်မဒီမှာ သူမကားလေးကို အချိန်မီ ဘရိတ်အုပ်လိုက်ရသည်။

ဒေါသလေးတွေ ထွက်ဖို့ ဟန်ပြင်နေတုန်း တစ်ဖက်ကားပေါ်က ကားတံခါးဖွင့်ပြီး ဆင်းလာသည့်လူကို တွေ့လိုက်ရသည်။

"ရဲခေါင်"

"ဟုတ်ပါတယ် မဒီ၊ ရဲခေါင်ပါ၊ ကူမှကီရှေ့ရောက်တော့





မဒီ့ကားလေး ထွက်သွားတာ တွေ့တာနဲ့ မဒီကိုတွေ့ချင်လို့ ကိုယ် ဒီလိုလုပ်မိရတာပါ"

"ရဲခေါင်ရယ်…ဘာကိစ္စအတွက် ဒီလောက် အလျင်လိုနေလို့ ဒီလိုလုပ်ရတာလဲ၊ မတော်လို့ မဒီသာ အချိန်မီဘရိတ် မအုပ်မိရင် ဝင်တိုက်ကုန်တော့မယ်"

"ဒီအတွက် မစိုးရိမ်ပါဘူး မဒီရာ၊ မဒီ ဒီလောက် ကားမောင်းကျွမ်းကျင်တာ ကိုယ် သိနေတာပဲ"

"ကဲ ပြော ရဲခေါင်၊ ဘာကိစ္စတွေ အရေးကြီးနေတာလဲ"

"ကိုယ်ပြောရင် မဒီ ရယ်မလားမသိဘူး၊ မဒီ့အတွက် အရေးမကြီးပေမယ့် ကိုယ့်အတွက် အရေးကြီးနေတဲ့ကိစ္စပါ"

"ဘာလဲ"

"မဒီ့ဆီက ကိုယ်တောင်းထားတဲ့အဖြေ သိချင်လို့"

"အမလေး ရဲခေါင်ရယ်၊ ဘာများလဲလို့၊ ဘာကိစ္စ ဒီလောက် အလောတကြီး သိချင်နေရတာလဲ"

"ကိုယ့်ဒက်ဒီက သူသဘောတူတဲ့ မိန်းကလေးနဲ့ ကိုယ့်ကို လက်ထပ်ပေးတော့မယ်"

''ယူလိုက်ပေါ့''

''မယူချင်လို့ မဒီရှေ့ကိုရောက်နေတာပေါ့၊ ကဲ ပြော ကိုယ့်ကို မဒီချစ်မှာလား၊ မချစ်ဘူးလား''

ရဲခေါင်၏ ခပ်တည်တည် မျက်နှာထားနှင့် မယ်မဒီကို ပြောနေသောပုံစံကို ကြည့်ပြီး သူမ ပြုံးလိုက်မိသည်။

''မဒီ…ရဲခေါင်ကို မချစ်ဘူး ရဲခေါင်၊ ဒီတော့ အိမ်ကပေး စားတဲ့သူနဲ့ပဲ ယူလိုက်ပါ''

''ရက်စက်တယ် မဒီရယ်''

''မဒီ မရက်စက်ပါဘူး၊ ရဲခေါင်ကိုမှ မဒီ ချစ်လို့မရတာ''

''ကဲ…မဒီသွားမယ် ရဲခေါင်''

ကားဘေးတွင်ရပ်ပြီး မယ်မဒီ၏ လှပလွန်းသော မျက်နှာ လေးကို ရဲခေါင်တစ်ယောက် တွေတွေကြီး ငေးကြည့်နေမိသည်။

''ရဲခေါင် လက်ထပ်ပွဲကျရင် မဒီကိုဖိတ်ဖို့ မမေ့နဲ့နော်''

ထိုစကားကို မယ်မဒီက ကားလေးပေါ်မှ ပြောပြီး နေရာမှ ထွက်ခွာ မောင်းထွက်သွားလေသည်။

□ □ □

# အခန်း (၃)

''ဟဲလို…ကိုမင်းလား''

''ဟုတ်တယ် ပ၊ ပ ဘယ်ရောက်နေလဲ''

''ပ သူငယ်ချင်း မယ်မဒီနဲ့ လိုက်ခဲ့တာ၊ ကုမ္ပဏီခွဲ အတွက် မြေနေရာသစ်ကို လိုက်ကြည့်နေတယ်၊ အခု လှိုင်သာယာ စက်မှုဇုန်ဘက်မှာ''

''ဟုတ်လား ပ သူငယ်ချင်း မယ်မဒီက အရမ်း Active ဖြစ်တာပဲနော်၊ ဒါကြောင့်လည်း ပတို့ကုမ္ပဏီကို အချိန်တို အတွင်းမှာ အရမ်းအောင်မြင်လာတာ ဖြစ်နိုင်တယ်''

''ဒါပေါ့ ကိုမင်းရယ်၊ ယနဲ့ မယ်မဒီက စင်ကာပူမှာ ကျောင်းတက်တုန်းကတည်းက သူငယ်ချင်းတစ်ယောက်ထက်ပိုပြီး

ညီအစ်မတစ်ယောက်လို အရမ်းရင်းနှီးခဲ့တာ၊ အခု မယ်မဒီ မြန်မာပြည်ကို မိသားစုလိုက်ပြန်လာပြီး ဒီမှာပဲ စီးပွားရေးလုပ်ငန်းတွေ အခြေချတူထောင်တော့ ပကို မရအရဆက်သွယ်ပြီး မယ်မဒီကုမ္ပဏီမှာ ဒုတိယအကြီးဆုံးနေရာ ပေးထားခဲ့တာပဲ"

"ဝမ်းသာပါတယ် ပ၊ ကုမ္ပဏီမှာ ပက ဒုတိယအကြီးဆုံးနေရာရလို့လေ"

"ဘာလဲ ကိုမင်း၊ အဲဒီစကားက ပကို လှောင်တာပေါ့လေ"

"မလှောင်ပါဘူး ပရယ်၊ ကိုယ့်ချစ်သူတစ်ယောက်လုံးကို ကိုမင်းက ဘာကြောင့် လှောင်ရမှာလဲကွာ၊ ပနဲ့ ထိုက်တန်တဲ့နေရာ ရတဲ့အတွက် ပကို ကိုမင်း တကယ်ချီးကျူးနေတာပါ"

"အင်း...အလျှောက်ကောင်းလို့ အထောင်းသက်သာတယ်လို့ မှတ်လိုက်၊ နို့မို့ဆို မလွယ်ဘူး"

မင်းသိန်းနှင့် မိုးပပမှာ အိမ်နီးချင်းသူငယ်ချင်းများအဖြစ် ငယ်ငယ်ကတည်းက ခြံချင်းကပ် အတူနေခဲ့သူများ။ အရွယ်ရောက်ပြီး ချစ်သူမဖြစ်ခင်ကတည်းက တစ်ယောက်နှင့်တစ်ယောက်

SSl



ပြောမနာဆိုမနာတွေ။ မင်းသိန်း ဆေးတက္ကသိုလ်တက်နေစဉ်ကာလမှာပင် မိုးပပက သူမအဒေါ်များရှိရာ စင်ကာပူမှာ ကျောင်းသွားတက်ခဲ့သည်။

ငယ်သူငယ်ချင်းဘဝကနေ ချစ်သူတွေဖြစ်လာကြသည်ဆိုတော့ အခုအချိန်အထိ တစ်ယောက်ကိုတစ်ယောက် ဟန်မဆောင်စတမ်း ပွင့်လင်းသော ဆက်ဆံရေးတွေဖြင့်။

သို့ပေမယ့်လည်း အချစ်ဆိုသောအရာကို သူတို့နှစ်ဦးလုံးတန်ဖိုးထားကြသည်။ အချစ်သည် ဘာအရောင်အသွေးမှ မစွန်းထင်းသော အရာတစ်ခုဟု နှစ်ဦးစလုံး မှတ်ယူထားကြသည့်အတွက် သူတို့နှစ်ဦးအချစ်က အဖြူရောင်သက်သက်။

"စီးပွားရေးလောကမှာ ပ သူငယ်ချင်း မယ်မဒီက နာမည်ကျော်ကြား လူသိများသလို ယောကျ်ားလေးတွေလောကမှာလည်း မယ်မဒီက popular အရမ်းဖြစ်နေတာပဲ"

"ပ သူငယ်ချင်းလို သိပ်လှပြီး သိပ်ချမ်းသာတဲ့ မိန်းကလေးမျိုးအနားမှာ ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတာ ဘာမှဆန်းတဲ့အရာမှ မဟုတ်တာပဲ ကိုမင်း"

Scanned by CamScanner

"ဒါပေမဲ့လည်း မယ်မဒီက မိန်းကလေးမို့လား၊ ယောကျ်ားလေးတွေနဲ့ သိပ်ပြီးရောနှောလွန်းတာတော့ မကောင်းဘူးပေါ့"

"ဒီကိစ္စအတွက် ပလည်း မယ်မဒီ နားလည်အောင်ပြောတော့ပြောပါတယ်၊ ဒါပေမဲ့ မဒီက ခေါင်းမာတတ်သလိုတစ်ခါတလေ တဇွတ်ထိုးဆန်ချင်တယ်၊ သူမှန်တယ်ထင်ရင် ဘာကိုပဲဖြစ်ဖြစ် လုပ်ဖို့ ဝန်လေးတဲ့သူမဟုတ်ဘူး၊ အခု ယောကျ်ားလေးတွေနဲ့ ထည်လဲတွဲနေပေမယ့် သူ့ရင်ထဲမှာ တကယ်တော့ အချစ်ဆိုတာမရှိဘူး၊ ဘယ်လိုပြောမလဲ နိုင်ငံရပ်ခြားမှာ အနေကြာလာခဲ့တော့ ဒီကိစ္စတွေက မဒီ့အတွက် သမားရိုးကျကိစ္စတစ်ခုလို ဖြစ်နေတာပေါ့"

"နိုင်ငံရပ်ခြားမှာ အကြောင်းမဟုတ်ပေမယ့် ကိုမင်းတို့မြန်မာပြည်မှာကျတော့ တစ်မျိုးဖြစ်နေတာပေါ့"

"ဟုတ်ပါတယ်၊ ပလည်း အဲဒါကို စဉ်းစားမိပါတယ်၊ ဒါကြောင့် ပသူငယ်ချင်း မဒီကို သူ တကယ်ချစ်နိုင်မယ့် ယောကျ်ားကောင်းတစ်ယောက်လောက် တွေ့စေချင်တယ်"



"ဒါဆိုရင်တော့ ကိုမင်းသူငယ်ချင်း နေဥန်းနဲ့ ပသူငယ်ချင်းက တကယ်လိုက်တယ်"

"ကိုမင်းသူငယ်ချင်း ဟုတ်လား"

"ဟုတ်တယ်၊ ပက နေဥန်းကို သိတယ်မဟုတ်လား"

"ကိုမင်းသူငယ်ချင်းနဲ့ ပ တစ်ခါမှတော့ မဆုံဖြစ်သေးဘူး၊ ဒါပေမဲ့ ကိုမင်းသူငယ်ချင်းက မိန်းကလေးတွေရဲ့ အသည်းစားဘုရင်လို့ ပတို့အသိုင်းအဝိုင်းထဲ ရောက်တဲ့အထိ နာမည်ကြီးနေတဲ့ နေဥန်းဆိုတဲ့ ယောကျ်ားအကြောင်းကို ကြားဖူးနေလို့ပါ"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး ပရယ်၊ နာမည်ကြီးနေတာက"

"တော်ပါ…ဒီလောက်မြှာပွေတဲ့လူကို"

"အဲဒါကလည်း အကြောင်းကြောင်းကြောင့်လည်း ပါပါတယ်ကွာ"

"ပြောပါဦး၊ နေဥန်းဆိုတဲ့ ကိုမင်းသူငယ်ချင်းဘက်က ဘာတွေ ရှေ့နေလိုက်ချင်သေးလို့လဲ"

"နေဥန်းက ချစ်သူရည်းစားများတာမှန်တယ်၊ ဒါပေမယ့်

သူ့ကြောင့် ဘယ်သူ့ကိုမှ မထိခိုက်မနစ်နာစေရဘူး''

''ဒါပေမဲ့ မိန်းကလေးတွေကို တကယ်မချစ်ဘဲ ချစ်တမ်းကစားပြီး အသည်းလိုက်ခွဲနေတာကရော ပကတော့ ဒီလိုစိတ်ဓာတ်ကို လုံးဝရွံ့ချတယ်''

''အဲဒီလိုလည်း ပြောလို့မရဘူး ပရဲ၊ မိန်းကလေးတွေကိုက နေဒွန်းဆို သည်းသည်းလှုပ်ဖြစ်နေကြတာလည်း ထည့်ပြောဦးလေ''

''ဒါနဲ့ပဲ ကိုမင်းကလည်း ကိုနေဒွန်းရဲ့ လုပ်ရပ်တွေကို အားပေးအားမြှောက် လုပ်နေတယ်ပေါ့''

''မလုပ်ရပါဘူး ပရယ်၊ နေဒွန်း လုပ်ရပ်တွေအတွက်တောင် ကိုယ်ဘယ်လိုတားမြစ်ရမလဲ စဉ်းစားနေတာ၊ ဒါကြောင့် ပရဲ့သူငယ်ချင်း မယ်မဒီနဲ့ ကိုမင်းသူငယ်ချင်း နေဒွန်းက ရုပ်ရည်၊ ဉစ္စာ၊ ပညာ ပြည့်စုံလွန်းတာချင်း တူနေသလို နှစ်ယောက်လုံးရဲ့ ပုံစံတွေကလည်း ခပ်ဆင်ဆင်မို့ သူတို့နှစ်ယောက် လိုက်တယ်လို့ ပြောတာပါ''

အမှန်ပင် မင်းသိန်းသည် နေဒွန်းနှင့် မယ်မဒီကို စိတ်ကူးထဲမှာပဲ လက်ထပ်ပေးချင်မိသည်။ ဘာကြောင့်လဲဆိုလျှင် သူတို့နှစ်ဦး၏ စရိုက်တွေက အစစအရာရာ တူညီနေခြင်းကြောင့်ပင် ဖြစ်ပါသည်။



''အင်း...ကိုမင်းကူးတဲ့ စိတ်ကူးက ဆိုးတော့မဆိုးဘူး၊ သူတို့နှစ်ယောက် တကယ်ချစ်သွားရင်တော့ ကောင်းတာပေါ့လေ''

''ဒါကတော့ ပနဲ့ကိုမင်းရဲ့ အတွေးစိတ်ကူးယဉ်သက်သက်တွေပါ၊ အချစ်ဆိုတဲ့အရာက ဖန်တီးချင်တိုင်း ဖန်တီးယူလို့ရနိုင်တဲ့ အရာတစ်ခုမှမဟုတ်တာ၊ လူနှစ်ယောက် ဖူးစာဆုံဖို့ဆိုတာ ကံတရားလည်းပါသေးတယ်မို့လား''

''အင်း...ကိုမင်း ပြောတာလည်း မှန်တာပါပဲ၊ လောကဆိုတာ ဖြစ်ချင်တိုင်း ဖြစ်ကြရတာမှ မဟုတ်ဘဲ၊ မထင်မှတ်ထားတာတွေ ဖြစ်တတ်သလို ထင်မှတ်ထားတာတွေလည်း ပျက်ကြရတယ်၊ လူ့လောကရဲ့ သဘာဝပဲ''

''အဲဒီ ဖြစ်တတ်ပျက်တတ်တာတွေထဲမှာ ကိုမင်းတို့နှစ်ယောက်ရဲ့ အချစ်တော့ မပါဘူးမဟုတ်လား ပ''

''အဲဒါကတော့ ကိုမင်းအပေါ်မှာ မူတည်တာပဲလေ၊

ကိုမင်းသာ ကိုမင်းသူငယ်ချင်းလို လုပ်ခဲ့ရင်တော့ ပက လုံးဝ ဆောရီးပဲ''

''နေဥ္ဆန်းက လှဆိုးမဟုတ်ပါဘူး၊ ပြီးတော့ ကိုမင်းအနား မှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေလည်းမရှိဘူး''

''ဩော်...ဒါဆို ကိုမင်းက ကိုနေဥ္ဆန်းလိုသာ ဝိုင်းဝိုင်း လည်နေရင် ရှုပ်ချင်တဲ့သဘောပေါ့လေ ဟုတ်လား''

''ကိုမင်းအကြောင်းကို ပလည်း သိလျက်နဲ့၊ ကိုမင်း မိန်းကလေးကိစ္စနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ မရှုပ်ခဲ့တာ ပ အမြင်ပဲမဟုတ်လား''

''တော်ပါ...အခုမှ၊ ကဲ ပ ဖုန်းချလိုက်တော့မယ်နော်၊ နောက်ကျမှ ဆုံကြတာပေါ့''

ပိုးပပနှင့် ဖုန်းပြောပြီးနောက် မင်းသိန်းမှာ သူငယ်ချင်းဖြစ် သူ နေဥ္ဆန်း၏ မျက်နှာချောချောကို အတွေးထဲက မြင်ယောင်မိသည်။

□ □ □

## အခန်း (၄)

ဒီနေ့ ကုမ္ပဏီအလုပ်နားရက်မို့ မယ်မဒီတစ်ယောက် အိပ်ရာ မှ ခါတိုင်းနေ့တွေထက် နောက်ကျမှ ထဖြစ်သည်။ ရေချိုးခန်းထဲ ဝင်ကာ ရေကို တဝကြီးချိုးပစ်လိုက်ပြီးနောက် သန့်ရှင်းသပ်ရပ် တောက်ပြောင်၍ အဖိုးတန်အကောင်းစား ပစ္စည်းများဖြင့် စနစ်တကျ ရှိနေသော သူမအခန်းထဲရှိ မှန်တင်ခုံကြီးရှေ့တွင် မယ်မဒီ စိတ်ကြိုက် အလှပြင်လိုက်သည်။

နဂိုကပင် သိပ်လှပလွန်းသော မယ်မဒီမျက်နှာလေးက အခုလို သူမစိတ်ကြိုက် ခြယ်မှုန်းပြင်ဆင်လိုက်တော့ မြင်သူတကာ တို့ နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်ရလောက်အောင် ဆွဲဆောင်ညှို့ ယူနိုင်သွားရပါသည်။

Scanned by CamScanner

မယ်မဒီမှာ မျက်နှာလေးပင် သိပ်လှပလွန်းသည်မဟုတ် အသားအရေကလည်း ဖြူစင်ဝင်းပ ကြည်လင်လှကာ ရှည်သွယ်မြင့်မားသော အရပ်နှင့်အညီ အမို့အမောက် အချိုင့်အဝှမ်းတွေက သွင်နေရာနှင့်သူ အချိုးအစားကျနစွာပြေပြစ်လွန်းလှပါသည်။ နက်မှောင်၍ ဝိုးသားတမျှ ပျော့အိနူးညံ့လျက်ရှိသော သူမ၏ ဆံပင်ရှည်ရှည်များကြောင့်လည်း မယ်မဒီ၏ အလှဂုဏ်သတင်းက သူမနှင့်ပတ်သက်သည့် အသိုင်းအဝိုင်းကြားမှာ အထူးပျံ့ သတင်းကြီးလျက်ရှိသည်။

ထိုအလှတရားနှင့် သူမ၏ ဂုဏ်ဒြပ်များကြောင့် မယ်မဒီအနားမှာ ပျားပိတုန်းတွေလို ဝိုင်းဝိုင်းလည်နေသည့် ပုံစံမျိုးနှင့် ယောက်ျားတွေက အများကြီး။ သို့ပေမယ့် မယ်မဒီက ထိုယောက်ျားအားလုံးကို သူမအတွက် အပျင်းပြေဆော့ကစားသည့် အရုပ်တွေလောက်သာ သဘောထားသည်။ ရင်ထဲမှာ ဘယ်သူ့ကိုမှ အလေးအနက်မထား။

သူမစိတ်ကြိုက် အလှပြင်ဆင်ပြီးနောက် ဆောက်ထပ်ရှိ ဧည့်ခန်းထဲသို့ မယ်မဒီ ဆင်းလာခဲ့သည်။ စိတ်ကူးထဲမှာတော့ ဒီနေ့ မိုးပပကိုခေါ်ပြီး ရှော့ပင်ထွက်ဖို့ စဉ်းစားထားသည်။

ဒီလိုပဲ မယ်မဒီက တစ်ပတ်တစ်ရက်လောက်ဆိုသလို ရှော့ပင်ထွက်နေကျ။ ဘာဝယ်မယ်ရယ်လို့ သတ်မှတ်ထားခြင်းမရှိသလို ရှော့ပင်စင်တာတွေထဲမှ အထူးအဆန်းပစ္စည်းတွေကို လျှောက်ကြည့်ရင်း သူမစိတ်ကြိုက်တွေ့သည့် ပစ္စည်းမျိုးဆိုလျှင် ကောက်ဝယ်ပစ်လိုက်သည်မျိုး။

ဧည့်ခန်းထဲရောက်တော့ ခရမ်းရောင်ပါတိတ်ဝမ်းဆက်နှင့် မာမီက လက်ဆွဲအိတ်ကို ဘေးချလျက် စိတ်ပျက်လက်ပျက် ပုံစံမျိုးလေးနှင့် ဆိုဖာဆက်တီပေါ်တွင် ထိုင်နေသည်ကို တွေ့လိုက်ရသဖြင့်...

"မာမီ...ဘယ်သွားမလို့လဲ၊ မာမို့ပုံစံကြည့်ရတာကလည်း စိတ်ပျက်လက်ပျက်ပုံစံနဲ့"

"သမီးဒက်ဒီပေါ့၊ မာမီနဲ့အတူတူ အပြင်သွားမလို့လုပ်တုန်း သူ့ကုမ္ပဏီ အရေးကြီးကိစ္စပေါ်လာလို့တဲ့ ချက်ချင်းထွက်သွားတယ်"

"အဲဒါကြောင့် မာမီက ဒက်ဒီကို စိတ်ကောက်နေတာ

SSI

ပေါ့လေ ဟုတ်လား''

''စိတ်ကောက်တာမဟုတ်ဘူးကွယ်၊ စိတ်ပျက်တာ၊ တစ်ချိန်လုံး သူ့အလုပ်ကိစ္စတွေပဲ အရေးကြီးနေတာ''

''အဟင်း…ဒီလိုပဲပေါ့ မာမီရာ၊ အခုခေတ် စီးပွားရေးလောကဆိုတာ ဒီလိုပဲ၊ အပြိုင်အဆိုင် ကုမ္ပဏီလုပ်ငန်းဆိုတော့ အချိန်နဲ့ တပြေးညီလုပ်ကြရတာပဲမဟုတ်လား''

''သမီးနဲ့အဖေကတော့ လေသံက တထေရာတည်းပဲ၊ မာမီတို့မှာရှိတဲ့ စည်းစိမ်ဥစ္စာနဲ့ စီးပွားရေးတွေကို ဒီလောက်အထိ အသည်းအသန် ရှာဖွေစရာမလိုပါဘူး၊ ပြီးတော့ ပြေးကြည့်မှ ဒီမိသားစုသုံးယောက်ပဲရှိတာယ်၊ တစ်ခါတလေ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေတဲ့အချိန်လည်း ပေးဦးမှပေါ့''

''ကဲပါ မာမီရာ၊ ဒက်ဒီကို နားလည်ပေးလိုက်တော့၊ အခု သမီးလည်း ရှော့ပင်ထွက်မယ်လို့ စိတ်ကူးထားတာ၊ မိုးပပကို မခေါ်တော့ဘဲ မာမီနဲ့သမီး အတူရှော့ပင်ထွက်ကြမယ်၊ မကောင်းဘူးလား''

''အခုမှတော့ ဒီလိုပဲလုပ်ရတော့မှာပဲပေါ့ကွယ်''





မာမီက အသက်လေးဆယ်ကျော်ရုံသာ ရှိပေမယ့် နုပျို လွန်းပါသည်။ တချို့ မသိသူများကဆိုလျှင် သူမနှင့်မာမီကို ညီအစ်မတွေလား ထင်ရလောက်အောင် မာမီက အရွယ်တင်နုပျို သူ။

မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝပြီး တစ်ဦးတည်းသော သမီးဖြစ်သော မာမီ ခေါလင်းဝါဝါက ငယ်ငယ်ကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရသူ။ ဒါကြောင့် မာမီက တစ်ခါတလေ တဖွတ်ထိုးဆန်ပြီး စိတ်နုတတ်သည်။

ဒက်ဒီက မာမ့်ကို အမြဲအလျှော့ပေးအလိုလိုက်ပေမယ့် တစ်ခါတစ်ရံတော့လည်း ဒီလိုမျိုးကိစ္စလေးတွေက ဒက်ဒီနှင့်မာမီ အကြားမှာ ဖြစ်တတ်စမြဲ။

ဒါကြောင့် မာမီ စိတ်ပျော်သွားအောင် အတူတူဈေးဝယ် ထွက်ခဲ့ခြင်းဖြစ်သည်။ ဒရိုင်ဘာမခေါ်တော့ဘဲ မယ်မဒီကိုယ်တိုင် မောင်းသော ကားလေးပေါ်တွင် မာမီတစ်ယောက် လိုက်ပါလာရင်း သူမမျက်နှာလေးကို လှမ်းကြည့်လာသည်ကြောင့်…

''မဒီကို ဘာကြည့်နေတာလဲ မာမီရဲ့''

ကားမောင်းနေရင်းမှ စင်ရော်တောင်မျက်ခုံးနှစ်ဖက်ကို ပင့်ကာ မယ်မဒီက မာမီအား မေးလိုက်သည်။

"သြော်…မာမို့သမီးက အရမ်းကိုလှနေလို့လေ"

"သားအမိချင်း မာမီကလည်း မြှောက်ပနေပြန်ပြီ၊ သမီး ဒီလိုလှတာ မာမို့ကိုတူလို့ဖြစ်မှာပေါ့"

"အဟင်း…ဟင်း ဒီစကားကတော့ မာမို့ကို သမီး ပြန်မြှောက်လိုက်တာပဲဖြစ်မယ်"

"မြှောက်တာတော့မဟုတ်ဘူး မာမီ၊ မာမီက လှလည်း လှ၊ ဒက်ဒီကလည်း ချောလို့ မယ်မဒီဆိုတဲ့ ဒက်ဒီနဲ့မာမီရဲ့သမီးက ဒီလောက်လှတာဆိုတဲ့အကြောင်း ပြောချင်လို့"

"ဟုတ်ပါပြီ…ဟုတ်ပါပြီ၊ သမီး ဒီလောက်လှနေတော့ မာမီ သမီးကို မေးစရာလေးတွေရှိတယ်"

"မေးလေ မာမီ၊ ဘာမေးမလို့လဲ"

"သမီးမှာ ချစ်သူရှိပြီလား"

"ဟင့်အင်း…မရှိဘူး"

"ဒါဖြင့် သမီးရဲ့အနားမှာရှိနေတဲ့ ယောကျ်ားလေးတွေထဲ



မှာ သမီးချစ်သူတစ်ယောက်မှ မပါသေးဘူးပေါ့"

"မပါပါဘူး မာမီရာ၊ သမီး သူတို့ကို ခင်ရုံကလွဲပြီး ချစ်လို့မရဘူး"

"မချစ်နိုင်ဘဲနဲ့ အခုလို သူတို့နဲ့ ရောရောနှောနှော ဘာလို့ နေရတာလဲကွယ်၊ ယောကျ်ားဆိုတာ မီးလိုပဲ၊ မီးကို အကိုင်မတတ် ရင် အချိန်မရွေး ကိုယ့်ကို ပြန်လောင်နိုင်တယ် သမီးရဲ့"

"သမီးမရောလည်း သူတို့က လာရောနေတာကိုး မာမီရဲ့၊ အပြတ်ပြောပေမယ့်လည်း သူတို့က မျှော်တလင့်လင့်နဲ့ တွယ်ကပ်နေ ကြတာ"

"ခက်တော့ခက်တယ် သမီး၊ ဒီပုံအတိုင်းဆိုရင် မိန်းက လေးတစ်ယောက်တဲ့ သမီးအတွက် ကြာရှည်မှာမကောင်းဘူး"

"ဘာလဲ…မာမီက သမီးကို ယောကျ်ားပေးစားချင်နေပြီ လား"

"အခုပုံအတိုင်းဆိုရင် အဲဒီလိုဖြစ်နေတာပေါ့၊ သမီးကိုယ် တိုင် ချစ်တဲ့ယောကျ်ားမျိုး မတွေ့ရင် သမီးရဲ့အိမ်ထောင်ရေးကိစ္စ ကို မာမီတို့ကပဲ စီစဉ်ပေးရတော့မှာပဲ"

"မဒီအတွက် သတို့သားလောင်းကို တွေ့နေပြီပေါ့ ဟုတ်လား မာမီ"

"တကယ်တွေ့ထားတယ်ဆိုရင်ရော သမီးက လက်ခံမှာလား"

"ရုပ်ဆိုးဆိုး လူဆိုရင်တော့ ဘာကြီးပဲဖြစ်ဖြစ် သမီးက လက်ခံမှာမဟုတ်ဘူးနော်"

မယ်မဒီ၏ ကလေးဆန်ကာ ပွင့်လင်းလွန်းသော အပြောလေးကြောင့် ဒေါ်လင်းဝါဝါတစ်ယောက် ပြုံးမိသွားရပါသည်။

"မာမီ့သမီးလို အချောအလှ ထိပ်တင်လေးကို ရုပ်ဆိုးဆိုး လူနဲ့တော့ မာမီတို့က ဘယ်သဘောတူပါ့မလဲကွယ်၊ မာမီ့သမီးလေးနဲ့ အစစအရာရာ လိုက်ဖက်ညီတဲ့ ပြည့်စုံတဲ့လူမျိုးကိုပဲ ရွေးမှာပေါ့၊ ဒါဆို သမီးက လက်ခံမှာလား"

"အင်း…ဒါတော့ မဒီလည်း အတိအကျပြောလို့တော့ မရဘူးပေါ့ မာမီ၊ မဒီရင်ခုန်နိုင်မယ့်လူမျိုးဆိုရင်တော့ မာမီတို့စီစဉ်တာကို မဒီ လက်ခံမှာပါ"

"ကြိုးစားကြည့်မယ်လေ"



မယ်မဒီတို့ကားလေးက သူမဈေးဝယ်နေကျ စင်တာကြီးသို့ ရောက်လာသဖြင့် ကားပါကင်နေရာတွင် သူမကားလေးကို ထိုးရပ်လိုက်သည်။

ထို့နောက် မာမီနှင့်အတူ စင်တာထဲဝင်ခဲ့ကြသည်။ ပစ္စည်းများကို ဘာတစ်ခုမှ မဝယ်ဖြစ်သေးဘဲ ဟိုဟိုဒီဒီ လျှောက်နေစဉ်မှာပင်…

"ဟယ်…လင်း"

"ဟယ်…ဆွေ"

စင်တာထဲတွင် မာမီအား ဝမ်းသာအားရ နှုတ်ဆက်လိုက်သည့် မာမီနှင့်ရွယ်တူ အမျိုးသမီးတစ်ယောက်။

မာမီကလည်း ခပ်လှလှ ထိုအမျိုးသမီးကို ဝမ်းသာအားရ ပြန်နှုတ်ဆက်နေသည်။

မာမီနှင့် ဆွေဆိုသော အန်တီက အတော်ကြီးခင်မင်ပုံရပြီး အခုမှ မမျှော်လင့်ဘဲ ရုတ်တရက် ပြန်တွေ့ကြရပုံမျိုး။

"နည်းနည်းလေး ဝလာတာကလွဲပြီး ဆွေ ဘာတစ်ခုမှ ပြောင်းလဲမသွားဘူးနော်"

Scanned by CamScanner

မာမီက ပမ်းသာအားရ နှုတ်ဆက်လာသည့် ဆွေဆိုသော အမျိုးသမီးကို အံပြုံးများဖြင့်ကြည့်ကာ ပြောလိုက်၏။

''လင်းလည်း ဒီအတိုင်းပါပဲကွာ၊ ဒါနဲ့ လင်း ဘယ်တုန်းက ဒီပြန်ရောက်လဲ''

''ပြန်ရောက်တာ သိပ်တော့မကြာသေးဘူး၊ ဆွေနဲ့ အရမ်းတွေ့ချင်ပေမယ့် ဘယ်လိုဆက်သွယ်ကြရမှန်းလည်း မသိဘူးလေ''

''လင်းအမျိုးသားရော နေကောင်းရဲ့လား''

''ကောင်းပါတယ် ဆွေ၊ ဆွေတို့မိသားစုရော နေကောင်းကြတယ်မဟုတ်လား၊ အခုဘယ်မှာနေလဲ''

''ကောင်းကြတယ် လင်း၊ ရော့ ဒါက ဆွေတို့ဗစ်စတင်းကဒ်၊ လင်း လိပ်စာကဒ်လည်း ပေးဦးလေ''

''ပေးမှာပေါ့ကွာ၊ အခု ရန်ကုန်တစ်မြို့တည်းမှာပဲ နေကြပြီဆိုတော့ လင်းနဲ့ဆွေ့အတွက် အရမ်းကံကောင်းတာပဲ၊ လင်းတို့အမျိုးသားတွေသိရင်လည်း အတော်ကြီးဝမ်းသာကြမှာ၊ ဩော် ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက လင်းတို့ရဲ့ တစ်ဦးတည်းသော သမီးလေး မယ်မဒီတဲ့၊ သမီး အန်တီက မာမီနဲ့ တက္ကသိုလ်မှာ





ကတည်းက ညီအစ်မလို ခင်ကြတဲ့ သူငယ်ချင်း ဒေါ်ဆွေယုနိုင်တဲ့၊ မှတ်ထားနော်''

''ဟုတ်ကဲ့ပါ အန်တီ၊ သမီး မယ်မဒီပါ''

''အို…ဒါ လင်းသမီးလေးလား၊ လှလိုက်တာ၊ အရမ်းလှတာပဲ''

ဒေါ်ဆွေယုနိုင်က မယ်မဒီ၏ လှပလွန်းသော မျက်နှာလေးကို ငေးကြည့်ရင်းက သူမ၏အလှကို ချီးမွမ်းစကားတွေ ဆိုနေ၏။

''ဆွေရော…သားသမီး ဘယ်နှယောက်ရနေပြီလဲ''

''လင်းလိုပဲ ဆွေ့မှာလည်း သားတစ်ယောက်တည်းပဲရှိတယ်၊ သမီးလေး မယ်မဒီထက်ကြီးရင် နည်းနည်းပဲထင်တယ်''

''နောက်ကျမှပဲ ဆွေတို့အိမ်ကို လင်းတို့မိသားစုကို ခေါ်ရမယ်''

''စိတ်ချ…မလာမှာတော့မပူနဲ့၊ လာဖြစ်အောင်ကိုလာမှာ၊ အဟင်း…ဟင်း''

မာမီတို့ သူငယ်ချင်းနှစ်ယောက် စကားတွေပြောမကုန်



Scanned by CamScanner

နိုင်အောင် ဖြစ်နေသည့်အတွက်..

"မာမိတို့ တစ်နေရာမှာ အေးအေးဆေးဆေး စကား ပြောပါလား၊ ဟိုရှေ့ဆိုင်မှာ အအေးသောက်ရင်း စကားပြောကြပေါ့၊ ပြီးမှ စင်တာထဲလျှောက်ကြည့်လေ"

"ဟုတ်ပါရဲ့ကွယ်၊ ဆွေတို့ စကားတွေပြောမဝတာနဲ့ပဲ သမီးလေးတောင် ဖျင်းလာပြီထင်တယ်၊ ကိစ္စလေးရှိသေးလို့ အအေး ဆိုင်မထိုင်တော့ပါဘူး သမီးရယ်၊ အခု လင်းတို့ ဝယ်စရာရှိတာ ဝယ်လေ၊ မနက်ဖြန်ကြမှပဲ ဆွေ့အိမ်ကိုလာဖို့ လင်းတို့ဆီ ကားလွှတ် ပေးလိုက်မယ်၊ အဲဒီကြမှ စကားတွေတဝကြီး ပြောကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းတယ် ဆွေ၊ ကောင်းတယ်၊ အခု ဆွေ ဘယ်သူနဲ့လာလဲ"

"အိမ်က ဒရိုင်ဘာနဲ့ပဲ လာတယ်၊ သားအဖနှစ်ယောက် ကတော့ သူတို့အလုပ်တွေနဲ့ သူတို့ ရှုပ်နေကြလို့လေ"

"ဒါဆို လင်းတို့သွားပြီနော်၊ မနက်ဖြန်ကြမှပဲ ဆွေ လွှတ် လိုက်မယ့်ကားကို စောင့်နေတော့မယ်"



"ကောင်းပြီ လင်း၊ ဆွေ ဆက်ဆက်လွှတ်လိုက်မယ်"

"မဒီ့ကိုလည်း ခွင့်ပြုပါဦး အန်တီ"

"ကောင်းပါပြီ သမီးရယ်"

မယ်မဒီကပါ အပြုံးလေးဖြင့် နှုတ်ဆက်စကားဆိုလိုက် သည်။ ဒေါ်ဆွေယုနိုင်ဆိုသော မာမိုသူငယ်ချင်းနှင့် လမ်းခွဲလိုက်ကြ ပြီးနောက် မယ်မဒီမှာ မာမိနှင့်အတူ စင်တာထဲအနှံ့ လျှောက်ကြည့် ကြရင်း စိတ်လွတ်ကိုယ်လွတ်ဖြင့် သူမတို့စိတ်ကြိုက်ပစ္စည်းများကို ဝယ်ယူကြသည်။

ရှုပ်ထွေးများပြားသော စင်တာအတွင်းရှိ လူများစွာ၏ အကြည့်များကတော့ သိပ်လှပလွန်းသည့် မယ်မဒီဆိုသော သူမထံ၌သာ။

□ □ □

Scanned by CamScanner

ssl

## အခန်း (၅)

''ဟာ…မာမီရာ၊ မသွားချင်ပါဘူး၊ သားနဲ့လည်းသိတာ မဟုတ်ဘဲနဲ့''

''သိသိ မသိသိ သွားလိုက်ပါကွယ်၊ ဟိုကျရင်သာ မာမီက လွှတ်လိုက်တာပါလို့ပြော၊ ပြီးတော့ မာမှီသားဆိုတာလည်း ပြောပေါ့''

''ဒရိုင်ဘာကိုကျော်ကို လွှတ်လိုက်လည်းရတာပဲ''

''ကိုကျော်က များနေတယ် သားရဲ့''

နေဥန်းမှာ မာမှီစကားကြောင့် မျက်ခုံးထူထူနှစ်ဖက် ကျုံ့သွားရ၏။

''ကဲပါ သားရယ် ခဏလေးပဲဟာ၊ မာမီက ဒီနေ့ကား



လွှတ်ပေးမယ်လို့ သေချာပြောထားခဲ့လို့''

''သား သွားကြို့ပေးပြီးရင် ပြန်လိုက်မပို့ဘူးနော် မာမီ၊ သား သွားစရာရှိလို့''

''ရတယ်၊ အလာကိုသာ သွားကြိုပေး ဟုတ်လား၊ ဒီလိပ်စာအတိုင်းနော်''

မာမီပေးလိုက်သည့် လိပ်စာအတိုင်း နေဥန်း ကားမောင်းကာ ထွက်လာခဲ့သည်။ လိပ်စာကတော့ ဝင်ဒါမီယာထဲမှာပင်။

သားနားခန့်ထည်လှသော ခေတ်မီဒီဇိုင်းနှင့် ဆောက်လုပ်ထားသော တိုက်ကြီးရှိရာ ခြံရှေ့တွင် နေဥန်း ကားကိုရပ်လိုက်သည်။ လိပ်စာထဲကအတိုင်းဆို ဒီခြံကြီးပင်ဖြစ်သည်။

''တီ…တီ''

ကားဟွန်းသံ ပေးလိုက်သဖြင့် ခြံစောင့်ဖြစ်ဟန်တူသော လူကြီးက ခြံတံခါးလာဖွင့်ပေးသည်။

''ဒါ…ဒေါ်လင်းဝါဝါတို့ခြံပါနော်''

''ဟုတ်ပါတယ် ငါ့တူ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ''

''ဒေါ်လင်းဝါဝါနဲ့ပါ''

Scanned by CamScanner

"သြော်…ဒါဆို အထဲမှာရှိပါတယ်၊ ဝင်ခဲ့ပါ"

မာမိပြောသော လိပ်စာအတိုင်း မှန်ကန်သွားပြီမို့ သူ့ကားကို တိုက်ကြီး၏ ဆင်ဝင်အောက်သို့ မောင်းဝင်လာခဲ့သည်။ နေဦးန်းကားပေါ်မှ ဆင်းလိုက်ပြီး ဧည့်ခန်းထဲသို့ဝင်ခဲ့တော့…

"လာ…သား ဆွေ အန်တီ့ဆီ ဖုန်းဆက်ထားတယ်၊ ဆွေရဲ့သား မောင်နေဦးန်းဆိုတာလား!"

မာမို့အရွယ် အန်တီက နေဦးန်းအား အပြုံးဖြင့်ဆီးကြိုကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် နေဦးန်းပါ၊ အန်တီက"

"အန်တီက ဒေါ်လင်းဝါဝါပါ"

"သြော်…ဟုတ်ကဲ့၊ မာမိက အန်တီ့ကို အကြိုလွှတ်လိုက်လို့ပါ"

"ထိုင်ပါဦးကွယ်၊ အအေးလေးသောက်ပါဦး၊ အန်တီ့ကို ခဏစောင့်နော်"

"ဟုတ်ကဲ့"

ဒေါ်လင်းဝါဝါဆိုသော အန်တီက ငယ်ငယ်က အတော်ကြီး ချော်မောခဲ့ပုံရပါသည်။ အခုအရွယ်အထိတောင် ချောမောခန့်ညားနေဆဲ။



ခဏနေတော့ အိမ်ဖော်ကောင်မလေးက အအေးခွက်လာချပေးသည်။ ဧည့်ခန်းအပြင်အဆင်ကို ကြည့်ခြင်းအားဖြင့် ဒေါ်လင်းဝါဝါတို့၏ ဓနအင်အားကို နေဦးန်း ခန့်မှန်းနိုင်ပါသည်။

မာမို့သဘောအတိုင်း အန်တီဒေါ်လင်းဝါဝါကို အိမ်အရောက်ပို့ပေးပြီး နေဦးန်း ပြန်ထွက်လာခဲ့သည်။

ကွဲကွာခဲ့ကြသည့် သူငယ်ချင်းတွေ မမျှော်လင့်ဘဲ ပြန်တွေ့ရသည်ဆိုတော့ စကားတွေက ပြောမကုန်။ ပြောရင်းပြောရင်းနှင့် သားရေး၊ သမီးရေးကိစ္စတွေ ရောက်ကုန်သည်။

"သားက မကြာခင် ဒေါက်တာဖြစ်တော့မယ်၊ ဒီတော့ ဆွေ့အနေနဲ့ ငယ်သူငယ်ချင်းတွေ အခုမှ ပြန်တွေ့ရတာဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်"

"ပြောပေါ့ ဆွေရဲ့၊ ငယ်သူငယ်ချင်းတွေပဲကိုး၊ ဘာမှ အားနာစရာမလိုဘူး"

"ဒါဆို…လင်းရဲ့သမီးလေးနဲ့ သားကို လက်ထပ်ပေး

[redacted]

ချင်တယ်၊ လင်းမှာလည်း တစ်ဦးတည်းသောသမီး၊ ဆွေ့မှာလည်း တစ်ဦးတည်းသောသားဆိုတော့ အားလုံးအိုကေပဲ''

''အကောင်းဆုံးအစီအစဉ်ပေါ့ ဆွေရယ်၊ ဒါပေမဲ့ ဒီကိစ္စက လင်းတို့မိဘတွေရဲ့ ဆန္ဒတစ်ခုတည်းနဲ့တော့ လုပ်လို့မကောင်းဘူးထင်တယ်၊ လူငယ်ချင်းရင်းနှီးအောင် လုပ်ပြီးမှဆို ပိုပြီးတော့ အဆင်ပြေမယ်ထင်တယ်''

''အိုကွာ…လင်းကလည်း ဆွေနဲ့လင်းလည်း လူကြီးမိဘတွေ စီစဉ်တဲ့အတိုင်း လက်ခံခဲ့ပြီး နောက်ကျတော့လည်း ကိုယ့်ယောကျ်ားမှ ကိုယ့်ယောကျ်ား ဖြစ်သွားကြတာပဲ၊ ဒီလို မိဘစကားနားထောင်ခဲ့ကြလို့လည်း ဘာကိုမှ မတောင့်မတ မကြောင့်မကြဘဲ နေခဲ့ကြရတာ မဟုတ်လား''

''ဒါတော့ဒါပေါ့ ဆွေရယ်၊ ဒါပေမယ့် အခုခေတ်လူငယ်တွေက ကိုယ်တို့ခေတ်တုန်းကလို အတွေးအမြင်မျိုးနဲ့ လက်ခံကြပါ့မလား''

''လက်မခံလည်း လက်ခံအောင် ဆွေနဲ့လင်းက ကြိုးစားကြရမှာပေါ့''



''အင်း…ဒါဆိုလည်း လင်းတို့ စီစဉ်ကြည့်ကြတာပေါ့''

ဒေါ်ဆွေယုနိုင်နှင့် ဒေါ်လင်းဝါဝါတို့က တက္ကသိုလ်မှာကတည်းက ညီအစ်မလို ခင်ခဲ့ကြသည့် သူငယ်ချင်းတွေ။ မိဘတွေစီစဉ်ပေးသည့် အိမ်ထောင်ရေးကို လက်ခံခဲ့ကြပြီးနောက် မိဘတွေစိတ်ချမ်းသာသလို သူတို့တတွေလည်း အိမ်ထောင်ရေး ကံကောင်းခဲ့ကြသည်။

နှစ်ယောက်လုံးက ချမ်းသာသည့် မျိုးရိုးတွေဖြစ်သည်။ သူမတို့လက်ထပ်ခဲ့ကြသည့် ယောကျ်ားများကလည်း မျိုးရိုးစဉ်ဆက်ချမ်းသာကြသူများဖြစ်သဖြင့် အများက ပြောစမှတ်ပြုရအောင်ပင် အိမ်ထောင်ရေး ကံကောင်းခဲ့ကြသူများဖြစ်သည်။

လက်ထပ်ပြီးနောက် သူမတို့နှစ်ဦး ကိုယ့်ခင်ပွန်းများနောက်လိုက်ခဲ့ကြရင်း အချိန်ကာလ အတော်ကြီးကြာအောင် ကွဲကွာသွားခဲ့ကြသည်။ ဒေါ်လင်းဝါဝါခင်ပွန်းက စင်ကာပူမှာ လုပ်ငန်းတွေရှိသည်မို့ သူမပါ ခင်ပွန်းသည်နောက်သို့ လိုက်ပါသွားခဲ့ရာမှ သူတို့နှစ်ဦး အဆက်အသွယ်ပြတ်သွားခဲ့ရခြင်းဖြစ်သည်။

အခုတော့ မမျှော်လင့်ဘဲ ရန်ကုန်တွင် ပြန်ဆုံမိကြပြီးနောက်

Scanned by CamScanner

ငယ်သူငယ်ချင်းများပီပီ ပွင့်ပွင့်လင်းလင်းဖြင့် သားရေးသမီးရေးကိစ္စ တိုင်ပင်နေကြခြင်းပင်ဖြစ်သည်။

"အခု…လင်းရဲ့သမီးလေးက နိုင်ငံခြားမှာပဲ ဘွဲ့ယူလာပြီး ဒီမှာ ကုမ္ပဏီလုပ်ငန်းတွေ ဦးစီးလုပ်ကိုင်နေတယ်ဆို"

"ဟုတ်တယ် ဆွေ၊ သမီးလေးက ဉာဏ်ရည်ထက်မြက်သလောက် မဟုတ်မခံ ဆတ်ဆတ်ကြဲလေးကွ၊ သမီးလေးရဲ့ဒဏ်ကို ဆွေ့သား ခံနိုင်ဖို့တော့လိုတယ်နော်"

"အမလေး…လင်းရယ်၊ မုန့်ဆီကြော်နဲ့ နှုတ်ခမ်းနာ တည့်ပါ့မလားဆိုပြီး တွေးနေပြန်ပြီ၊ နောက်တော့မှ အတည့်လွန်လို့ ဆွေတို့နှစ်ယောက် မြေးကို အပြိုင်လုပြီး ချီနေရပါဦးမယ်၊ အဟင်းဟင်း"

"အဲဒီလိုဖြစ်ရင်တော့ သိပ်ကောင်းတာပေါ့ ဆွေရာ၊ ဒါပေမဲ့ လင်းကတော့ အခုခေတ်ကလေးတွေရဲ့ အိမ်ထောင်ရေးကိစ္စကို သိပ်ပြီးတော့ လျှောမတွက်ရဲဘူး"

"ဘာဖြစ်လို့"

"သူတို့ စိတ်ခံစားချက်နဲ့ သူတို့လုပ်တာကိုပဲ အကောင်း



ဆုံးလို့ ထင်တတ်ကြလွန်းလို့"

"ဒါဆိုလည်း သူတို့စိတ်ခံစားချက်နဲ့ မိဘတွေ စီစဉ်တာ တစ်ထပ်တည်းဖြစ်သွားအောင်လို့ သူတို့နှစ်ယောက်ကို ဆွေတို့ တွေ့ပေးကြရအောင်"

ဒေါ်ဆွေယုနိုင်မှာလည်း ပြောမယ့်သာ ပြောရသည် သားဖြစ်သူ နေဒွန်းကိုပဲကြည့်၊ ဆရာဝန်လောင်းဆိုသော ဂုဏ်ပုဒ်၊ မျိုးရိုးစဉ်ဆက် ချမ်းသာသည့် တစ်ဦးတည်းသောသားဖြစ်သည့်အပြင် ယောကျ်ားပီသစွာ ချောမောခန့်ညားသည့် ရုပ်ရည်တို့ကြောင့် သားအနားမှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်။

ချစ်သူလားဆိုတော့လည်း မဟုတ်ပါ။ ရည်းစားတဲ့။

ဒေါ်ဆွေယုနိုင်ပင် တစ်ခါတလေ ဘယ်လိုထင်ရမှန်းမသိ။ ထို့အတူ ဒေါ်လင်းဝါဝါမှာလဲ။

□ □ □

Scanned by CamScanner

"တော်ပြီဟာ၊ ပစ္စည်းတွေလည်းစုံပြီ၊ ဈေးပတ်ရတာ
လည်း ပျင်းလာပြီ၊ ပြန်ကြရအောင်"

"ဘယ်ပြန်မလဲ၊ ကုမ္ပဏီကိုပဲလား"

"ဟင့်အင်း...ဒီနေ့ ကုမ္ပဏီမသွားတော့ဘူး၊ အလုပ်ကိစ္
တွေအတွက်လည်း စီစဉ်ပြီးပြီ၊ တစ်ခုခုသွားစားပြီး အိမ်ပဲပြန်မယ်"

"အိုကေ...ဒီအစီအစဉ်ကောင်းတယ်"

မိုးပပက မယ်မဒီရဲ့ ပစ္စည်းအိတ်ကို လက်တစ်ဖက်က
ကူဆွဲပေးရင်းက ထောက်ခံသည်။

ဗိုလ်ချုပ်ဈေးထဲက ပြန်ထွက်လာတော့ ယောကျ်ားသား
အားလုံး၏ အကြည့်များက မယ်မဒီဆီမှာ။

ထိုအကြည့်အားလုံးကို မယ်မဒီက လျစ်လျူရှုကာ မိုးပ



နှင့်အတူ သူမ၏ ဖြူဖွေးနုရွနေသော နောက်ဆုံးပေါ် မော်ဒယ်လ်
ကားသစ်လှလှလေးပေါ် တက်ထိုင်လိုက်ပြီး ကားလေးကို ဝေါခနဲ
မောင်းထွက်လာခဲ့သည်။

မယ်မဒီဆိုတာက ဝတ်သည့်ဝတ်စုံနှင့် ကားကို အရောင်
တူ ထည်လဲစီးနိုင်သည့် မိန်းကလေး။

ထို့အတူ သူမအနားမှာ ဝိုင်းဝိုင်းလည်နေသည့် ဂုဏ်ဒြပ်
မျိုးစုံ၊ ပုံစံမျိုးစုံနှင့် ယောကျ်ားသားတွေဆိုတာ ရေတွက်လို့ပင်မကုန်။

ဟိုတစ်ယောက်၊ ဟိုတစ်ယောက် မယ်မဒီအပါးမှာ
သူမ သေဆိုသေ၊ ရှင်ဆိုလျှင် ရှင်မည့်သူတွေက အများသား။

အားလုံးက မယ်မဒီဆိုသော အလှနတ်ဖုရားမလေး၏
အချစ်ကိုမှ မရရင် သေတော့မတတ် ကဲပြ၊ သည်းပြသူတွေချည်း
ဖြစ်ပြီး မယ်မဒီ၏ မျက်နှာသာမခံဝံ့တဲ့သူတွေချည်း ဖြစ်နေကြခြင်း
ကလည်း သူမအတွက် စိတ်ပျက်ညည်းငွေ့စရာ။

ဒါကြောင့် ကြာလာတော့ မယ်မဒီ ဘယ်ယောကျ်ားကိုမှ
အထင်မကြီးတတ်တော့။

သို့ပေမယ့် ကံတရားဆိုတာက ဆန်းသည်။ ယောကျ်ား

Scanned by CamScanner

တွေကို အထင်မကြီးတတ်ဘဲ အမြဲလို အပေါ်စီးက ဆက်ဆံတတ်ခဲ့သည့် မယ်မဒီလို မိန်းကလေးမျိုးအတွက် သူမ တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဖူးခြင်းမရှိသော၊ သူမအနေနှင့်လည်း ထိုယောကျ်ားအပေါ် လုံးဝစိတ်ဝင်စားခြင်းမရှိခဲ့သော ယောကျ်ားတစ်ယောက်၏ စကားကြောင့် သူမစိတ်တွေ ပြောင်းလဲခဲ့ရသည်။

မယ်မဒီလို မိန်းကလေးက သူမနှင့်မပတ်သက်သော ကိစ္စတစ်ခုကို လုံးဝစိတ်ဝင်စားခြင်းမရှိတတ်သလို သူမနှင့်ပတ်သက်ပြီး ထိပါးပုတ်ခတ်လာခဲ့သည့်ကိစ္စဆိုလျှင်လည်း ဘာကိုပဲဖြစ်ဖြစ် လက်တုံ့ပြန်တတ်ဖို့ ဝန်လေးတတ်သူမဟုတ်။

ဒါက. မယ်မဒီဆိုသော သူမ၏ ဗီဇစိတ်ဓာတ်။

□ □ □

ssl

"မင်းဘဝအကျိုးပေးက ကောင်းလွန်းတယ်ကွာ၊ ပညာ၊ ဓန၊ ရုပ်ရည် အားလုံးရှယ်တွေချည်းပဲ၊ ဒါကြောင့်လည်း မင်းက တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲနိုင်တာထင်တယ်"

"ဘာလဲ မင်းသိန်း၊ မင်းစကားက ကောင်းချီးပေးနေတာလား၊ ပုတ်ခတ်နေတာလား"

"သူငယ်ချင်း အရင်းကြီးတွေပဲကွာ၊ ပြောချင်းပြောငါ့စကားက ကောင်းချီးပေးတဲ့စကားဖြစ်မှာပါ"

နေဦးနက မင်းသိန်းတို့စကားကို နားထောင်ပြီး ပြုံးစစဖြင့်

"ဆက်ပြောပါဦး၊ မင်း ငါ့ကို ဘာတွေကောင်းချီးပေးချင်သေးလဲ"

"အင်း...ဆက်ပြောရင်တော့ မင်းလိုပဲ ဒီတိုင်းတူတဲ့

Scanned by CamScanner

မိန်းကလေးတစ်ယောက်နဲ့ မင်းကို ပေးတွေ့စေချင်တယ်''

''ဘယ်သူလဲ''

''မယ်မဒီ''

''မယ်မဒီ ဘယ်ကလဲ''

''အခု စီးပွားရေးလောက အောင်မြင်နေတဲ့ ကုမ္ပဏီကြီးတစ်ခုရဲ့ MD ပဲ၊ စင်ကာပူက စီးပွားရေးပတ်သက်တဲ့ ဘွဲ့ယူထားပြီး ဒီမှာ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်နေတာ၊ ဘ၀၊ အလှ အားလုံး မင်းနဲ့တူတဲ့အပြင် ယောကျ်ားလေး ထည်လဲတွဲတာကအစ မင်းနဲ့ တစ်ပုံစံတည်းပဲ''

''အဲဒီမိန်းကလေးမျိုးတော့ ငါ လုံး၀အထင်မကြီးဘူး''

''သြော်... နေဒွန်း...နေဒွန်း၊ ဒီလိုကျတော့လည်း မင်းက တော်တော်တရားကျတဲ့ကောင်ပဲ၊ ဒါဆို မင်းလည်း ဘာကြောင့် မိန်းကလေးတစ်ယောက်ပြီးတစ်ယောက် တွဲနေရတာလဲ''

''ဟ...ဒါကတော့ ငါက ယောကျ်ားလေးပဲ''

''ဒါဖြင့် မင်းဆိုလိုတာက မယ်မဒီလို မိန်းကလေးမျိုးက



ဒီလိုမလုပ်သင့်ဘူးလို့ မင်းပြောချင်တာပေါ့''

''ပြောချင်တာမဟုတ်ဘူး၊ ပြောကိုပြောနေတာ''

''ဒါက မင်း မယ်မဒီကို မမြင်ဘူးသေးလို့ဖြစ်ပါလိမ့်မယ်''

''ဘာဖြစ်လို့''

''သိပ်လှလို့''

''ဟာ...ဟ သိပ်လှတဲ့မိန်းကလေး ငါ့အနားမှာဝိုင်းဝိုင်းလည်နေတာ မင်းတို့အတွေ့ပဲ၊ ငါ့အတွက်တော့ မထူးဆန်းတော့ပါဘူး''

နေဒွန်းက မင်းသိန်း၏စကားကို လှောင်ရယ်ရယ်လိုက်ရင်းက မခိုးမခန့် ပြောလိုက်သည်။

''ဒါနဲ့ နေစမ်းပါဦး မင်းသိန်း၊ အဲဒီ မယ်မဒီအကြောင်းကို မင်းက ဘယ်လိုသိနေတာလဲ''

''ဘယ်လိုသိနေတာလဲဆိုတော့ ငါ့ချစ်သူ မိုးပပက သူ့သူငယ်ချင်းပဲ၊ ဒါကြောင့် မယ်မဒီအကြောင်းတွေကို သိနေတာပေါ့''

Scanned by CamScanner

"သူ့ဘာသာ ဘာကြီးပဲဖြစ်ဖြစ် နေဒွန်းဆိုတဲ့ကောင်က တော့ နိုးပဲ"

နေဒွန်းဆိုသည့်သူက မိန်းကလေးတွေကို ထည့်လဲတွဲတတ်တာ မှန်ပေမယ့် ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့။

ထည်လဲတွဲနိုင်အောင်လည်း နေဒွန်းနှင့်ပတ်သက်လာလျှင် မိန်းကလေးတွေက သဲသဲလှုပ်။

□ □ □

## အခန်း (၆)

"ဘယ်လို ဒက်ဒီ၊ သားကို အိမ်ထောင်ချပေးတော့မယ် ဟုတ်လား"

"ဟုတ်တယ် သား၊ မာမီ့သူငယ်ချင်းရဲ့ သမီးပဲ၊ ကွဲသွားကြတာ ကြာပြီ၊ အခုမှ ပြန်တွေ့ကြရင်း သားရေးသမီးရေးကိစ္စ ပြောဖြစ်ကြတာ၊ သားတို့ချင်း ရင်းနှီးပြီး အကဲခတ်လို့ရအောင်လည်း မာမီ စီစဉ်ပေးပါ့မယ်"

ဒက်ဒီအား နေဒွန်းက မေးလိုက်ခြင်းဖြစ်ပေမယ့် ဒက်ဒီ့အစား မာမီက ဝင်ဖြေလိုက်ခြင်းဖြစ်သည်။

"သား...အိမ်ထောင်မပြုချင်သေးဘူး၊ လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်"

"ဘာလဲ…ရည်းစားတွေထားတာ အားမရသေးလို့လား"

ဒက်ဒီက သူ့အား ခနဲ့စကားဆို၏။

"မဟုတ်ပါဘူး ဒက်ဒီရာ၊ သား တကယ်အိမ်ထောင်မပြုချင်သေးလို့ပါ"

"မပြုချင်လို့မရဘူး၊ သား ပြုကိုပြုရမယ်"

မာမီကလည်း သူ ဖြစ်ချင်သည့်ဆန္ဒကို အတင်းဝင်ပြော၏။ ထိုအချိန်တွင် သူ့ဟမ်းဖုန်းက အသံမြည်လာသည်။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ဖေနိုဗယ်ဖုန်းနံပါတ်။ နေဥ္စန်း၏ လက်ရှိရည်းစား။ သူ စိတ်ရှုပ်စွာဖြင့် ဖုန်းကို လုံးဝပိတ်ပစ်လိုက်သည်။

"ဘာလဲ…ရည်းစားဆီကဖုန်းပဲ မဟုတ်လား၊ မင်းကိုယ်မင်းလည်း ဆင်ခြင်ဦး၊ မကြာခင်မှာ မင်း ဆရာဝန်တစ်ယောက်ဖြစ်တော့မယ်၊ တာဝန်ကျတဲ့ နေရာကို သွားရတော့မယ်၊ ဒီပုံစံ၊ ဒီအချိုးမျိုးနဲ့ မင်းကို ဒက်ဒီတို့ လုံးဝစိတ်မချဘူး"

"ဒီတော့ မင်းမာမီရဲ့ သူငယ်ချင်း၊ မင်းလက်ထပ်ရမယ့် မိန်းကလေးရဲ့ မာမီနဲ့လည်း အားလုံးပြောဆိုကြပြီးတော့ မင်းတို့



နှစ်ယောက်ချင်းတွေ့ပြီး ဘဝရှေ့ရေးအတွက် တိုင်ပင်ကြတော့၊ ဒက်ဒီတို့ နှစ်ဖက်မိဘတွေကတော့ နေ့ကောင်းရက်သာရွေးပြီး မင်္ဂလာကိစ္စကို စီစဉ်တော့မယ်"

"ဟာ…အဲဒီလောက် အလောတကြီး မစီစဉ်ပါနဲ့ ဒက်ဒီ၊ ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိ၊ တစ်ခါမှ မတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်နဲ့"

"လုပ်ပြန်ပြီ၊ ယောကျ်ားဖြစ်တဲ့မင်းက ပြောရတာယ်ရှိသေးတယ်"

"မဟုတ်ဘူးလေ ဒက်ဒီ"

ဒက်ဒီ၏ ဖွတ်လုပ်တတ်သော အကျင့်ကို သိပေမယ့် ဒီကိစ္စမှာတော့ နေဥ္စန်းဘက်က ပြောသင့်တာ ပြောရလိမ့်မည်ဖြစ်သည်။

"သား…ခဏနေဦး၊ မာမီပြောမယ်၊ သမီးလေးနဲ့ မာမီတွေ့ပြီးပြီ၊ သားမြင်ရင်လည်း သဘောကျမှာပါ၊ သမီးလေးက စင်ကာပူမှာ စီးပွားရေးဘွဲ့ယူထားပြီး အခုလက်ရှိ ကုမ္ပဏီတစ်ခုကို ဦးစီးပြီးလုပ်နေတယ်၊ ပြီးတော့ ရုပ်ကလေးကလည်း အရမ်းလှ

တယ်"

မာမီစကားကို ခဏရပ်လိုက်ပြီးနောက် နေဒွန်းမျက်နှာကို အကဲခတ်သလို ဖျတ်ခနဲ ကြည့်လိုက်သည်။ ပြီးနောက်...

"သမီးလေးနာမည်က မယ်မဒီတဲ့"

"မယ်မဒီ"

မာမိုထံမှ ထိုနာမည်ကိုကြားလျှင် သူမှာ အကြီးအကျယ် ပင် မျက်လုံးပြူးသွားရသည်။

"မယ်မဒီ"

ဒါဆို သူနှင့်လက်ထပ်ပေးမည်ဆိုသော မိန်းကလေးက မင်းသိန်း သူ့ကိုပြောခဲ့သည့် မယ်မဒီပေါ့။

မင်းသိန်း ပြောပြကတည်းက မယ်မဒီဆိုသော မိန်းက လေးကို သူ လုံးဝအထင်မကြီးတော့။

မယ်မဒီနှင့်သူ လက်ထပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင် သောကိစ္စပဲဖြစ်သည်။

"မယ်မဒီဆိုရင် ပိုလို့တောင်မှ မဖြစ်နိုင်သေးတယ်မာမီ"

"ဟင်"





"သားက သမီးလေးကို သိနေလို့လား"

"သိတော့မသိဘူး၊ ဒါပေမယ့် မယ်မဒီအကြောင်းတွေကို သား ကြားဖူးထားတယ်"

"သားက ဘာတွေများ ကြားဖူးထားလို့လဲ"

"ယောကျ်ားလေးတွေ ထည့်လဲတွဲတယ်၊ ရည်းစားများ တယ်"

"ဪ...ဒါကတော့သားရယ် သားလည်း ရည်းစား များတာပဲ မဟုတ်လား၊ အိမ်ထောင်ကျသွားတော့လည်း ဒီကိစ္စတွေ က ပြီးသွားမှာပါ"

"မဖြစ်နိုင်ဘူး ဒက်ဒီနဲ့မာမီ၊ မယ်မဒီကို သား လုံးဝ လက်မထပ်နိုင်ဘူး"

"ဘာ...မိဘတွေကောင်းမယ်ထင်လို့ စီစဉ်တာကို မင်းက ဖျက်တယ်ပေါ့"

"အို...ကိုကလည်း ဆွေပြောပါမယ်"

မထင်မှတ်ဘဲ ဒက်ဒီနှင့် သူ့အခြေအနေက တင်းမာသွား ရသည်ကို မာမီက ကြားထဲက ဝင်ဖျန်ဖြေသည်။

"သားကလည်းကွာ မယ်မဒီလေးနဲ့ တွေ့ပြီး သားတို့ချင်း ညှိပါဦး၊ ခေတ်လူငယ်တွေပဲ ရည်းစားထားတာနဲ့ ဘဝတစ်ခု တည်ဆောက်တာနဲ့ မတူဘူးဆိုတာ သား သိပါတယ်"

"မာမီ့ကို သား တောင်းပန်ပါတယ်၊ မာမီ ဆိုလိုချင်တာ ကိုလည်း သား သဘောပေါက်တယ်၊ ဒါပေမဲ့ ယောကျ်ားဆိုတာ ကိုယ်ကသာ ရည်းစားများရင်များမယ်၊ ကိုယ်လက်ထပ်မယ့် မိန်းကလေး ရည်းစားများတာကိုတော့ ဘယ်ယောကျ်ားလေးမှ သည်းမခံနိုင်ဘူး"

SSl

"ကျလည်းကျတဲ့ ယောကျ်ားပဲကွာ၊ မင်း ဒီလောက် ရည်းစားတွေ ထည်လဲတွဲနေတာ ငါမသိဘူး မှတ်နေလား၊ မိန်းက လေးတစ်ယောက်အနေနဲ့ ဘယ်မိန်းကလေးပဲဖြစ်ဖြစ် အိမ်ထောင်မပြု ရသေးခင် ရွေးချယ်ခွင့်ဆိုတာရှိကြတာပဲ"

"ဒက်ဒီ ဘာပဲပြောပြော သားကတော့ မယ်မဒီကို လက်မထပ်ဘူး"

"အေး…ဒါဆိုလည်း မင်းကို ငါပြောမယ်၊ ဒီလိုရည်းစား များတာ၊ ပွေတာ၊ ရှုပ်တာကို ငါ ခွင့်မပြုနိုင်ဘူးကွ၊ မင်းမိဘတွေ



အနေနဲ့ ငါတို့ပါ သိက္ခာကျတယ်၊ ငါတို့မှာ သမီးမိန်းကလေးမရှိ ပေမယ့် သမီးချင်း ကိုယ်ချင်းစာတယ်၊ မင်း မယ်မဒီကို မယူချင်ရင် မင်းချစ်တဲ့ မိန်းကလေးတစ်ယောက်ကို တည်တည်တံ့တံ့ယူကွာ"

"ဟို…သားတကယ်ချစ်တဲ့ မိန်းကလေးမှ မတွေ့သေး တာ ဒက်ဒီရာ၊ ရည်းစားထားတယ်ဆိုတာကလည်း ဟို"

"ဘာ…ဟိုဟိုဒီဒီ ဇေလည်ကြောင်ပတ်တွေ လာလုပ် မနေနဲ့၊ ငါက ဒါဆိုဒါပဲ၊ မင်းကို ဘာရှည်ရှည်ဝေးဝေးမှ မပြော တော့ဘူး၊ မင်းကို ငါ အချိန်အတိုင်းအတာတစ်ခု သတ်မှတ်ပေး မယ်၊ မင်း ပိုစတင်ကျတဲ့နေ့ မရောက်ခင် မင်းတကယ်လက်ထပ် မယ့် မိန်းကလေးကို ငါ့ကိုပြနိုင်ရမယ်၊ အဲဒီ အချိန်အတိုင်းအတာ တစ်ခုအတွင်းမှာ မင်းတစ်သက်လုံး ပေါင်းနိုင်မယ့် မင်းကြိုက်တဲ့ မိန်းကလေးကို ရှာထား၊ အေး မတွေ့ဘူးဆိုရင်တော့ ငါတို့စီစဉ် တာကို မင်းလက်ခံ၊ ဒါ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ"

ဒက်ဒီက ပြောပြီးရင် ပြောခဲ့တဲ့သလို လုပ်တဲ့လူစားမျိုး။

အခုမှ အခက်တွေ့ပြီ။

သူထားခဲ့တဲ့ ရည်းစားတွေထဲမှာ နောက်ဆုံးရည်းစား မေနို

Scanned by CamScanner

ဖယ်အထိ သူ့နှလုံးသားက နှစ်နှစ်ကာကာချစ်မိသူမဟုတ်။

အချစ်ဆိုသည့်အရာကို သူကြားဖူးပေမယ့် တကယ့်လက်တွေ့မှာ သူ့ရင်ထဲကို ဘယ်လိုမှ ရောက်ရှိမလာသေး။

အချစ်ဆိုသည့်အရာက နေဒွန်းဆိုသော သူ့အတွက် ဘာကြောင့်များ ပုန်းနေရသည်လဲ။

ဦးနောက်နှင့် ဗွတ်အတင်း ဆုံးဖြတ်လို့မရနိုင်သလို ဥစ္စာ၊ ပညာ၊ ရုပ်ရည်တွေဖြင့် တိုင်းတာလို့ မရနိုင်သည့်အထဲမှာ အချစ်ဆိုသောအရာ ပါသည်ဆိုတာကိုတော့ သူ ကောင်းကောင်းသဘောပေါက်နေပြီဖြစ်သည်။

□ □ □

"ဟာကွာ...ဒါများ အလွယ်လေး၊ မယ်မဒီကို လက်မထပ်ချင်ရင် မင်းရည်းစားတွေထဲက အသင့်တော်ဆုံးဖြစ်မယ့် သူတစ်ယောက်ကို မင်း ရွေးချယ်လိုက်ပေါ့ကွာ"

မင်းသိန်းအပြောက လွယ်ပေမယ့် နေဒွန်းအတွက်တော့ ထင်သလောက် မလွယ်မှန်း သူ့ဘာသာသူ သိနေပါသည်။

တကယ်တမ်း တစ်သက်လုံး လက်တွဲရမည့်မိန်းကလေးကို ရှာဖို့က တော်ရုံတန်ရုံ ခံစားမှုမျိုးဖြင့် ရှာဖွေလို့မရနိုင်ပါ။ ထိုခံစားမှုတွေထဲမှာ အချစ်ဆိုသည့်အရာက ထိပ်ဆုံးမှာ ပါဝင်နေပါသည်။

နေဒွန်းအတွက် ရည်းစားတွေပေါခဲ့တာ မှန်ပေမယ့် အခုအချိန်မှာ တစ်ဘဝတာ လက်တွဲရမည့် မိန်းကလေးကို ရှာဖွေတော့

သူ့နှလုံးသားက ဘယ်သူ့ကိုမှ လက်မခံခဲ့။

ကိုယ်မချစ်သော မိန်းကလေးတစ်ယောက်နှင့်လည်း တစ်ဘဝစာ လက်မတွဲနိုင်။

"ငါ ရည်းစားတွေ ထားဖြစ်ခဲ့တယ်ဆိုတာ သူတို့ခင်းထားတဲ့ လမ်းကြောင်းပေါ်မှာ အလိုက်သင့်လျှောက်ရင်းနဲ့ ရည်းစားတွေ ဖြစ်ကုန်ရတာ၊ အခုအချိန်မှာ တစ်ဘဝစာအတွက် ဘဝနဲ့ရင်းပြီး နှစ်နှစ်ကာကာချစ်တဲ့သူကို ရွေးချယ်တော့ ဘယ်မိန်းကလေးကိုမှ မတွေ့တော့ဘူး"

"ဒီစကားသာ မင်းရည်းစားဟောင်းတွေကြားရင် မင်းကို ဘယ်လောက်များ မေတ္တာတွေ ပိုကြမလဲမသိဘူး"

"အဲဒီလိုပိုမယ့်သူလည်း ရှိမယ်မထင်ပါဘူးကွာ၊ သူတို့လည်း ငါ့လိုစိတ်ဓာတ်မျိုးတွေချည်းပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါနဲ့လမ်းခွဲလည်း ဟန်ဆောင်ကြွေပြီး အတော်လေးကြာတော့ နောက်အသစ်တစ်ယောက်ရသွားတဲ့ သူချည်းပဲ"

"နေပါဦး…ငါအံ့သြနေတာ တစ်ခုရှိတယ်"

မင်းသိန်းက နေဒွန်း၏ ယောကျ်ားပီသကာ ချောမော



ခန့်ညားသော မျက်နှာကိုကြည့်ရင်းက…

"မင်းက မယ်မဒီကိုငြင်းရအောင် မယ်မဒီကို မင်းတွေ့ဖူးထားလို့လား"

"မတွေ့ဖူးပေမယ့် သူ့အကြောင်းတွေ ငါကြားဖူးထားတာပဲ"

"ကြားတယ်ဆိုပေမယ့် ဒါတွေက တိကျသေချာတဲ့ အဖြေတစ်ခုမှမဟုတ်တာ၊ ပြီးတော့ မယ်မဒီလို မိန်းကလေးအချစ်ကို လိုချင်တဲ့ ယောကျ်ားတွေကလည်း မယ်မဒီအနားမှာ ဝိုင်းဝိုင်းလည်နေမှာပဲ၊ မယ်မဒီအတွက်လည်း အကောင်းဆုံးဖြစ်နိုင်မယ့် ဘဝလက်တွဲဖော်ကို ရှာနေတာရော မဖြစ်နိုင်ဘူးလား"

"ဒါတော့ ငါလည်းဘယ်သိမလဲကွာ၊ ကာယကံရှင်ဖြစ်တဲ့သူပဲ သူ့စိတ်ကို သူသိမှာပေါ့၊ ဒါပေမဲ့ ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက် တွဲတတ်တဲ့ မိန်းကလေးမျိုးနဲ့တော့ ငါ ဘယ်လိုမှ လက်မထပ်နိုင်ဘူး"

"အင်း…ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတဲ့ မယ်မဒီလို မိန်းကလေးသာ မင်းကို ငြင်းလိုက်တယ်ဆိုတဲ့ အကြောင်းများသိရင်

ဘာတွေဖြစ်ကုန်မယ်မသိဘူး၊ အခု မင်းဒက်ဒီပြောထားတဲ့ ကိစ္စကို မင်း ဘယ်လိုအကောင်အထည်ဖော်မလဲ"

"လောလောဆယ်တော့ ငါ ခရီးတစ်ခု သွားချင်တယ်ကွာ၊ စိတ်တွေ ရှုပ်ထွေးနေတယ်၊ ဘာကိုမှ မစဉ်းစားဘဲ အေးအေးဆေးဆေးဖြစ်မယ့် နေရာတစ်ခုကို ငါသွားချင်တယ်၊ ဘယ်ကိုသွားရင် ကောင်းမလဲ"

"ဒါဆို မင်းကို ငါအကြံတစ်ခုပေးမယ်၊ တောင်ကြီးမှာ ငါ့အဒေါ်ခြံတွေရှိတယ်၊ တောင်ကြီးဘက်ကို စိတ်ပြေလက်ပျောက်သွားကြရင် ကောင်းမလား၊ ငါလည်း ငါ့အဒေါ်နဲ့ မတွေ့တာအတော်ကြာနေပြီ"

"ကောင်းတယ်ကွာ၊ ဒါဆို မင်းစီစဉ်လိုက်တော့၊ ငါကတော့ စိတ်အေးလက်အေး ခရီးတစ်ခု ထွက်ချင်တာပဲသိတယ်"

"အိုကေ...ဒါဆို ငါစီစဉ်လိုက်မယ်"

□ □ □

## အခန်း (၇)

မယ်မဒီအကြောင်းနှင့် ဒက်ဒီပြောခဲ့သည့်စကားများကြောင့် စိတ်ရှုပ်ထွေးလျက်ရှိသော နေဒွန်းတစ်ယောက် သူ၏ စိတ်ထွက်ပေါက်အဖြစ် မင်းသိန်းနှင့်အတူ တောင်ကြီးဘက်သို့ ခရီးထွက်ခဲ့ကြသည်။

အလုပ်တာဝန်ကျမည့်နေရာကို စောင့်နေရသည့် အချိန်ကာလအတွင်းမှာ နေဒွန်း ဘာကိုမှ မစဉ်းစားချင်တော့။ ဘယ်မိန်းကလေးကိုမှလည်း မချစ်နိုင်ဘဲနှင့် နေဒွန်းတစ်ယောက် ဒုက္ခမပေးချင်တော့။

အေးချမ်းကာ သာယာလှပသော တောင်ကြီးမြို့လေးက နေဒွန်း၏ ရှုပ်ထွေးလျက်ရှိသော စိတ်တွေကို ကြည်လင်စေကာ

စိတ်ရောကိုယ်ပါ အပန်းဖြေ နားချင်စဖွယ်ကောင်းသည့် ပျော်ရွှင်စရာကောင်းသော မြို့လေးတစ်မြို့ပင်ဖြစ်သည်။

သည်လိုအေးချမ်းကာ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည့် မြို့လေးတစ်မြို့ကို သွားဖို့ နေဥွန်း စောစောကတည်းက ဘာကြောင့် မစဉ်းစားမိတာပါလိမ့်ဆိုတာလည်း သူ့ကိုယ်ကို ပြန်၍ အပြစ်တင်မိသေးသည်။

မြို့ပြရေစီးကြောင်းထဲမှာ မျောပါရင်း မိန်းကလေးတွေနှင့် ထည်လဲတွဲခဲ့ပေမယ့် ရင်ထဲက အချစ်မပါတော့ ဘာမှသာယာ ပျော်ရွှင်မှုမရှိခဲ့။ ခုတော့ ထိုအားလုံးနှင့် ကင်းဝေးရာ ဒီမြို့လေးသို့ ရောက်လာရသည်ကိုပင် သူ့ကိုယ်သူ ကျေနပ်ကြည်နူးရကာ ပေါ့ပါးသွက်လက်လျက်။

"ဘယ်လိုလဲ…တောင်ကြီးမြို့က သာယာရဲ့လား"

"သိပ်သာယာတာပေါ့ကွာ၊ ဒီလောက်သာယာတဲ့ မြို့ကို စောစောကတည်းက မင်းခေါ်လာသင့်တာ"

စိတ်ရှုပ်ထွေးမှုများ ပျောက်ကာ ကြည်လင်နေသော နေဥွန်း၏ မျက်နှာချောချောကိုကြည့်ကာ မင်းသိန်းက အပြုံးနှင့်…



"ဒီ့ထက်သာယာတဲ့နေရာ ရှိသေးတယ်၊ မင်းကို အဲဒီနေရာကို ငါခေါ်သွားပေးမယ်"

"ဒီ့ထက်သာယာတဲ့နေရာရှိတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်နေရာလဲ"

"ငါ့အဒေါ်ပိုင်တဲ့ လိမ္မော်ခြံတွေရှိတဲ့ နေရာပေါ့"

"ကောင်းတာပေါ့ကွာ၊ မြို့ပြမှာနေခဲ့တာဆိုတော့ အဲဒီလို ခြံတွေကို ငါ ရောက်ဖူးချင်နေတာ ကြာပြီ"

"ရောက်ရမှာပေါ့ကွာ၊ အဒေါ့်ယောကျ်ားက အဲဒီခြံမှာပဲ ရှိနေတယ်၊ အဒေါ်လည်း ဒီနေ့ ခြံကိုသွားမှာ၊ ငါတို့တစ်ခါတည်း လိုက်သွားတာပေါ့"

"ကောင်းတယ်…လိုက်သွားကြတာပေါ့"

"ဩော်…ဒါနဲ့ နေဦး နေဥွန်း"

"ဘာလဲ မင်းသိန်း"

"ခြံသွားရင် အဒေါ်တို့က ဟိုမှာကြာကြာနေတတ်တယ်၊

ခြံကိစ္စတွေ စီမံပေးရတာနဲ့ မြို့ကို တော်တော်နဲ့ပြန်မလာဖြစ်ဘူး။ ခြံထဲမှာပဲ နေဖြစ်တာက များတယ်"

"ဒါဆို ငါ့အတွက် ပိုပြီးတော့ ကောင်းတာပေါ့ကွာ၊ ဒါနဲ့ ဘာတွေဝယ်ခဲ့ရဦးမလဲ"

"ဘာမှဝယ်စရာမလိုဘူး၊ တို့မှာ အားလုံးရှိတယ်၊ အဝတ်အစားတွေသာ များများယူခဲ့၊ အထူးသဖြင့် အနွေးထည် ဂျာကင်တွေ ယူလာခဲ့၊ ဟိုမှာက ဒီအချိန်ဆို အတော်အေးတယ်"

"ဒါနဲ့ အဒေါ်တို့က ခြံထဲကို ဘယ်အချိန်သွားမှာလဲ"

"ခဏနေသွားတော့မှာ၊ ကဲ ငါတို့အဝတ်အစားတွေ အိတ်ထဲထည့်ရအောင်"

နေဦးနှမှာ မင်းသိန်းနှင့်အတူ စိတ်လွတ်လပ်ပေါ့ပါးစွာဖြင့် ခြံထဲသွားရန် ပြင်ဆင်နေမိသည်။

မကြာမီ ပြင်ဆင်ထားသော အဝတ်အစားအိတ်ကိုယ်စီဖြင့် နေဦးနှင့် မင်းသိန်းတို့သည် အဒေါ်၏ကားနှင့်အတူ ခြံထဲသို့ ထွက်လာခဲ့ကြသည်။

"ဘယ်လိုလဲ ငါ့တူ၊ အဒေါ်တို့ တောင်ကြီးလာရတာ



ပျော်ရဲ့လား"

"ပျော်ပါတယ် အဒေါ်၊ ဒီလိုမြင်ကွင်းမျိုးတွေက ကျွန်တော့်လို ရန်ကုန်သားအတွက်တော့ အထူးအဆန်းပဲ"

မင်းသိန်းအဒေါ်၏ အမေးကို နေဦးနှတစ်ယောက် ပြန်ဖြေရင်း ခြံထဲလာရာ လမ်းတစ်လျှောက်ရှိ စိမ်းစိုသာယာလှပသော ရှုခင်းနှင့် သဘာဝတောတောင်အလှများကို လိုက်ကြည့်နေမိသည်။

ရန်ကုန်မှာမွေး၊ ရန်ကုန်မှာပဲ ကြီးပြင်းခဲ့သော နေဦးနှအတွက် တကယ့်ကို သဘာဝဆန်သည့် ပန်းချီကားတစ်ချပ်ပမာ လှပသော အလှတရားများပင်။

စိမ်းညို့ပြာနိုင်းသော မြူခြေများ၊ ရစ်သိုင်းလွှမ်းခြုံနေသည့် တောင်တန်းပြာများကို နေဦးနှတစ်ယောက် အဝေးကကြည့်ရင်းက ရင်ဝယ် ကြည်နူးချမ်းမြေ့လာရသည့်အဖြစ်။

တောင်စွယ်အဆင့်ဆင့်၊ မြင့်မြင့်မားမားနှင့် ကြည့်မြင်သူကို ဘယ်လောက် သာယာလွှမ်းမော့ဖွယ် ကောင်းလိုက်ပါသလဲ။

ဘယ်နေရာကြည့်ကြည့် မြူခြေ မြူနှိုးများဖြင့် ရစ်သိုင်းလွှမ်းခြုံနေတတ်သော သည်အရပ် သည်ဒေသသည် နေဦးနှစိတ်ကို

Scanned by CamScanner

ကြည်နူးလန်းဆန်းစေရသည်ဆိုတာကို နေဥ္ဓန်း ဝန်မခံ၍မဖြစ်ပါ။

"ဘယ်လိုလဲ နေဥ္ဓန်း၊ လွမ်းစရာ ကြည်နူးစရာကောင်းတဲ့ တောတောင်ရေမြေတွေကိုကြည့်ပြီး ရန်ကုန်က ဘယ်ရည်းစားကို လွမ်းနေပြီလဲ"

"ခေါက်ထားစမ်းပါကွာ၊ ဘယ်ရည်းစားကိုမှ ငါ့စိတ်ထဲ မရှိတော့ဘူး၊ အခု ငါကြည့်နေတာက ငါ့အတွက် တစ်ခါမှ မမြင်ဖူးသေးတဲ့ သာယာလွန်းတဲ့ တောတောင်ရေမြေသဘာဝတွေကိုပဲ"

နေဥ္ဓန်းစကားကြောင့် မင်းသိန်းက ဘာစကားမှ မပြောတော့ဘဲ ပခုံးတွန့်ပြ၏။

ခြံထဲသို့ရောက်ဖို့ နီးလာလေလေ လိမ္မော်ခြံတွေထဲရှိ ပါးအို့ ရဲရဲလေးနှင့် အလုပ်သမလေးများကို ပို၍တွေ့ရလေမို့ နေဥ္ဓန်းသည် ပါလာသည့် ဒီဂျစ်တယ်ကင်မရာလေးဖြင့် ထိုပုံလေးများကို အမှတ်တရ ရိုက်ကူးနေမိသည်။

မင်းသိန်းက နေဥ္ဓန်း၏အဖြစ်ကို ကြည့်ရင်းက သဘောတကျ ပြုံးနေမိသည်။ မင်းသိန်းအတွက်တော့ အခေါက်တွေဆီ ရံဖန်ရံခါ ရောက်ဖူးသည်မို့ ရှုခင်းတွေက နေဥ္ဓန်းလောက် မဆန်းတော့။





နေဥ္ဓန်းအနေနှင့် သည်လိုရှုမျှော်ခင်း၊ မြင်ကွင်းတွေကို ကြည့်ပြီး အတူးအဆန်း ဖြစ်နေရသည်ကလည်း အပြစ်မဆိုသာပါ။

ပြောရလျှင် နေဥ္ဓန်းအတွက် သည်လိုအရပ်ဒေသမျိုးကို တစ်ခါမှ ရောက်ရှိခဲ့ဖူးခြင်းမရှိ။

ထို့ကြောင့် တောင်ခြေနှင့်နီးသော မင်းသိန်းအဒေါ်ပိုင်ဆိုင်သည့် လိမ္မော်ခြံလာရာ လမ်းတစ်လျှောက်မှာ နေဥ္ဓန်းသည် မြင်မြင်သမျှအားလုံး သူ့မျက်စိထဲ အသစ်အဆန်းနှင့် အံ့သြစရာ၊ ကြည်နူးစရာမျး ဖြစ်နေရခြင်းဖြစ်သည်။

တောင်ကြီးမြို့ကနေ မင်းသိန်းအဒေါ်ပိုင်သည့် လိမ္မော်ခြံကို ရောက်ဖို့ဆိုတာ တစ်နာရီနီးပါး ကားစီးရသည်မို့ နေဥ္ဓန်းကိုတစ်ချိန်လုံး သူ့အကြည့်များကို ဘေးပတ်ဝန်းကျင်ကိုသာ ပို့လျက် မှတ်တမ်းဓာတ်ပုံများ တဖျပ်ဖျပ်ရိုက်ရင်း လိုက်ပါလာခဲ့သည်။

မြင်မြင်သမျှ မှတ်တမ်းတင်လျက် လိုက်ပါလာသော နေဥ္ဓန်းမှာ ခြံထဲသို့ ရောက်လို့ရောက်မှန်းပင် မသိလိုက်။

မင်းသိန်း၏ ခြံထဲရောက်ပြီဆိုသော စကားကို ကြားမှ နေဥ္ဓန်း ခြံထဲကို ရောက်လို့ရောက်မှန်း သိတော့သည်။



Scanned by CamScanner

"လာ…မောင်နေဒွန်း၊ အခေါ်တို့ခြံ ရောက်ပြီ"

"ဟုတ်ကဲ့ အခေါ်"

နေဒွန်းမှာ အခေါ်ကို ပြန်ပြောရင်း သူရောက်နေသော ခြံကြီးရှိ ပတ်ဝန်းကျင်ကို ဂရုတစိုက်နှင့် သေချာကြည့်မိသွားရသည်။

ဝင်းဝါစိမ်းစိုသော မြင်ကွင်းတစ်ခု။

တစ်ခြံလုံး သက်ဝင်လှုပ်ရှားလျက် လိမ္မော်သီးခူးနေသူများနှင့်မို့ ခြံကြီးတစ်ခြံလုံး ဘယ်နေရာကြည့်ကြည့် ပျော်စရာကောင်းနေရသည်။

"မင်းသိန်းရာ ကြည့်စမ်းပါဦး၊ ခြံကြီးက နည်းတာမဟုတ်ဘူး၊ တစ်ခြံလုံးလည်း စိမ်းစိမ်းစိုစိုနဲ့၊ အလုပ်သမားတွေ လိမ္မော်သီးခူးနေကြတာ ပျော်စရာအကောင်းသားကွာ၊ ငါတောင် သူတို့ကိုကြည့်ရင်းနဲ့ ပျော်လာတယ်"

ခြံထဲသို့ ရောက်တာနှင့် နေဒွန်းသည် အနားဖင်မယူဘဲ တစ်ခြံလုံးကို သဘောတကျ လှည့်ပတ်ကြည့်ရင်းက ဆိုလိုက်သည်။

"မင်း ဒီခြံကြီးကို သဘောကျရဲ့လား နေဒွန်း"





"သဘောကျတာပေါ့ကွာ၊ ငါ ဒီလိုမြင်ကွင်းတွေကို လက်တွေ့ကျကျမှ မမြင်ဘူးပဲ"

"အခေါ်…ဒီကောင့်ကို ကျွန်တော် ခြံထဲလိုက်ပြလိုက်ဦးမယ်နော်"

"အေး…ပြလိုက်၊ ပြလိုက် ငါ့တူ"

မင်းသိန်းနှင့် နေဒွန်း နှစ်ယောက်သား လိမ္မော်ခြံကျယ်ကြီးထဲ နေရာအနှံ့ လိုက်ကြည့်ကြသည်။

သူငယ်ချင်းနှစ်ယောက် တစ်ခြံလုံးကို လိုက်ကြည့်ရင်း လိမ္မော်ခြံနှင့် ပတ်သက်ပြီး ဗဟုသုတအဖြစ် စကားတွေပြောလာကြသည်။

ကြီးမားကျယ်ဝန်းလှသည့် ခြံကျယ်ကြီးအနှံ့ လိုက်ကြည့်ရင်းက အလုပ်သမားအသိတွေနှင့် စကားပြောကျန်ခဲ့သော မင်းသိန်းနှင့် လူချင်းကွဲသွားကြရသည်။

နေဒွန်းတစ်ယောက်တည်း ရှေ့ဆက်လျှောက်ကြည့်ရင်း တစ်နေရာအရောက်မှာတော့…

"ဟာ"



Scanned by CamScanner

"အမေ့"

"ဘုတ်"

လိမ္မော်ပင်တွေကြားထဲက ထွက်လာသော အရိပ်ကလေး တစ်ရိပ်က နေဒွန်းရင်ဘတ်ကို အပြေးကလေး ဝင်ဆောင့်လိုက်သည်မို့ ရုတ်တရက် နေဒွန်းမှာ လန့်သွားမိခြင်းဖြစ်သည်။ သူ့ရင်ဘတ်ကို ဝင်တိုက်လာသော အရိပ်ကလေးက မိန်းကလေး တစ်ယောက်။

သူနှင့် မထင်မှတ်ဘဲ တိုက်မိသွားရသဖြင့် လန့်သွားဟန်တူသော မိန်းကလေးကလည်း သူ့မျက်နှာကို သေချာပြန်ကြည့်နေလေသည်။

"မင်းဘယ်သူလဲ"

သည်နေရာမှာ သည်လောက်လှသည့် မိန်းကလေးမျိုး ရှိလိမ့်မည်ဟု နေဒွန်းတစ်ယောက် တစ်ခါမှ တွေးမထားဘူးပါ။

ဟုတ်သည်လေ နေဒွန်းရှေ့မှာ မြင်နေရသည်က ခပ်နွမ်းနွမ်းအဝတ်အစားလေးဖြင့် သိပ်ကိုလှပလွန်းသည့် မိန်းကလေး တစ်ယောက်။



သူ့မကိုကြည့်ကာ မျက်ဝန်းအပြူးသားနှင့် မေးလာသည့် လှစိမ်းကြောင့် နန်းမှာ ထိတ်လန့်ဟန်လေးဖြင့်…

"ဟင်…ရှင်ကရော ဘယ်သူလဲ"

သူတို့နှစ်ဦး ဆုံတွေ့သည့်နေရာက လိမ္မော်ခြံအကျယ်ကြီး၏ နောက်ဘက်ကျသော နေရာမို့ ထိုနေရာတွင် အလုပ်သမားများ ရှိမနေပါ။

"ကိုယ်က ဒီခြံကိုလာလည်တဲ့ ဧည့်သည်ပါ"

"ဧည့်သည် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူနဲ့လာတာလဲ"

"ဟို…မင်းသိန်းတို့အဒေါ် ဒေါ်မူသိန်းနဲ့ပါ"

"သြော်…ဒေါ်ကြီးမူ ဧည့်သည်ကိုး"

"ဒါနဲ့ ညီမကရော ဒီခြံကပဲလား"

"ဟုတ်တယ်"

ထိုစဉ် သူတို့အနားသို့ မင်းသိန်း ရောက်လာပြီး…

"သြော်…နေဒွန်းနဲ့ နန်းတို့ တွေ့နေကြတာပါလား"

မင်းသိန်းက သူတို့နှစ်ဦးကိုကြည့်ကာ ထိုစကားကိုပြော လိုက်ပြီး…

"ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ နန်း ဒါက ကိုယ့်သူငယ် ချင်း နေဦန်းတဲ့၊ ဒေါက်တာနေဦန်းပေါ့၊ အလုပ်မဝင်ခင် ကိုယ်တို့ခြံ ကို လိုက်လည်တာ၊ နေဦန်း သူက နန်းတဲ့၊ အဒေါ့ခြံမှာပဲနေတယ်၊ အစစအရာရာ အားကိုးရတဲ့သူဆိုပါတော့"

"ခုလိုဆုံတွေ့ရတာ ဝမ်းသာပါတယ် နန်း"

နန်း၏ လှပလွန်းသော မျက်နှာလေးကိုကြည့်ပြီး နေဦန်း က ဆိုလိုက်ပေမယ့် နန်းဆိုသော မရွှေချောလေးကတော့ နေဦန်း ကို ဘာမှပြန်မပြောဘဲ ခပ်ငေးငေးလေးသာ ကြည့်နေပါသည်။

□ □ □

## အခန်း (၈)

"မိန်းကလေးနာမည်က နန်းတဲ့လား၊ သဘာဝဆန်ဆန် အရမ်းလှတယ်ကွာ၊ မြို့ပေါ်မှာ ငါနဲ့တွဲခဲ့တဲ့ ရည်းစားတွေထက် တောင် လှသေးတယ်"

"နန်း အရမ်းလှတာတော့ ငါလက်ခံပါတယ်၊ ဒါပေမဲ့ မင်းနဲ့တွဲခဲ့တဲ့ ရည်းစားတွေလိုတော့ နန်းအပေါ် သဘောမထား လိုက်ပါနဲ့၊ သူ့ခမျာ မိမဲ့ဖမဲ့ တစ်ကောင်ကြွက်လေးပါ၊ အားကိုး စရာမရှိလို့ ငယ်ငယ်ကတည်းက ဒီခြံထဲမှာပဲ အလုပ်လုပ်ရင်း နေခဲ့တာ၊ တော်ကြာ မင်းကြောင့် အသည်းကွဲပြီး ကျန်ခဲ့ပါဦး မယ်"

"ဟာကွာ…ငါက အဲဒီလိုသဘောမျိုးနဲ့ ပြောတာ

မဟုတ်ပါဘူး၊ သူတို့လည်း အဲဒီလိုမျိုး သဘောမထားပါဘူး"

"ဟုတ်ပါပြီလေ၊ ငါက စိုးရိမ်လို့ ကြိုပြီးသတိပေးစကား ပြောထားတာပါ"

"ဒါနဲ့ ဒီလောက်လှတဲ့နန်းမှာ ချစ်သူရည်းစားတွေ ဘာတွေရော ရှိလား"

"ဟ…ဒါတော့ ငါလည်းဘယ်သိပါ့မလဲ၊ သိချင်ရင် မင်း သူ့ကိုသွားမေးကြည့်ပေါ့"

"မေးတော့ မေးချင်သား၊ ဒါနဲ့ နန်းက ခြံထဲက ဘယ်အိမ်မှာ နေတာလဲ"

"နန်းနဲ့ နန်းအမေဟာ မိန်းကလေးက ခြံအလုပ်သမတွေရဲ့ တဲ့ အိမ်ခန်းလေးမှာပဲ အတူနေကြတယ်၊ ငါသတိပေးထားပြီးသား နော်၊ စာတ်လမ်းတွေဘာတွေ မင်းသွားမထွင်လိုက်နဲ့၊ မင်းနဲ့နန်း ဘဝက တခြားစီ၊ ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်ဘူး၊ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတစ်ခုကို အစကတည်းက မစတာပဲကောင်းတယ်"

"အမာ…မင်းက နန်း အသည်းကွဲမှာ တော်တော်စိုးရိမ် နေတဲ့ပုံပဲ"



"ဒါကတော့ ရိုးရိုးသားသား နန်းဘဝလေးအတွက် ညီမချင်းကိုယ်ချင်းစာပြီး ပြောပေးတာပါ၊ တကယ်တော့ သူတို့ဘဝ လေးတွေက တို့ဘဝတွေလိုမဟုတ်ဘူးဆိုတာ မင်းလည်းသိပါ တယ်"

မင်းသိန်းပြောတာလည်း မှန်ပါသည်။

မျိုးရိုးစဉ်ဆက် ချမ်းသာသည့် တစ်ဦးတည်းသောသား ဒေါက်တာနေဒွန်းနှင့် လီမွှော်ခြံထဲက သာမန်ဘဝလေးဖြင့် ရှိနေရ သော နန်းဆိုသော မိန်းကလေးတို့၏ ဘဝက တကယ့်ကို မိုးနဲ့ မြေပမာ ရှိနေရသည်မဟုတ်ပါလား။

"နေဒွန်း…မင်းခြံထဲ လျှောက်ကြည့်ရင် ကြည့်လေ၊ ငါ့အဒေါ်နဲ့ စာရင်းဇယားတွေ ကူပြီးလုပ်ပေးလိုက်ဦးမယ်"

"ကောင်းပြီသူငယ်ချင်း၊ ဒါဆို ခြံထဲတစ်ပတ် သွား လေ့လာလိုက်ဦးမယ်"

"အေး…လေ့တော့ လေ့လာပေါ့ကွာ၊ ဒါပေမဲ့ မင်း လေ့လာတဲ့အထဲမှာ နန်းဆိုတဲ့ ကောင်မလေးတော့ မပါစေနဲ့၊ ဟဲ…ဟဲ"

"လုပ်ပြန်ပြီ ဒီကောင်"

နေဦးနှင်းက မင်းသိန်း၏ နောက်တောက်တောက်စကားကြောင့် မျက်နှာပူသွားသလို ဖြစ်သွားရလျက် မင်းသိန်းကို ကျောခိုင်းကာ ခြံထဲသို့ ဆင်းလာခဲ့သည်။

တကယ်လည်း ခြံထဲရောက်တော့ နှန်းဆိုသည့် မိန်းမချော လေး၏ အရိပ်ကို သူရှာဖွေနေမိဆဲ။

နေဦးနှင်းနှင့် မင်းသိန်းတို့က ဆေးကျောင်းမှာကတည်းက ခင်မင်လာကြသည့် သူငယ်ချင်းတွေ။

နေဦးနှင်းက ဆေးတက္ကသိုလ်ရောက်ပြီး မင်းသိန်းနှင့် ဆုံခြင်းဖြစ်ပေမယ့် တကယ့် ငယ်ပေါင်းသူငယ်ချင်းပမာ သူတို့သူငယ်ချင်းနှစ်ယောက်မှာ အတွဲမပျက်ခဲ့ကြ။

နေဦးနှင်းမှာ ခြံထဲသို့ ဟိုဟိုဒီဒီ လိုက်ကြည့်ရင်းက ခြံအတွင်းပိုင်းထဲသို့ တဖြည်းဖြည်း ရောက်လာခဲ့သည်။ ခြံထဲရှိ ခြံအလုပ်သမားလေးများက မြို့ကြီးသား နေဦးနှင်း၏ ချောမောခန့်ညားသော ရုပ်ရည်ကိုကြည့်ပြီး တီးတိုးတီးတိုး လုပ်နေကြသည်။ နေဦးနှင်းမှာတော့ ဒါတွေကို ဂရုမစိုက်အားပါ။ သူ့အာရုံထဲ ရောက်နေသည်က



ဆိုပ်ကလေးတစ်ခုသာ။

ခြံအလုပ်သမလေးတွေ ကြားထဲမှာ သူမျှော်လင့်နေသော ဆိုပ်ကလေးတစ်ခုကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်မိပေမယ့် မတွေ့သော့ နေဦးနှင်းရင်မှာ ငွမ်းလျလျ။

ဒီလိုခံစားချက်က နေဦးနှင်းဆိုသော သူ့ဘဝမှာ မိန်းကလေး တစ်ယောက်နှင့်ပတ်သက်ပြီး ပထမဦးဆုံး ခံစားမိသော ခံစားချက် အသစ်အဆန်း။

- နှန်းဆိုတဲ့ မိန်းကလေးရယ်။
- မင်းအတွက်နဲ့ ကိုယ် ဘာတွေဖြစ်ကုန်ပြီလဲ။

နေဦးနှင်းမှာ မြို့ပေါ်က ထည်လဲတွဲခဲ့မိသော သူ့ရည်းစားတွေနှင့် နှန်းဆိုသော မိန်းမချောလေးကို နှိုင်းယှဉ်ကြည့်မိသည်။

ရောင်စုံကာလာတင်ထားသော မျက်နှာတွေက အပေါ်ယံအမြင်မှာတော့ လှပနေတာ မှန်ပေမယ့် နှန်းဆိုသော မိန်းကလေး၏ သဘာဝဆန်သော အလှတရားတွေကို မမှီတာကိုတော့ နေဦးနှင်း ဝန်ခံရမည်ဖြစ်သည်။

မျှော်လင့်ထားသော အရိပ်ကလေးကို ရှာမတွေ့ပေမယ့်

ခြံအတွင်းပိုင်းက သဘာဝဆန်သော ပတ်ဝန်းကျင်အလှတရားတွေက နေဒွန်းကို ဆွဲဆောင်ညှို့ငင်နိုင်ပါသည်။

မင်းသိန်းအဒေါ် ဒေါ်မူသိန်းပိုင်ဆိုင်သည့် လီမွှော်ခြံကြီးသည် ဧကပေါင်းများစွာ ကျယ်ဝန်းလှသည့် ခြံကြီးဖြစ်သလို ခြံကြီးအတွင်းပိုင်းတွင်လည်း စမ်းချောင်းငယ်လေးတစ်ခုက ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။

ကျောက်စရစ်ခဲလေးများဖြင့် ကြည်လင်နေသော စမ်းချောင်းလေးသည် အစပိုင်းတွင်သာ ကြည်ကြည်လင်လင်နှင့် မနက်ပေမယ့် ရေအလယ်ပိုင်းတွင်တော့ ထိုက်သင့်သလောက် နက်ဟန်တူပါသည်။

သာယာလှပလွန်းသော ပတ်ဝန်းကျင်နှင့် သဘာဝဆန်စွာ စီးမြောကျနေသော စမ်းချောင်းလေးအနားတွင် နေဒွန်းတစ်ယောက် ရပ်လိုက်ပြီး သဘာဝအလှတရားများကို ခံစားနေမိစဉ်ခဏ သူ ပထမဦးဆုံး ကြားလိုက်ရသည်ကား တိုးသဲ့သော သီချင်းညည်းသံလေးဖြစ်သည်။ အသံကြားရာ နေရာလေးသို့ နေဒွန်း ခြေသံလုံလုံဖြင့် လျှောက်ခဲ့သည်။



သစ်ပင်အကွယ်လေးနောက်မှ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် နေဒွန်း လှိုက်ခနဲ ဝမ်းသာသွားရသည်။ သူတွေ့မြင်လိုက်ရသည်က စမ်းချောင်းလေးဘေးတွင် ထိုင်ကာ တောစံပယ်ပွင့်လေးများကို သီကုံးနေသည့် နန်းဆိုသော မိန်းမချောလေး။

နန်းက သူမအာရုံနှင့်သူမ ပန်းလေးတွေကို လှပစွာ သီကုံးနေပါသည်။ ဖြူဝင်းကြည်လင်နေသော အသားအရေ၊ ငါးပေလေးလက်မခန့် အရပ်အမောင်း၊ ကျစ်လစ်သွယ်လျသော ခန္ဓာကိုယ်လှလှလေးမှာ ပန်းသွေးရောင် ခပ်ဖျော့ဖျော့ဝတ်စုံကို ဆင်မြန်းထားပြီး မည်းမည်းခက်ခက် ဆံပင်ရှည်ကြီးက သူမကိုယ်ပေါ်မှာ ပုံပုံလေးရှိနေပုံကိုက နေဒွန်းရင်ကို တသိမ့်သိမ့်ကြည်နူးချမ်းမြေ့သွားစေပါသည်။

စင်ရော်တောင်မျက်ခုံး၊ လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးများကို လှပစွာ အနားသပ်ထားသည့် မည်းနက်သော မျက်တောင်ကော့ကြီးများ၊ လှပသော နှာတံစင်းစင်းလေးအောက်က မည်သည့်ဆေးမှ မကူဘဲ သွေးရောင်လွှမ်းကာ နီမြန်းထွေအမ်းသည့် နှုတ်ခမ်းပြည့်ပြည့်လေးက တလှုပ်လှုပ်နှင့် မြင်ရသူရင်ကို ညှို့ငင်

ဖမ်းစားထားနိုင်ပါသည်။

"နန်း"

သူမအမည်လေးကို ညင်သာတိုးဖွဖွာ ခေါ်လိုက်သည်နှင့် နန်း၏ ဦးခေါင်းလှလှလေးက သူ့ရှိရာသို့ ချာခနဲလှည့်လာပါသည်။ နန်းနှင့်သူ အကြည့်ချင်းဆုံသွားသည်။

"ဟင်"

"အို"

ရုတ်တရက် ထင်မှတ်မထားဘဲ နေဒွန်းဆိုသည့် ကိုလူချော ကို နီးနီးကပ်ကပ် တွေ့လိုက်ရသဖြင့် အံ့သြမှင်သက်နေစဉ်မှာပင် သူက နန်းကို အလိုက်လှဲဆုံး နူးညံ့ချိုမြိန်စွာ ပြုံးပြလာသည့်အခါ နန်းမှာ သူ့ကို ပြန်ပြုံးမပြမိဘဲ နေရာမှ ကမန်းကတန်းလေး ထရပ် လိုက်သည်။

သူဘယ်လိုလုပ်ပြီး နန်းရှိရာ ရောက်လာသည်မသိပါ။

"ကိုယ်...နေဒွန်းပါ၊ ဟိုတစ်နေ့က နန်းနဲ့ဆုံဖူးတယ် လေ"

လှပရွှန်းလက်သော မျက်ဝန်းပြာကြီးတွေ တဖျပ်ဖျပ်



လှုပ်ခတ်သွားသည်မှအပ နန်းထံမှ ဘာစကားသံမှ ထွက်မလာပါ။

"နန်းကို မြင်မြင်ချင်း ခင်မိတယ်၊ နန်းရော ကိုယ့်ကို ပြန်ခင်နိုင်မလားဟင်"

"နန်း သွားတော့မယ်"

"နန်း"

"အို...နန်းရှေ့ကဖယ်"

ပြောပြီး နေရာမှထွက်ရန် ကြိုးစားနေသူလေးကြောင့် နေဒွန်းက နန်း သူ့အနားက ထွက်ခွာမသွားနိုင်စေရန် သူမရှေ့က ပိတ်ရပ်လိုက်ခြင်းကြောင့် နန်း၏ ခြေလှမ်းလေးများ တုံ့နှေးရပ်တန့် သွားရကာ နေဒွန်း၏ မျက်နှာချောချောကို ကြောက်ရွံ့ထိတ်လန့် သော မျက်ဝန်းပြာကြီးများဖြင့် မော့ကြည့်လာပါသည်။

နေဒွန်းမှာလည်း နန်းဆိုသော မိန်းကလေး၏ ထိုအပြု အမူလေးများကို အသည်းတယားယားနှင့် လိုက်လှဲစွာ မြတ်နိုးသွား မိရသည့်အတွက် သူမြင်လိုတွေ့လိုလှသော နန်းကို အခုမှ အနီးကပ် အားပါးတရ ကြည့်နေမိသည်။

"နန်းကိုကြည့်ရတာ ကိုယ့်ကိုကြောက်နေသလိုပဲ

Scanned by CamScanner

ဟုတ်လား"

"ဟင့်အင်း…ဟင့်အင်း နန်း သွားပါရစေ"

"နန်းသွားရင် တို့လည်းလိုက်မယ်"

"ဟင်"

နန်းမှာ ကိုယ့်နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်ရပါသည်။

ကြည့်စမ်းပါဦး။

သူနဲ့နန်းလည်း တစ်ယောက်ကိုတစ်ယောက် ရင်းရင်းနှီးနှီး သိကြခင်ကြတာလည်း မဟုတ်ဘဲနဲ့ နန်းကို ပြောပုံဆိုပုံက ပိုင်စိုးပိုင်နင်း ဆန်လှချည်လား။

"နန်းနဲ့ ထပ်ဆုံချင်လို့ ကိုယ်ရှာနေတာ နန်း သိလား၊ အခုလို နန်းနဲ့ဆုံတွေ့တုန်း ကိုယ့်ကို စကားပြောခွင့်ပြုပါ"

"နန်း…မအားဘူးရှင့်"

"သိပါတယ်ဗျာ၊ နန်း ဖန်းသီမလို့မဟုတ်လား၊ ဆက်သီလေ၊ ကိုယ်လည်းကူပေးမှာပေါ့"

"အို"



နန်း စိတ်ညစ်သွားရသည်။ ဘယ်လိုလူလဲ။

သူကို နန်း ခင်ချင်မှန်းမသိ၊ မခင်ချင်မှန်းမသိနှင့် ဖွတ်အတင်းကြီး လိုက်ရောနေပါလား။

"နန်း"

နန်း မထူးမိပါ။

လမ်းဘက်သို့သာ မသိမသာလေး လှမ်းမျှော်ကြည့်ရင်း ဒီအချိန် သူငယ်ချင်းဖြစ်သူ သီအေး ပြန်လာလျှင် ကောင်းမှာပဲဟု စဉ်းစားနေမိသည်။

သူငယ်ချင်းဖြစ်သူ သီအေးနှင့် ဒီနေရာလေးကို အတူထွက်လာခဲ့ခြင်းဖြစ်ပေမယ့် သူမရောက်ခင်က သီအေး ခြံဘက်သို့ ကိစ္စရှိ၍ ခဏပြန်သွားခြင်းဖြစ်သည်။

"ကိုယ့်ဘဝမှာ နန်းလို ဘယ်မိန်းကလေးကိုမှ မခင်မိဘူးဆိုတာတော့ နန်း သိစေချင်တယ်"

နန်း သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

"အို"

နန်းရင်ထဲမှာ ရှုန်းလှဲသော သူ့ထံမှ အကြည့်စူးများကြောင့်

Scanned by CamScanner

ရင်ထဲမှာ ထိတ်ခနဲ တုန်ယင်လှိုက်ဖိုသွားကာ မျက်နှာလှလှလေး နီမြန်းထူအမ်းလျက် ချက်ချင်း မျက်လွှာချ အကြည့်လွှဲလိုက်ပါသည်။

"ကိုယ့်ကို နန်း မခင်နိုင်ဘူးလားဟင်၊ ပြောပါဦးဗျာ"

ရှက်သွေးဖြင့် နီမြန်းနေသော မျက်နှာလှလှလေးကို ချစ်မဝနိုင်စွာ စူးစိုက်ကြည့်ငေးရင်း နေဒွန်းကလည်း သူဖြစ်ချင်သည့်ဆန္ဒကို ဖွင့်ဟ်တိုးတောင်းဆိုနေမိသည်။

"နန်း…သွားပါရစေတော့ရှင်"

"ကိုယ်မေးတာ အရင်ဖြေဦးလေ၊ ကိုယ့်ကိုခင်ဖို့ နန်းအတွက် ဒီလောက်ပဲ ခက်ခဲနေလား"

နန်းပုံစံလေးကိုကြည့်ပြီး နေဒွန်း အားမလိုအားမရ မေးလိုက်သည်။

"ဟော…ဟိုမှာ သီအေး လာနေပြီ"

သူနောက်ကျောဘက်ကို လှမ်းကြည့်ရင်း ပြောလိုက်သည့် နန်း၏စကားသံလေးကြောင့် နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့် ခဏမှာပင် နန်းက သူ့အပါးမှ လှစ်ခနဲ ပြေးထွက်သွားသည်။

ssl



"နန်း"

"နေဦးလေ"

သူ့အသံကို ကြားသော်လည်း နန်းက သူ့ကို လှည့်မကြည့်တော့ပါ။ လိမ္မော်ခြံဘက်သို့ ပြေးဝင်ပျောက်ကွယ်သွားတာကိုကြည့်ပြီး နေဒွန်း ပြုံးလိုက်သည်။

နန်း သူ့ကို လူလည်လုပ်သွားပုံလေးက ဘယ်လောက်များ ချစ်မြတ်နိုးဖို့ ကောင်းလိုက်ပါသလဲ။

သူ နန်းဆိုသော မိန်းကလေးကို ချစ်မိသွားရပြီ။

ဘယ်လို တံတိုင်းတွေ ဘယ်လောက်ပဲခြားခြား မင်းလေးအံချစ်ကို ကိုယ်ရဖို့ ကြိုးစားမယ်။

နန်းဆိုတဲ့ မင်းလေးရယ်။

မင်းလေးကို ကိုယ် သိပ်ချစ်မိသွားပြီကွယ်။ ကိုယ့်အချစ်က ဘယ်လောက်ပဲ မြန်တယ်ပြောပြော ကိုယ့်နှလုံးသားကို ကိုယ်ယုံကြည်တယ်။

ဘယ်မိန်းကလေးနဲ့မှ ပတ်သက်ပြီး ဘယ်တုန်းကမှ ရင်ခုန်ချစ်မြတ်နိုးခြင်း မရှိခဲ့တာ နေဒွန်းသာ အသိဆုံး။

Scanned by CamScanner

လှိုက်လှဲသောရင်ဖြင့် နေဒွန်းဆိုရင်း ချစ်သူလေး၏ အပြုအမူလေးများအတွက် ချစ်အသည်းယားစွာ အသံထွက်၍ ခပ်တိုးတိုး ရယ်မောလိုက်မိပါတော့သည်။

□ □ □

## အခန်း (၉)

"ဒီကနေ့တော့ တို့ လိပ်မွှော်ခြံအနားမှာရှိတဲ့ နန်းဦးဘုရားကို လိုက်ပို့ပေးမယ်"

မင်းသိန်းက နေဒွန်းအား လိပ်မွှော်ခြံနှင့် မလှမ်းမကမ်းတွင် ရှိနေသော ဘုရားကို လိုက်ပို့ပေးဖို့ ဆိုလာသည်။

"သွားကြတာပေါ့၊ ဘယ်သူတွေပါဦးမလဲ"

"အဒေါ်တို့လည်းပါမယ်၊ ပြီးတော့ နန်းတို့သူငယ်ချင်းတစ်တွေလည်း ပါကြမယ်"

"ကောင်းတာပေါ့၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

"ဘာသိပ်ကောင်းတာလဲ၊ နေဒွန်းနော် မင်းကို ငါပြောပြီးသား၊ မဖြစ်နိုင်တာကို အစကတည်းက မကြိုးစားတာ အကောင်း

ဆုံးပဲ''

''ငါ ဆုံးဖြတ်ပြီးပြီ မင်းသိန်း''

''ဘာကိုလဲ''

''နန်းကို သိပ်ချစ်မိသွားပြီ''

''ဟင်''

မမျှော်လင့်သော စကားကို နေဒွန်းထံမှ ကြားလိုက်ရသဖြင့် မင်းသိန်း အတော်ကြီး အံ့သြသွားရ၏။

''လုံးဝမဖြစ်နိုင်တာပဲ နေဒွန်း''

''ဘာအတွက် မဖြစ်နိုင်တာလဲ''

''မဖြစ်နိုင်တာတွေကတော့ အများကြီးပေါ့ကွာ၊ ရုပ်ရည်လေးရှိတာကလွဲပြီး ဓနဥစ္စာ၊ ပညာ ဘာတစ်ခုမှ မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တာတစ်ခုတည်းနဲ့ မင်းဘဝထဲ ဆွဲခေါ်နိုင်ရဲလို့လား''

''အဲဒါတွေ အားလုံးလည်း ငါ စဉ်းစားထားပြီးသား၊ ဘာပဲဖြစ်ဖြစ် နန်းနဲ့ပဲ ဘဝတစ်ခုကို တည်ဆောက်တော့မယ်''

''ဟုတ်မှလည်း လုပ်ပါကွာ၊ အချစ်ဆိုတာ တစ်ခုတည်း





နဲ့ ဘဝဆိုတာကို တည်ဆောက်ဖို့ မင်း ထင်သလောက်မလွယ်ဘူးနော်၊ မင်းနဲ့နန်းက အခြေခံချင်း မတူသလို ဘဝတွေလည်း မတူဘူးဆိုတာကိုတော့ မင်း မေ့မထားသင့်ဘူး၊ နန်းထက်သာတဲ့ မိန်းကလေးတွေ မင်းအနားမှာ အများကြီးပါကွာ၊ မင်း စိတ်ကူးယဉ်မနေပါနဲ့''

''မင်း ငါ့အတွက် အခုလို စေတနာထားပြီး အကြံပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ နန်းကို သိပ်ချစ်မိတဲ့ ငါ့အချစ်တွေကတော့ ဘယ်လိုအကြောင်းတရားနဲ့မှ ဖျောက်ဖျက်နိုင်မှာမဟုတ်ဘူး''

''ဟုတ်ပြီလေ…မင်း ဒီလောက်ဖြစ်နေရင်လည်း ငါ ဘာမှမပြောတော့ဘူး၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ငါပြောတာတွေ မှန်ပါလားလို့ မင်း နောင်တမရမိစေနဲ့''

''စိတ်ချ…မင်းသိန်း၊ နန်းကိုချစ်မိတဲ့ ငါ့ရဲ့အချစ်တွေအတွက် ဘယ်တော့မှ နောင်တဆိုတာ မရှိစေရဘူး''

နေဒွန်း၏ မျက်နှာချောချောကိုသာ မင်းသိန်းမှာ သက်ပြင်းတစ်ချက်ရှိုက်ကာ ကြည့်လိုက်မိပြီး ဘာစကားမှ မဆိုဖြစ်တော့။



Scanned by CamScanner

ပြည့်စုံသော မိန်းမလှများစွာနှင့် ထည်လဲတွဲပြီး အချစ်ဆိုတာကို မတွေ့ခဲ့သော နေဒွန်းအတွက် အချစ်ဆိုတာကို ဘွေ့မယ့်တွေ့တော့လည်း သူ့အချစ်က ခြားနားချက်များစွာနှင့်။

သဘာဝပတ်ဝန်းကျင်နှင့် နန်းဦးစေတီက ကြည်ညိုသပ္ပါယ်စရာ ကောင်းလွန်းလှပါသည်။

သူတို့အားလုံး ဘုရားဝတ်ပြုပြီးနောက် ဒေါ်ကြီးတို့အဖွဲ့က ဘုရားမှာ ပုတီးထိုင်စိပ်ကြသည်။

နန်းနှင့် နန်းသူငယ်ချင်း သီအေးအပါအဝင် မင်းသိန်းတို့လေးယောက်သား အဖွဲ့ကတော့ ဘုရားဝင်းထဲမှ ထွက်ခဲ့ကြပြီး သာယာလှပလွန်းသော သဘာဝရှုမျှော်ခင်းတွေကို လိုက်ကြည့်ကြသည်။

"ဟိုမှာ…စမ်းချောင်းလေးနော်"

နေဒွန်းက သဘာဝပတ်ဝန်းကျင်ထဲမှာ ကွေ့ကွေ့ကောက်ကောက်လေး စီးဆင်းနေရသော စမ်းချောင်းလေးကို မြင်လိုက်သဖြင့် ဆိုလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် အစ်ကိုနေဒွန်း၊ အဲဒီစမ်းချောင်းလေးက



သီအေးတို့ လိမ္မော်ခြံကြီးထဲကို ဖြတ်ပြီးစီးဆင်းနေတဲ့ စမ်းချောင်းလေးပဲ"

"ဟုတ်လား…ကိုယ်သွားကြည့်ချင်တယ်"

"ကြည့်လေ…အစ်ကိုနေဒွန်း၊ သီအေးတို့လည်း လိုက်ခဲ့ပါ့မယ်"

လေးယောက်သား စမ်းချောင်းလေးရှိရာသို့ လျှောက်လာခဲ့ကြသည်။ စမ်းချောင်းလေးသို့ သွားရာလမ်းကလေးက ကျဉ်းမြောင်းသဖြင့် မင်းသိန်းနှင့် သီအေးတို့က ရှေ့မှသွားပြီး နန်းဆိုသော ချစ်သူလေးနောက်နားမှာ နေဒွန်းတစ်ယောက် လိုက်ပါလာခဲ့သည်။

နောက်ဖက်မှ မြင်နေရသော သိပ်ချစ်မိရသည့် နန်း၏ ခန္ဓာကိုယ်ကောက်ကြောင်းအလှလေးက နေဒွန်းအတွက် ရင်တမိမိ ဖြစ်စေရသည်က အမှန်။

နန်းဆိုသော ချစ်မိသူလေးက အခုအချိန်အထိ သူ့ကို ဘာစကားတစ်ခွန်းမှ မဆို။

သစ်ပင်တောတန်းများနှင့် စိမ်းလန်းစိုပြည်စွာ ရှိနေရသော

စမ်းချောင်းကလေးရှိရာသို့ သွားသောလမ်း၏ တစ်နေရာအရောက်မှာတော့…

"နန်း"

"အို…အမေ့"

နေဒွန်းက နန်း၏လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ခြင်းကြောင့် ရှေ့သို့လှမ်းနေသော နန်းတစ်ကိုယ်လုံး အရှိန်မထိန်းနိုင်ဘဲ သူ့ရင်ခွင်ထဲကို ထွေးခနဲ ရောက်ရှိသွားရပါသည်။

"ရှင်…ရှင် ဒါဘာလုပ်တာလဲ၊ နန်းကိုလွှတ်ပါ"

"မလွှတ်ဘူး"

"ဟင်"

"နန်းနဲ့ အခုလိုဆုံတွေ့ချင်လို့ ကိုယ့်မှာ ဘယ်လောက်အကြံဉာဏ်တွေ ထုတ်လိုက်ရတယ်ဆိုတာ နန်း သိရဲ့လားဟင်"

နေဒွန်းက နန်းကိုယ်လေးကို စိတ်မထိန်းနိုင်တော့သလို ပိုတိုး၍ ထွေးဖက်ရင်းက ဆိုလိုက်သည်။

"အို…မသိဘူး၊ မသိဘူး၊ နန်း ဘာမှမသိဘူး၊ နန်းကိုလွှတ်"



နန်း သူ့ရင်ခွင်ထဲက ဖွတ်အတင်း ရုန်းထွက်ဖို့ကြိုးစားသည်။ လမ်းက အကွေ့အကောက်နှင့်အတူ သစ်ပင်တောတန်းများကြောင့် ရှေ့မှသွားကြသူ မင်းသိန်းနှင့် သီအေးတို့ကတော့ သူတို့နှစ်ယောက် အဖြစ်အပျက်ကို မသိလိုက်ကြ။

နန်းက ရုန်းလေ သူက ပို၍ဖက်လေနှင့် နန်းမှာ နေဒွန်းရင်ခွင်ထဲမှာ နစ်သထက် နစ်နေရုံမက နီးကပ်လွန်းသည့် အနေအထားကြောင့် သူ့ထံမှ ဝင်သက်ထွက်သက် လေငွေးငွေးက နန်း၏ ပါးမို့မို့နှင့် လည်တိုင်မှာ တိုးဝှေ့လျက်ရှိပါသည်။

"လွှတ်စေချင်ရင် ကိုယ့်ကို ကတိပေးရမယ်"

"ဘာကတိလဲ၊ နန်းမသိဘူး"

"လွှတ်ဆို"

"ရှင်နော်…ပြောမရဘူးလား"

"မရဘူး"

"အို"

သူ့ရင်ခွင်ထဲမှာ ဖြစ်ချင်ဝိုင်းဖြစ်နေသည့် နန်း၏အဖြစ်ကို မင်းသိန်းနှင့် သီအေးတို့ တွေ့မြင်သွားပါက နန်းမှာ ရှက်လွန်း၍

Scanned by CamScanner

သေရမည်ဖြစ်ပေယ့်လည်း သူကတော့ ဘာကိုမှ အရေးမစိုက်သလို သဘောထားပြီး သူပြစ်ချင်ရာကိုသာ တောင်းဆိုနေသလား မသိပါ။

"နန်းနဲ့ကိုယ် နှစ်ယောက်တည်း တွေ့ချင်တယ်၊ တွေ့ခွင့်ပြုပါ၊ နန်းနဲ့ကိုယ် စကားပြောပါရစေ၊ တွေ့မယ်လို့ ကိုယ့်ကို ကတိပေးပါလား နန်းရယ်"

"ကိုယ်...နန်းကို"

"အို...တော်ကြာ သီအေးတို့ ပြန်ကွေ့လာလိမ့်မယ်၊ နန်းကိုလွှတ်ပါ"

"ကိုယ့်ကို ကတိအရင်ပေးဦးလေ၊ ကိုယ်တို့နှစ်ယောက် ဟိုတစ်ခါဆုံတဲ့ စမ်းချောင်းလေးက နေရာလေးမှာ မနက်ဖြန် ကိုးနာရီကို စောင့်နေမယ်နော်၊ ကိုယ့်ကို တွေ့ခွင့်ပေးမှာလား"

"အင်း...အင်း"

နန်းမှာ ရှက်ခြင်း၊ လန့်ခြင်းများဖြင့် ရောနှောပေါင်းစပ်ကာ သူ့လက်က လွှတ်လိုဇောဖြင့် သူ့ရင်ခွင်ထဲက ခပ်မြန်မြန်လေး ခေါင်းညိတ်ပြလိုက်သည်။

"တကယ်နော်..ပြောပြီးမှ ကတိမတည်ရင် ကိုယ့်ကို



အဆိုးမဆိုနဲ့နော်"

ဒုတိယအကြိမ် နန်း ခေါင်းညိတ်ရပြန်သည်။ ရင်ခွင်ထဲက အချစ်ပုတ်သင်ညိုမလေးကို ကြည့်ရင်း နေဒွန်းရင်မှာ ချစ်ခြင်း၊ မြတ်နိုးရခြင်းများဖြင့် တသိမ့်သိမ့်ပျော်ရွှင်သွားသည်။

"အို...လွှတ်တော့လေ"

"လွှတ်မှာပါဗျာ၊ ဒီမှာ ကိုယ့်ကို တစ်ချက်လောက်မော့ ကြည့်ပါဦး"

"ဘာလဲ"

"အို"

နန်း၏ စကားသံလေး ပျောက်ဆုံးသွားသည်။ နှင်းဆီဖူး နှုတ်ခမ်းလေးကို တင်းကြပ်စွာ တုပ်နှောင်ခြင်း ခံလိုက်ရသဖြင့် နန်းခမျာ စကားဆိုခွင့်မရဘဲ ဖြစ်သွားသည်။

"နန်းကို ကိုယ်သိပ်ချစ်တယ်၊ ပြီးတော့ ပြောစရာစကားတွေလည်း အများကြီးရှိတယ်၊ မနက်ဖြန်ကျရင် နန်းနဲ့ကိုယ် တွေ့မယ်နော်"

နန်း ဘာစကားမှ ဆိုခွင့်မရလိုက်ပါ။ သူက နန်းမျက်နှာ

လှလှလေးထက် အနမ်းပွင့် ခြေချအပြီးမှာ ပြောပြောဆိုဆို နန်းအပါးမှ ရုတ်တရက်ထွက်သွားခြင်းကြောင့် ဖြစ်သည်။

နန်းတို့နှစ်ယောက်အဖြစ်ကို ဘယ်သူမှ မသိလိုက်ကြသော်လည်း ကာယကံရှင်ဖြစ်သည့် နန်းမှာတော့ နေဒွန်းဆိုသည့် ကိုလူချောကြောင့် ရင်တွေ တဒိတ်ဒိတ်ခုန်ကာ တုန်တုန်ယင်ယင်လေး ဖြစ်ကျန်ရစ်ခဲ့ရပါသည်။

ရှေ့မှသွားသော မင်းသိန်းတို့က သူတို့အလာကို စောင့်နေကာ…

"ဘာဖြစ်လဲ၊ ကြာလှချည်လား"

"ယတ်ဝန်းကျင်က လှလွန်းလို့ ဓာတ်ပုံရိုက်နေလို့"

နေဒွန်းက ဘောင်းဘီအိတ်ထဲမှ ထုတ်လိုက်သော ဒီဂျစ်တယ်ကင်မရာလေးကို ထောင်ပြလိုက်ရင်းက ဆိုလိုက်ပြီး နန်းမျက်နှာလေးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ သွေးထံသို့ ဝဲပျံ့ကျလာသည့် နန်း၏မျက်စောင်းလှလှလေးကို မြင်ရသည်။

"အဟွန်း…ဟွန်း"

နေဒွန်းက နန်း၏မျက်စောင်းလေးကို မြင်ရသဖြင့်



သဘောကျသလို ဖြစ်သွားရပြီး လှပလွန်းသော သူမမျက်နှာလေးကိုကြည့်ကာ မြတ်နိုးချစ်မဝနိုင်စွာ ပြုံးရယ်လိုက်မိပါသည်။

နန်းရယ် မင်းလေးကို ကိုယ် သိပ်ချစ်မိနေပြီကွယ်။

ကိုယ့်ဘဝမှာ နန်းမရှိလို့ မဖြစ်ဘူး။

နန်းကို ကိုယ်သိပ်ချစ်တယ်။

□ □ □

Scanned by CamScanner

## အခန်း (၁၀)

ချစ်သည်။ သူမကို သိပ်ချစ်ပါသည်တဲ့။

နန်း ကိုယ့်အဖြစ်ကို သူမ အခုထက်ထိ မယုံနိုင်သေးပါ။

ရန်ကုန်နေသည့် မြို့ကြီးသား သူလိုလူအား နန်းကို ချစ်နေပါသည်တဲ့။

မယုံကြည်နိုင်စရာပါပဲလားကွယ်။

နေဒွန်းဆိုသည့် လူတစ်ယောက်က နန်းကို အခုလိုချစ်စကားတွေ ရဲရဲတင်းတင်းဆိုကာ သူမကို သူပိုင်ချစ်သူရည်းစားတစ်ယောက်သဖွယ် လူကို ချစ်အနမ်းတွေ အခုလိုဖွတ်ပေးသွားလိမ့်မယ်လို့ နန်း မထင်မိခဲ့ပါ။

ယခု မထင်မှတ်သည့်အဖြစ်ကို နန်း ကြုံခဲ့ရပြီဖြစ်သည်။



နန်းဘဝတစ်လျှောက်လုံးတွင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး အဖြူစင် အသန့်ရှင်းဆုံး ထားခဲ့ပါရက်နှင့် အခုအဖြစ်က…

ကြည့်စမ်းပါဦး။ ဘယ်လောက်များ ရှက်ဖို့ကောင်းသည့်အဖြစ်လဲဆိုတာ။

နန်းဘဝမှာ ယင်ဖိုတောင်မသန်းဘူးသည့် သူမပါးပြင်ကို သူ့အချစ်များတစ်ခုတည်းနှင့် မညှာမတာ ဖွတ်တိုးနမ်းရှိုက်သွားသည်က ကျွေးလေလေ ရင်မှာဖြေသိမ့်လို့မရလေလေဖြစ်သည်။

ချစ်သည်ဆိုကာ ချစ်အနမ်းတွေ ဖွတ်အတင်းပေးသွားသည့် နေဒွန်းဆိုသည့် လူကို နန်းသည် နာကြည်းဒေါသဖြစ်ရသည့်ကြားက ရင်မှာ ရှက်ရွံ့ဒေါသတို့ဖြင့် သူ့အား သတိရနေမိသည်ကလည်း သူမရင်ကို ပိုရှုံနာကျင်စေပါသည်။

သည့်လူ သူမအပေါ် ဘယ်လောက်ရဲတင်းလိုက်ပါသည်လဲဆိုတာ။ နန်းနှင့်သူဆိုတာ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြတာမှ ဘာမှမကြာသေးပါပေ။

သည်လို အချိန်တိုလေးအတွင်းမှာ တစ်ယောက်နှင့်

တစ်ယောက် ရင်းနှီးမှုမရသေးဘဲ သူမအား ဖွင့်တရွတ်အချစ်ဖြင့် ချစ်စကားဆိုခဲ့သည့်အဖြစ်။

သူလိုလူတစ်ယောက်၏ အချစ်ကို နန်းသည် ဘယ်လို လုပ် ယုံကြည်ကာ လက်ခံရမည်တဲ့လဲ။

သူမလို ဘာဂုဏ်မှ၊ ဘာအဆောင်အယောင် အသိုင်းအဝိုင်းမှ မပါသည့် ခြံအလုပ်သမားတစ်ယောက်ကို အထင်သေးပြီး ဒီလိုမျိုး ဆက်ဆံတာလားဆိုသည့် အတွေးမျိုးလေးက နန်းရင်ကို နာကျင်စေရပါသည်။

သည်လိုမျိုးသာဆိုပါက နန်းထံမှ အချစ်များကို ရဖို့ ဘယ်တော့မှ မရနိုင်ပါ။

သူသဘော သူ့ဆန္ဒတစ်ခုတည်းနှင့် လူကို ချစ်အနမ်းတွေပေး၊ ချစ်စကားတွေ တွင်တွင်ဆိုသွားသည့် နေဒွန်းကို နန်းသည် နာကြည်းမှုနှင့်အတူ မုန်းရပါသည်။

သည်ယောက်ျားတစ်ယောက်သည် ချစ်တယ်ဆိုတာထက် အခွင့်အရေးယူတတ်တာ များများဆိုသည့် ယောက်ျားမျိုးဖြစ်သည်။

သည်လိုလူမျိုးကို နန်း ကြည့်မရပါ။ သိပ်မုန်းပါသည်။



နန်း လက်ခံနားလည်ထားသည့် အချစ်ဆိုတာက ဘာအခွန်းအထင်းမှ မပါသည့် ဖြူစင်သန့်ရှင်းသော နူးညံ့သိမ်မွေ့သည့် နှလုံးသားမှ သူ့အလိုလို ပေါက်ဖွားလာသော နွေးထွေးအေးမြသည့် ချစ်ခြင်းပင်ဖြစ်သည်။

နေဒွန်းဆိုသည့်လူသည် သူမကို ဒီလိုမျိုး ချစ်စကားတွေဆိုကာ သူ့ဆန္ဒ သူ့သဘောနှင့်သူ ချစ်အနမ်းတွေ ဖွတ်ပေးသွားတော့ရော နန်းက သူ့ကို ပြန်၍ချစ်လာနိုင်မှာတဲ့လား။

နန်းသည် နေဒွန်းအား စိတ်မှနေ အကြိမ်ကြိမ် မုန်းပါသည်ဟု ဆိုနေပေမယ့် သူမမျက်ဝန်းထဲမှာတော့ နေဒွန်း၏ ယောကျ်ားပီသကာ တည်ကြည်ခန့်ညားသော မျက်နှာက တရေးရေးပေါ်လာရသည်။

ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကားဖြင့် နေဒွန်း၏ ကျစ်လစ်မြင့်မားသော အရပ်နှင့် ခန္ဓာကိုယ်က ယောကျ်ားပီသသလို စူးရှသောမျက်ဝန်း၊ ပိရိတိကျသော တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းနှင့် သူ့မျက်နှာချောချောက မိန်းကလေးများအတွက် ညို့ငင်နိုင်စွမ်းရှိစေသည်က အမှန်။

သို့ပေမယ့် နန်းအတွက် အချစ်သည် အနေနီးရုံနှင့် ဖြစ်ပေါ်လာတတ်သော အရာမဟုတ်သည်ကိုတော့ သူမယုံကြည်ပါသည်။

အနေနီး၍ အချစ်က ဖြစ်ပေါ်လာတတ်သည်ဆိုလျှင် သူမအား လာရောက်ချဉ်းကပ်သည့် ယောကျ်ားများအပေါ် သူမ ချစ်မိသွားမှာပေါ့။

သေချာသည်ကတော့ နန်းသည် နေဒွန်းအပေါ် မကြည်ဖြူ၊ မကျေနပ်ခြင်းများဖြင့် ရှိနေသည့်ကြားက သူ့အား စိတ်မှာ မေ့ပျောက်၍ မရနိုင်ခြင်းပင်ဖြစ်သည်။

□ □ □

အချိန်တွေသာ တရွေ့ရွေ့ ကုန်ဆုံးသွားပါသည်။ နန်းကဖြင့် သူရှိရာသို့ ရောက်မလာခဲ့ပါ။

မြို့ကြီး၏ စမ်းချောင်းလေးဘေးနားတွင် ထိုင်နေရင်း နေဒွန်းမှာ သူ့အတွေ့ချင်ဆုံး အရုပ်ကလေးတစ်ခုကို မျှော်လင့်နေမိသည်။ နေဒွန်းဘဝမှာ မိန်းကလေးတစ်ယောက်နှင့်ပတ်သက်ပြီး ဆူးရှနက်ရှိုင်းစွာဖြင့် တစ်ခါမှ မခံစားဖူးခဲ့ပေမယ့် အခုတော့ သူ့နှလုံးသားက ခံစားတတ်ခဲ့ပြီ။

အချစ်ဆိုသည့်စကားကို သူ ကြားဖူးခဲ့ပေမယ့် ဤမျှ ပြင်းထန်ဆိုးရွားလိမ့်မည်ဟု မထင်ခဲ့ပါ။

ခက်ခက်ကိုမှ လိုချင်သည်က လူ့သဘာဝဖြစ်သည်။ မမြင်ရ၊ မတွေ့ရလေ ပိုပြီး မြင်ချင်၊ တွေ့ချင်လေမို့ နန်းကို တွေ့မြင်

ချင်းဆောဖြင့် ပူလောင်နေပါသည်။

ကြည်လင်အေးမြသော စမ်းချောင်းရေတို့ စီးဆင်းနေသည်ကို ငေးကြည့်ရင်း နေဒွန်းမှာ နန်းကို တစ်ချိန်လုံး လွမ်းဆွတ်သတိရနေမိသည်။

နန်းရယ်။

ကိုယ့်ရဲ့ လျှပ်တစ်ပြက် ပေါက်ကွဲမိသွားရတဲ့ သိပ်ချစ်တဲ့ ချစ်အပြုအမူလေးကြောင့် မင်းလေး ကိုယ့်ကို အထင်လွဲနေပြီလား။

ထို့အတူ စိတ်လွတ်ကိုယ်လွတ်နှင့် နန်းသည် နေရာမှာ ထိုင်နေမိသည်။ သီအေးက အလုပ်ကိစ္စဖြင့် ပြန်မလာသေး။ ထွန်းလင်းလာသည့် လအရိပ်နှင့်အတူ ကိုယ်ထဲ ချမ်းစိမ့်လာမှုကို သတိထားမိပါမှ သစ်လုံးအိမ်ရှိရာပြန်ဖို့ သတိရလာ၏။

“ဟင်…အရမ်းအေးလာပြီပဲ”

နန်း တစ်ယောက်တည်း ရေရွတ်ရင်း ပြန်ရန် သူမကိုယ်လေးကို နောက်သို့ ချာခနဲအလှည့်…,

“ဟင်”

ခြေလှမ်းတွေ ရှေ့ဆက်လို့မသွားနိုင်အောင် နန်း အံ့ဩမှု



များဖြင့် မှင်သက်သွားရသည်။

ကြည့်လေ နန်းရှေ့တွင် မားမားကြီးရပ်နေသူက သူမအား ချစ်အနမ်းတွေ ဖွတ်ပေးသွားသည့် သူမမုန်းသော နေဒွန်းဆိုသည့်လူ။

“ရှင်…ရှင်”

“ကိုယ်ချိန်းတဲ့နေရာကို နန်းမလာတော့ နန်းရှိတဲ့နေရာကို ကိုယ်လာရတာပေါ့”

“ရှင်…ရှင်”

“အဟွန်း…ဘာလဲ . ကိုယ့်ကိုတွေ့လို့ နန်း အံ့ဩနေလား”

“ရှင်…ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ”

“ကိုယ်လည်း နန်းလိုပဲပေါ့”

“ဘာရှင့်”

“ဩော်…ဒီလို သာယာတဲ့ညလေးမှာ နန်းလိုပဲ ဟိုနား ဒီနား လမ်းလျှောက်ကြည့်တာပေါ့”

မထိခလုတ် ထိခလုတ် နေဒွန်းစကားကြောင့် နန်း၏

မျက်နှာလှလှလေး ယန်းနရောင် ပြေးသွားရသည်။

ထွက်ပြူစ လရောင်အောက်တွင် သိပ်လှနေသော နန်းကို ‌နေဒွန်းသည် မျက်ဝန်းတည်တည်စူးစူးများနှင့် ရင်ခုန်လှိုက်မော စွာ ငေးကြည့်နေမိသည်။ ကြည့်နေရင်းက သူ့ရင်ခုန်သံတွေသည် လည်း အတိုင်းအဆမရှိ မြန်ဆန်လာရသည်။

တစ်ဆက်တည်း သူ့ရင်ထဲက "နန်းရယ် သိပ်ချစ်တယ်၊ သိပ်ချစ်တာပဲ"ဆိုသည့် စကားများကိုလည်း ချစ်မြတ်နိုးခြင်းများစွာ နှင့် ဆိုညည်းနေမိသည်။

"နန်း"

"ဟင့်အင်း…နန်း သွားတော့မယ်"

နှစ်ဦးသား အသိတွေနှင့် ထိန်းချုပ်ထားသည့်ကြားက ‌နေဒွန်းနှင့် နန်းတို့မှာ အသံလေးတွေက မသိမသာ တုန်ခါနေရ သည်။

နန်းသည် နေဒွန်းကိုမကြည့်ဘဲ အကြည့်လွှဲထားရင်းက နေဒွန်းရှေ့ကနေ ထွက်မည်ပြုတော့

"နန်း…မသွားရဘူး"



"အို"

စကားသံနှင့်သာမက နန်း၏ လက်လေးတစ်ဖက်ကို သူ့လက်နှင့် လှမ်းဆွဲကာ တင်းတင်းကြီးဆုပ်ကိုင်လာတော့ နန်း အပျိုစင်လေးခမျာ ရှက်စိတ်တို့နှင့် မျက်ဝန်းလေးပြူးကျယ်ဝိုင်း စက်သွားရသည်။

"ရှင်…ရှင် နန်းကို ဘာလုပ်မလို့လဲ"

နန်းစကားကြောင့် နေဒွန်းသည် နန်းမျက်နှာလေးကို စူးစူး စိုက်စိုက်ကြည့်လိုက်ပြီး

"နန်း ဘာကိုကြောက်နေတာလဲ"

သူ့အပြောကြောင့် နန်းသည် နှုတ်ခမ်းလေးဖိကိုက်ကာ မခံချင်ဖြစ်သွားရပြီး…

"ရှင်နော်…နန်းက ဘာကိုကြောက်ရမှာလဲ"

"ဒါဆို ဒီလောက်သာယာတဲ့ အချိန်လေးကို နန်းဘာလို့ ကျောခိုင်းဖို့ စဉ်းစားနေရတာလဲ"

"ဒါကတော့"

နန်းထံမှ စကားရှေ့ဆက်မလာပါတော့။

"အဟွန်း...ဟွန်း...ဟွန်း နန်းရင်ထဲမှာ ဘာတွေဖြစ်ေ
တယ်ဆိုတာ ကိုယ်သိပါတယ် နန်းရယ်၊ စိတ်ချပါ၊ ကိုယ် အသက်
လောက်ချစ်နေပါစေ မိန်းကလေးတစ်ယောက်ဆီက အချစ်ကိုတော့
ကိုယ် ဘယ်တော့မှ ဓားပြတိုက်ယူမယ့်သူ မဟုတ်ဘူးဆိုတာ အဲ
နေ့က ကိုယ် နန်းကို ချစ်အနမ်းတွေ ပေးမိတယ်ဆိုတာကလည်း"

"အို...တော်ပါတော့၊ ရှင် နန်းကို ဘာပြောမလို့လဲ" တ

နေဒွန်းထံမှ ရှေ့ဆက်လာမည့် စကားများကို နန်း မကြား
ရဲတော့သလို ရှက်မျက်နှာရဲရဲလေးနှင့် နေဒွန်းအား စကားလွှဲလိုက် တ
တော့မှ နန်း၏ အရှက်သည်းမှုအတွက် မချင့်မရဲဖြစ်သွားရပြီး...

"နန်းကိုသိပ်ချစ်တယ်"

"ဟင်...ရှင်"

နန်း ရှက်လန့်တကြားလေးဖြစ်ကာ သူ့လက်ထဲက သူ
လက်ကလေးကို ဖွတ်ရုန်းယူလိုက်သည်။ နေဒွန်းမှာ နန်းလက်က
လေးကို မလွှတ်တမ်း ထွေးဆုပ်ထားရင်း...

"ဘယ်သွားမလို့လဲ နန်း၊ ကိုယ် စကားမဆုံးသေးဘူး
လေ"

Scanned by CamScanner

"ရှင့်စကားကို နှန်း နားမထောင်နိုင်ဘူး ကိုနေဒွန်း"

"အဟွန်း…နှန်းက ကိုယ့်ကို ကိုနေဒွန်းလို့ခေါ်တဲ့ အသံ ဆော့လေးက သိပ်နားထောင်လို့ကောင်းတာပဲ"

"ရှင်နော်"

"အဲဒီနေ့က အဖြစ်အတွက် နှန်း ကိုယ့်ကို စိတ်ဆိုးရင် လေ စိတ်ဆိုးလိမ့်မယ်၊ ဒါပေမဲ့ အဲဒီနေ့က နှန်းကို ကိုယ်ပြောခဲ့တဲ့ ကြားကား၊ ပြုမူခဲ့တဲ့ အပြုအမူတွေအားလုံးဟာ ကိုယ့်ရင်ထဲက နှန်းနဲ့ လို့စိတ်သက်ပြီး ခံစားရတဲ့ ခံစားမှု အစစ်အမှန်တွေပဲဆိုတာကိုတော့ ပြီး..နှန်း ကိုယ့်ကို နားလည်ပေးပါ"

နားလည်ပေးပါတဲ့။

ဟင့်အင်း။

သူသဘော၊ သူ့ဆန္ဒတွေနှင့် သူမကို ချစ်အနမ်းတွေ ဖွတ် ပေးခဲ့သူကို နှန်း ဘာကိုနားလည်ပေးရဦးမည်တဲ့လဲ။

နားမလည်မှု၊ အံ့ဩမှုတွေနှင့် နှန်း သူ့ကိုကြည့်လိုက်တော့ ဒွန်းသည်လည်း သူမ၏ လှပလွန်းသော မျက်နှာလေးကို မတည် မပြုံးကြီး စိုက်ကြည့်နေလေသည်။

Scanned by CamScanner

ဖူး၂ဖောက်ပလွှန်းသည့် သူ၏ အကြည့်စူးစူးကြီးကြောင့် နန်းမှာ ရှက်အားပိုသွားရသည်။

သည်လူ သူမကို ဘယ်လိုကြီး ကြည့်နေသည်မသိပါ။ သူ့အနားတွင် နန်း ဆက်နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့သည်မို့ နန်း နေဒွန်းလက်ထဲမှ သူမလက်ကို ခပ်ကြမ်းကြမ်းလေးပင် ရုန်းယူလိုက်ကာ...

"ဒီမှာ ကိုနေဒွန်း၊ ရှင်က အဲဒီအဖြစ်တွေအတွက် နန်းကို ခွင့်လွှတ်ဖို့ တောင်းဆိုနေတာလား"

"ဟင့်အင်း...ချစ်ဖို့တောင်းဆိုနေတာ ဆိုရင်ရော"

"ရှင်"

နန်းတစ်ယောက် ရင်တွေ တဒိတ်ဒိတ်ခုန်လာရသည်။

"ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ သိပ်ချစ်မိသွားတာ နန်းတစ်ယောက်ပဲရှိတယ် နန်းရယ်၊ အဲဒီစကားက ကိုယ့်ဘဝရဲ့ မှန်သောသည်စွာစကားပါ၊ ကိုယ့်စကားတွေကို နန်း ယုံကြည်ပေးပါ"

သူ့စကားတွေသည် မိန်းမတစ်ယောက်၏ နှလုံးသားကို



ညွတ်နူးလာစေအောင် ညှို့နိုင်စွမ်းရှိသည့် စကားများပင်ဖြစ်သည်ကို တော့ ဝန်ခံရပေမည်။

ဒါပေမဲ့ နန်းနှလုံးသားကို သူ့ဘက်သို့ လုံးဝ ယိမ်းဝါလာအောင်က နေဒွန်းသည် မစွမ်းဆောင်နိုင်သေးပါ။

"ကိုယ်ပြောရင်လည်း နန်း အံ့ဩနေလားပဲ၊ နန်းကို ကိုယ် မြင်မြင်ချင်း ချစ်ခဲ့မိတယ်"

ဒါကတော့ မဆန်းပါ။ နန်းအလှကို မြင်သူ အမျိုးသားတိုင်းက သူမကို ထိုစကားမျိုး ပြောတတ်ကြသည်ပဲလေ။

"ကိုယ် ဆန္ဒစောနေမှန်းသိလို့ ကိုယ့်စိတ်ကို ချုပ်တီးခဲ့ပါသေးတယ်၊ ဒါပေမဲ့ ကိုယ် နန်းမျက်နှာလေးကို အမြဲမြင်ချင်တွေ့ချင်နေမိတယ်၊ နန်းအနားမှာပဲ အမြဲနေချင်ခဲ့တယ်၊ အဲဒါဟာ နန်းကို ကိုယ်သိပ်ချစ်မိလို့ပဲ၊ နန်းရယ် ကိုယ့်အချစ်ကို ယုံပေးပါနော်၊ ကိုယ်ဟာ မိန်းကလေးတစ်ယောက်အပေါ်မှာ အခွင့်အရေးယူရိုင်းစိုင်းတတ်တဲ့ ယောကျာ်းတစ်ယောက် မဟုတ်ပါဘူး၊ ကိုယ် နန်းနဲ့ ပတ်သက်ရင် ကိုယ့်ကိုနှိမ့်ပြောခံပါတယ်၊ ဒါဟာ ဘာလဲဆိုရင် တကယ်လို့ ကိုယ်သိပ်ချစ်မိတဲ့ နန်းအတွက် ကိုယ် အသက်ပေးရရင်တောင်

နန်းဆီမှာ ကိုယ်မျှော်ကိုးတာ ဘာမှမရှိလောက်အောင်ပဲ ချစ်မိတဲ့ အချစ်မျိုးပါ နန်းရယ်"

ကိုနေဒွန်းရယ်။

နန်းရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ပါးလေးတွေ နီလာ၏။ သူ့ထံမှ အကြည့်ကို လွှဲလိုက်သည်။ နေဒွန်းဆိုသော သူနှင့် ရင်ဆိုင်ဖို့ အင်အားမရှိသလို ဖြစ်လာရ၏။ နန်းနှင့်ဆုံတိုင်း ရင်ထဲထိ လှုပ်ခတ်သွားအောင် ကြည့်တတ်သည့် ရွှန်းလဲ့သော မျက်ဝန်းတွေကို ပြန်မြင်ယောင်လာသည်။

"ရှင့်အချစ်ဆိုတာကိုတော့ ရှင့်ရဲ့ စိတ်ခံစားချက်လေ၊ အဲဒီအချစ်နဲ့ တစ်ပါးသူ စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့၊ နန်းမှာ ရှင့်ကြောင့် ဘယ်လောက်ဒေါသဖြစ်ရတယ်မှတ်လဲ"

နန်းသည် နေဒွန်းအပေါ် အခုထက်တိုင် မကျေနပ်သေးဟန်နှင့် မျက်စောင်းပြင်းပြင်းလေးထိုးကာ ပြောလိုက်တော့ နေဒွန်းသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိကာ...

"ဆောရီးပဲ နန်းရယ်၊ ကိုယ် နန်းကို အဲလိုဖြစ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ ကိုယ်တကယ် တောင်းပန်ပါတယ်"



နေဒွန်းနှင့်နန်းသည် နှစ်ဦးသား ပြောဆိုရင်းက မရည်ရွယ်ဘဲ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုများ ပိုသွားရသည်ကိုတော့ နှစ်ဦးလုံး သတိမထားမိလိုက်ပါ။

ထိုနေ့ကတော့ နေဒွန်းနှင့်နန်းသည် လရောင်ဆမ်းသော ညမှာပင် နှစ်ဦးသား စကားတွေ များစွာဆိုဖြစ်ခဲ့ရကာ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုတွေလည်း ရှိခဲ့ရလေတော့သည်။

□ □ □

## အခန်း (၁၁)

"ညီမလေး"

"ဟင်"

"ရှင်တို့ ဘယ်သူတွေလဲ၊ ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်နော်၊ ရှင်တို့ မနှောင့်ယှက်ကြနဲ့"

မိအေး နေမကောင်းဖြစ်သဖြင့် သည်နေ့မှ လိမ္မော်ခြံနှင့် နီးသောရွာသို့ ခြံအလုပ်သမားများအတွက် ဈေးဝယ်ထွက်လာရင်းက မထင်မှတ်ဘဲ လိမ္မော်ခြံအနားကျမှ ကားပျက်သွားသဖြင့် နီးနီးလေးပဲဆိုပြီး နန်းတစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ မထင်မှတ်ဘဲ အမူးသမားနှစ်ယောက်နှင့် ကြုံနေရသည်မို့ နန်းသည် မျက်နှာလေးပျက်ပျက် ကြောက်ရွံ့မှုများနှင့် ရှိနေရ



တော့သည်။

ဘယ်လိုပဲ ကိုယ့်ကိုယ်ကို သတ္တိရှိပါသည်ဆိုဆို ဒီလို အချိန်မှာ အမူးသမားများနှင့် လာကြုံနေရသည်မို့ နန်းသည် ရင်မှာ ကြောက်ရွံ့အားငယ်စိတ်များ ဖြစ်လာရသည်က အမှန်။

အားကိုးရာအဖြစ် ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြန်တော့လည်း အနီးဝန်းကျင်တွင် ဘယ်သူ့ကိုမှမတွေ့။

သူမတော့ ဒုက္ခရောက်ပြီထင်ပါရဲ့။ ဒရိုင်ဘာဦးလေးက ခဏစောင့်ပါဟု ပြောပေမယ့် နီးနီးပဲဆိုပြီး နန်းတစ်ယောက် ထွက်လာခဲ့သည်မှာ အခုတော့ မှားပြီထင်ပါရဲ့။

"ညီမလေး…ဘယ်ခြံကလဲ၊ တို့ရွာကတော့ ဟုတ်မယ် မထင်ဘူး၊ မင်းလေး သိပ်လှပါလားကွာ"

"အေး…ဟုတ်တယ်၊ ငါတို့ရွာမှာ ဒီလောက်လှတဲ့ မိန်းကလေးမျိုး မမြင်ဖူးဘူး၊ မင်းလေးက တော်တော်လှတာကွာ၊ ဟား…ဟား ကြည့်ရတာ မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးထင်ပါရဲ့ကွာ၊ ဟား…ဟား"

အမူးသမားနှစ်ယောက်မှာ လူတွေက ယိုင်ထိုးလျက်

တစ်ယောက်တစ်မျိုး စကားပြောရင်း သူမအနားတိုးကပ်လာတော့ နန်းမှာ သတိဝီရိယဖြင့် အန္တရာယ်ကို ကာကွယ်ဖို့ စဉ်းစားနေရင်း ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် ရှိနေရသည်။

ထိုသို့ ကြောက်ရွံ့ထိတ်လန့်လာရသော်လည်း နန်းသည် သူမကိုယ်သူမ ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မျက်နှာထား ခပ်တင်းတင်းဖြင့် ခါးထောက်လိုက်ပြီး…

"ရှင်တို့နော်…ဘာလုပ်မလို့လဲ၊ ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်"

"အဟဲ…ဟဲ မိန်းကလေးက တယ်လည်းဒေါသကြီးတာကိုး၊ ကျုပ်တို့က မင်းလေးကို ချစ်လို့ပါ"

"ဘာရှင့်"

"ရှင်…ရှင်တို့"

မူးမူးရူးရူးနှင့် ပြောချင်ရာတွေ စွတ်ပြောနေသော အမူးသမားနှစ်ယောက်ကြောင့် နန်းမျက်နှာလေး ရှက်ရွံ့မှုတို့ဖြင့် နီမြန်းလာရသည်အထိ ဒေါသတွေ ဖြစ်လာရသည်။

"ဒီမှာ ရှင်တို့ ကျွန်မကို ဘာမှတ်နေလဲ၊ ရှင်တို့ ဒုက္ခ



မရောက်ချင်ရင် ကိုယ့်လမ်းကိုယ်သွား"

"အေး…သတ္တိကတော့ ကောင်းတယ်၊ ကျုပ်တို့ကလည်း ဒါမျိုးမှကြိုက်တာ၊ လာပါကွာ…လာ…ဟဲ…ဟဲ"

"ပြောမရဘူးလား၊ ရှင်တို့ ကျွန်မအနား မလာနဲ့နော်၊ သွား…နော်"

သူမအနား တိုးကပ်လာသော အမူးသမားနှစ်ယောက်ကို နန်းသည် သတိအနေအထားဖြင့် ကြည့်ရင်းက အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် တစ်ခုခုကို ရှာဖွေနေမိသည်။

ထိုလူနှစ်ယောက်၏ မျက်လုံးများသည်လည်း သူတို့ရှေ့တွင်ရှိနေသည့် သူမကို သားကောင်အမှတ်ဖြင့် အလွတ်ပေးမခံနိုင်တော့သလိုမျိုး အကြည့်မျိုးဖြင့် ကြည့်ရင်း သူမအနားသို့ တရွေ့ရွေ့ချဉ်းကပ်လာကြသည်။

ထိုစဉ်…

"ဟိတ်…အားလုံးရပ်စမ်း"

ဩဇာရှိပ်များ လွှမ်းမိုးနေသည့် ကြည်လင်ပြတ်သားသော အသံကြောင့် နန်းသည် အသံလာရာဆီသို့ ဝမ်းသာစွာဖြင့် လှမ်း

ကြည့်လိုက်တော့...

"ဟင်...ကိုနေဒွန်း"

နန်းမှာ ကိုနေဒွန်းကိုတွေ့တော့ ဘာမှစဉ်းစားမနေဘဲ သူ့ထံ အပြေးလာခဲ့မိသည်။

"နန်းတို့ ဈေးဝယ်ထွက်တာကြာလို့ ထွက်ကြည့်ရင်းက ဒီဘက်ကို လမ်းလျှောက်လာတာ၊ ကားရော"

"ပျက်နေတယ်"

"တစ်ယောက်တည်း ဘာလို့ထွက်လာတာလဲ"

"ဒီလိုဖြစ်မယ်မှန်း ဘယ်သူက သိမှာလဲရှင့်"

အရေးထဲ သူမကို စကားနာထိုးနေသော နေဒွန်းကြောင့် နန်း ဒေါသဖြစ်သွားရ၏။

"အင်း...အခုတော့ နန်း ဘာတတ်နိုင်သေးလဲ"

"ရှင်နော်"

နန်းနှင့်နေဒွန်းတို့ တစ်ယောက်နှင့်တစ်ယောက် စကားများနေစဉ်မှာပင် အမူးသမားနှစ်ယောက်ကလည်း မကျေမနပ်နှင့် အနား သို့ ရောက်လာကာ...



"ဟေ့...မင်းက ဘယ်သူလဲကွ၊ ဘာလဲ တို့ကိစ္စကို လာဖျက်တာလား"

"ဒီမှာ ခင်ဗျားတို့မူးနေရင် ကိုယ့်လမ်းကိုယ်သွား"

"အံမယ်...မင်းက ငါတို့ကို ဒီစကားတွေလာပြောနေရအောင် မင်းက ဆရာကြီးလား"

"အေး...ဆရာကြီး ဟုတ်လား၊ မဟုတ်လား သိချင်တဲ့ကောင်"

"ခွပ်"

"အင့်"

"ဘုတ်"

"အား"

နေဒွန်းနှင့် အမူးသမားနှစ်ယောက် သတ်ပုတ်ကြသည်ကို နန်းက မကြည့်ရဲဟန်ဖြင့် မျက်လုံးလေးကို ယောင်ယမ်းကာ မှိတ်လိုက်မိသည်။

နှစ်ယောက်နှင့်တစ်ယောက် ဆိုပေမယ့် နဂိုမူးနေသူများ ဖြစ်သဖြင့် မကြာခင် မြေပြင်ပေါ်တွင် မှောက်ကုန်ကြသည်။

Scanned by CamScanner

စိုးရိမ်စိတ်နှင့် နန်းသည် မျက်လုံးကို အသာဖွင့်ကာ ကြည့်လိုက်တော့…

"ဟင်"

မြေပြင်ပေါ်တွင် လဲကျနေသော အမူးသမားနှစ်ယောက်ကို ကြည့်ကာ သည်လိုဆိုတော့လည်း ကိုနေဒွန်း တော်သားပဲဟု အတွေးနှင့် ရှိနေစဉ်မှာပင်

"ကိုနေဒွန်း နောက်မှာ၊ ရှင့်နောက်မှာ"

စောစောက မြေပြင်တွင် မှောက်နေသော အမူးသမား တစ်ယောက်မှာ ပြန်လူးလဲထကာ အနီးတွင် ရှိနေသော အုတ်ခဲကျိုးတစ်ခုနှင့် နန်းထံလာနေသော နေဒွန်း၏ ဦးခေါင်းကို လှမ်းထုလိုက်သည်မို့

"အား"

နန်းထံမှ သတိပေးစကားက နောက်ကျသွားရပြီဖြစ်သည်။ ခွပ်ဆိုသော အသံနှင့်အတူ နေဒွန်းခေါင်းကို အရိုက်ခံလိုက်ရပြီဖြစ်သည်။

နေဒွန်း မြေပြင်ပေါ်သို့ လဲကျသွားစဉ်မှာပင် အမူးသမား



နှစ်ယောက်သည်လည်း တစ်ယောက်ကိုတစ်ယောက်တွဲကာ ထွက်ပြေးသွားကြလေသည်။

အမူးသမားတွေ ထွက်သွားမှ နန်းသည်လည်း နေဒွန်းအနားသို့ ပြေးကပ်လာကာ…

"ကိုနေဒွန်း…ကိုနေဒွန်း"

"အို…ခေါင်းမှာလည်း သွေးတွေနဲ့"

"ကိုနေဒွန်း"

"အား…ကျွတ်…ကျွတ်"

"ဟင်…ကိုနေဒွန်း"

နန်းမှာ နေဒွန်း၏ဦးခေါင်းကို ပွေ့ထူလိုက်တော့ နေဒွန်းသည် ရီဝေဝေမျက်လုံးများဖြင့် ကြည့်ကာ…

"ဟိုလူတွေကော"

"ထွက်ပြေးသွားပြီ၊ ဒါနဲ့ ရှင် သက်သာရဲ့လားဟင်"

"ခေါင်းထဲမူးနေတယ်"

"အို…ဒုက္ခပါပဲ၊ ဒါဆို အိမ်ကို အမြန်ပြန်မှဖြစ်မယ်၊ ဒါနဲ့ ရှင် လမ်းလျှောက်နိုင်ရဲ့လားဟင်"

နန်းအမေးကို နေဥန်းသည် ခေါင်းညိတ်ပြလျက်…

"ရပါတယ် နန်း၊ ကိုယ် ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်"

"ရှိတယ်လို့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ရှင့်မှာ ခေါင်းက ဒဏ်ရာကြီးနဲ့ နန်းကိုတွဲပြီး လျှောက်နော်"

နေဥန်းသည် နန်း၏ လှပလွန်းသော မျက်နှာလေးကို ရိုဝေစွာ ကြည့်လိုက်ပြီး နန်း၏ပခုံးလေးကို သူ့လက်တစ်ဖက်ဖြင့် ပွေ့သိုင်းမှီလျက် ဖြည်းညှင်းစွာ လမ်းလျှောက်လာလေ၏။

နန်းမှာတော့ သူမအတွက်နှင့်သူမ စူးရှပြီဖြစ်သည်။ တစ်သက်လုံး ဘယ်ယောကျာ်းတစ်ယောက်နှင့်မှ အခုလိုမျိုး မရှိခဲ့သမျှ အခုတော့ ကိုယ်နှင့် သွေးသားမတော်စပ်၊ ကိုယ်နှင့်လည်း အခုမှရင်းနှီးသည့် ယောကျာ်းနှင့် အသားချင်းထိ၍ သူ့ရင်ခွင်ထဲ ရောက်မတတ် လမ်းလျှောက်နေရသည့်အဖြစ်။

ဘာပဲပြောပြော နန်းသည် နေဥန်း အခုလိုဖြစ်တာ သူမ ကြောင့် ဖြစ်ရသည်ဟု သူ့အပေါ် အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံလိုက်ပြီး သူ့ကိုယ်ကြီးကို အိမ်အရောက်တွဲကာ လာခဲ့သည်။



သူတို့နှစ်ယောက်အဖြစ်ကို မြင်သည်နှင့် မင်းသိန်းက အိမ်ပေါ်မှ ပြေးဆင်းလာကာ…

"နန်း…နေဥန်း ဘယ်လိုဖြစ်လာတာလဲ"

"အဲဒါတွေ နောက်မှမေး ကိုမင်းသိန်း၊ အခု ဒီမှာ ကိုနေဥန်း ခေါင်းကဒဏ်ရာကို ဆေးထည့်ရအောင်"

နန်းမှာ မင်းသိန်းစကားကို ပြန်မဖြေနိုင်အားပဲ နေဥန်းကိုသာ ဆေးထည့်ပေးရန် မင်းသိန်းအား ပြင်ဆင်ခိုင်းနေလေသည်။

မကြာပါ။ ထိုနိုက်ရှမှာ အရေးပေါ် ဒဏ်ရာများအတွက် အဆင်သင့် ဝယ်ထားသော ဆေးအိတ်ထဲမှ ဆေးပစ္စည်းများနှင့် နေဥန်းခေါင်းမှ သွေးများကို သန့်စင်ပေးကာ ဆေးထည့်လျက် ပတ်တီးစည်းပေးလိုက်သည်။

သူမလုပ်ပေးသမျှကို ဘာမှမပြောဘဲ ကလေးတစ်ယောက်လို ငြိမ်ခံနေသော နေဥန်းကိုကြည့်ပြီး နန်း စိတ်မကောင်းဖြစ်သွားရသည်။

နေဥန်းဒဏ်ရာမှာ သူမကြောင့်ဖြစ်ရသည်မဟုတ်ပါလား။

အားလုံးပြီးစီးသွားတော့ နန်းသည် နေဥန်းကို ကျေးဇူး

Scanned by CamScanner

တင်သည့် အကြည့်နှင့်ကြည့်ကာ…

"ကျေးဇူးပဲ ကိုနေဒွန်းရယ်၊ ရှင့်ကြောင့်မဟုတ်ရင် နန်း ဟိုအမူးသမားတွေနဲ့ ဒုက္ခရောက်တော့မလို့"

"ရပါတယ် နန်းရယ်၊ ကိုယ်က ကျေးဇူးအတင်ခံချင်လို့ နန်းကို ကူညီခဲ့တာမှ မဟုတ်ဘဲ"

"ဒါပေမဲ့"

"အဲဒီအတွက် နန်း ဘာမှအနေခက်မနေနဲ့ နန်း၊ ကိုယ့်စိတ် ထဲမှာ ကြုံလို့ ကူညီလိုက်ရတယ်လို့ပဲ သဘောထားတယ်"

သူတို့နှစ်ဦးပြောနေသည့် စကားများကို နားထောင်ရင်းမှ မင်းသိန်းက….

"သေချာပြောပါဦး၊ နန်းနဲ့နေဒွန်း ဘယ်လိုဖြစ်လာတယ် ဆိုတာ"

နန်းမှာ သက်ပြင်းလေးတစ်ချက်ချကာ မင်းသိန်းအား ဖြစ်ပျက်သမျှ ပြောပြလိုက်မိသည်။

နန်းစကားဆုံးတော့ မင်းသိန်းက…

"တော်သေးတာပေါ့ကွာ၊ နေဒွန်းသာ အချိန်မီ မရောက်



ရင် နန်းတော့ ဒုက္ခပဲ၊ ဒီလိုပဲ တစ်ခါတစ်ရံ ရွာနီးချုပ်စပ် အမူး သမားတွေ ဒီဘက်ကို တစ်ခါတလေ ရောက်တတ်တယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကိုနေဒွန်းကို နန်း တကယ် ကျေးဇူးတင်တာပါ၊ ပြီးတော့ နန်းကြောင့် ကိုနေဒွန်း အခုလို ဒဏ်ရာရသွားတာ စိတ်ထဲမကောင်းဘူး"

"ရပါတယ် နန်းရယ်၊ ကိုယ်က ဒီလောက်ကြီးဖြစ်တာမှ မဟုတ်တာပဲ"

နန်းသည် ထိုညက အိပ်သာအိပ်ဖြစ်သည်။ သူမ အတွေး အာရုံတွေထဲမှာတော့ ယောကျ်ားပီသကာ တည်ကြည်ခန့်ညားချော မွေ့သော နေဒွန်း၏အကြောင်းတွေက နန်း အတွေးအာရုံကို မသိ မသာ စိုးမိုးနေရာယူလာခြင်းပင်ဖြစ်သည်။

□ □ □

# အခန်း (၁၂)

"နန်း"

"သီအေး"

အိမ်ရှေ့မှခေါ်သံကြောင့် နန်း ကိုယ်လက်သန့်စင်နေရာမှ ထလာခဲ့သည်။

"နန်း"

"သီအေး"

"လာပြီ"

နန်းတစ်ယောက် အသံပြုလိုက်ရင်း အိမ်ရှေ့တံခါးကို ဖွင့်လိုက်တော့ ကိုမင်းသိန်းကို တွေ့ရသည်။

"ဘာဖြစ်လို့လဲ ကိုမင်းသိန်း၊ မနက်စောစောစီးစီး"



"ဟိုကောင် နေဒွန်း၊ တစ်ညလုံး အနာရှိန်နဲ့ အဖျားတွေ တက်နေတာ ဆေးသွားဝယ်မှရမယ်၊ အဲဒါ နန်းနဲ့သီအေး နေဒွန်းကို ခဏလောက်သွားစောင့်ပေးပါလား"

"ဟုတ်လား၊ သွားဝယ်လေ ကိုမင်းသိန်း၊ သီအေးက တော့ အိပ်ရာကမနိုးသေးဘူး၊ နန်း စောင့်ပေးပါ့မယ်"

"ဒါဆို ကိုယ် ဆေးသွားဝယ်ဖို့ စီစဉ်လိုက်မယ်နော်"

"ဟုတ်ကဲ့ ကိုမင်းသိန်း၊ စိတ်ချသာသွားပါ"

ကိုမင်းသိန်း ထွက်သွားတော့ နန်းတစ်ယောက် နေဒွန်းရှိရာ အိမ်လေးသို့ လာခဲ့သည်။

"အင်…အင်"

နန်း အိမ်ပေါ်ရောက်တော့ ခုတင်ထက်ဝယ် အနာရှိန်ဖြင့် အဖျားတက်ကာ ညည်းညူနေသော နေဒွန်းကို တွေ့ရသည်။

နန်းမှာ နေဒွန်းရှိရာ ခုတင်ဘေးနားရှိ ခုံလေးတွင် ဝင်ထိုင် လိုက်ရင်းက နေဒွန်း၏ နဖူးပြင်ကို သူမ၏လက်ကလေးဖြင့် အသာ အယာ စမ်းလိုက်သည်။

ခြစ်ခြစ်တောက်ကြီး ပူနေတာ မဟုတ်ပေမယ့် အဖျားသွေး

ရှိနေမှန်းတော့ သိသာသည်။

နန်းမှာ ခုတင်ထက်ဝယ် အမှုန်းရိုက်ဖြင့် အိပ်နေသော နေဒွန်း၏ မျက်နှာချောချောကို စေ့စေ့ကြည့်မိသည်။

မျက်ခုံးထူထူ၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် ပိရိသေသပ်သော နှုတ်ခမ်းအစုံ၊ ခိုင်မာသော မေးရိုးနှင့် နေဒွန်းဆိုသော သူသည် လူချောတစ်ယောက်ဆိုတာတော့ သေချာသည်။

ထူထဲနက်မှောင်သော ဆံပင်တွေက ကျယ်ပြန့်သော နဖူးပြင်ပေါ်တွင် ခပ်ယိုင်ယိုင် ကျဆင်းလျက်...

နန်းသည် အမှုန်းရိုက်ဖြင့် မှိန်းနေသော နေဒွန်း မျက်နှာချောချောကိုကြည့်ပြီး သူမအပေါ် တစ်ချိန်က သူချစ်အနမ်းတွေ ဖွတ်အတင်းပေးခဲ့သည့် အဖြစ်ကို သတိရကာ မျက်နှာလှလှလေး နီရဲသွားလျက် ရင်ခုန်သံတွေ မြန်ဆန်လာရသည်။

ယောကျ်ားတွေနှင့်ပတ်သက်ပြီး တစ်ခါဘူးမျှ ရင်ခုန်လှုပ်ရှားမှု မရှိခဲ့သော နန်းသည် အခု ဘာကြောင့် နေဒွန်းနှင့် ပတ်သက်ကာ ရင်ခုန်သံတွေ မြန်ခဲ့ရသည်မသိပါ။

တစ်သက်လုံး ဘယ်ယောကျ်ားအတွက်မှ စိတ်မလှုပ်ရှား



ခဲ့သော နန်းသည် အခု နေဒွန်းကြောင့် စိတ်လှုပ်ရှားရင်ခုန်နေရခြင်းသည် သူမ နေဒွန်းကိုများ ချစ်မိနေ၍လား။

အို။

နန်းသည် ရင်မှာ တိုးတိုးလေး ရှိုက်ညည်းမိလိုက်သည်။

သူမရင်ထဲ ထိုအတွေးဝင်မိသည်ဆိုရင်ပဲ နန်း၏ ထိုအတွေးကို သူမ အသိတရားက ဖျောက်ဖျက်ပစ်လိုက်သည်။

ဒီလိုဆို သူမဦးနှောက်က အသိတရားအတိုင်း နန်းသည် နေဒွန်းကို သူမနှလုံးသားထဲက ဖယ်ထုတ်လိုက်ရမည်လား။

ဒါလည်း မဖြစ်နိုင်သေး။

သူမရင်ထဲက အချစ်ပန်းလေးသည် နေဒွန်းဆိုသော သူကြောင့်သာ ရင်မှာ ရှင်သန်လန်းဆန်း ဖူးပွင့်လာရခြင်းဖြစ်သည်။

''ဟင်း''

နန်းမှာ အတွေးလေးများဖြင့် သက်မတစ်ချက်ကို ခက်ခဲပင်ပန်းစွာ ချလိုက်မိသည်။

ထိုစဉ် နေဒွန်းတစ်ယောက် မှိန်းနေရာမှ လွန့်လူးနိုးထကာ မျက်ဝန်းအစုံ ဖျတ်ခနဲ ဖွင့်လိုက်သည့်ခဏ

Scanned by CamScanner

"ဟင်"

နေဒွန်း သူမျက်ဝန်းများကိုပင် သူမယုံနိုင်အောင် ဖြစ်သွားရသည်။

ကြည့်လေ။

သူ့အိပ်ရာဘေးတွင် သူ့အား ထိုင်၍ကြည့်နေသူက နေဒွန်းရင်ထဲတွင် အချိန်နှင့်အမျှ တမ်းတလွမ်းဆွတ်သတိရနေရပါသော သူ့ရင်ထဲက သိပ်ချစ်ရပါသည့် နန်းဆိုသည့် မိန်းမချောပင် မဟုတ်ပါလား။

"နန်း"

သူ့ခေါ်သံကြောင့် နန်းအကြည့်လေးများ နေဒွန်းထံ ဖျတ်ခနဲ ရောက်ရှိလာသည်။

"ရှင်…သက်သာရဲ့လား"

"အင်း…သက်သာပါတယ်၊ ဒါနဲ့ နန်း ကိုယ့်ဆီကို ဘယ်လိုလုပ်"

"ဒါတွေ မေးမနေပါနဲ့၊ နန်းကြောင့် ရှင် ခုလိုဖြစ်ရတာကို တွေးတွေးပြီး နန်း စိတ်မကောင်းဘူး၊ ကိုမင်းသိန်းကတော့



ရှင် ဒဏ်ရာကြောင့် အဖျားတွေတက်နေလို့ ဆေးသွားဝယ်တယ်"

"ဒီလောက်လည်း စိုးရိမ်စရာမရှိပါဘူး နန်းရယ်၊ ကိုယ်လည်း ဆရာဝန်တစ်ယောက်ပဲဟာ၊ ကိုယ့်ဘာသာ သိပါတယ်"

"ဒါတော့ဒါပေါ့ရှင်၊ အခုအချိန်မှာတော့ ဘာပဲဖြစ်ဖြစ် ရှင်က လူနာပဲ၊ အဲဒီလူနာက နန်းကြောင့် ဖြစ်ရတာဆိုတော့ နန်းရင်ထဲ ဘယ်ကောင်းနိုင်ပါ့မလဲ"

"အိုဗျာ…ဘာဖြစ်လို့ နန်းက အဲလိုတွေးနေရတာလဲ၊ ကိုယ်ကတော့ နန်းကို အခုလို ကူညီခွင့်ရလို့ ကျေနပ်နေတဲ့သူပါ၊ ဖြစ်နိုင်ရင် ကိုယ်လေ နန်းအတွက် အသက်ပေးဖို့တောင် ဝန်မလေးတဲ့သူဆိုတာ နန်း သိစေချင်တယ်"

"ရှင်ရယ်"

နန်းမှာ နေဒွန်း၏ စကားများသည် အမှန်လားဆိုတာကို သူမနှလုံးသားက အလိုလို လက်ခံနားလည်ချင်မိသည်။

နေဒွန်းအတွက် နန်းဆိုသော မိန်းကလေးမှာ အရည်အချင်းတွေ အပြည့်အဝမရှိပေမယ့် နှလုံးသားရေးရာနဲ့ပတ်သက်ပြီး သူမ

Scanned by CamScanner

နှလုံးသားကို လှုပ်ရှားလာအောင် လုပ်နိုင်စွမ်းတော့ နန်းမှာ အပြည့်အဝရှိပါသည်။

နန်းအတွက်လည်း သည်ယောကျ်ားတစ်ယောက်ကြောင့် နန်း ရင်ခုန်သံတွေ မြန်ဆန်ခဲ့ရသည့်အဖြစ်များကလည်း မနည်းတော့။

အတွေးနှင့် နေဥန်းကို နန်း ကြည့်လိုက်တော့

"အို"

ဘယ်အချိန်ကတည်းက သူမကို ကြည့်နေသည်မသိပါ။ စူးရှရိုလက်တောက်ပနေရသော မျော်ဝင်ခြင်းတစ်မျိုးဖြင့် သူမအား စူးစူးစိုက်စိုက်လေး ကြည့်နေသော နေဥန်း၏ အကြည့်များနှင့် ရင်ဆိုင်တွေ့လိုက်ရသည်မို့ နန်း နှလုံးအားများ တုန်ခါသွားရကာ ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲမြန်ဆန်သွားရသည်။

ဟင့်အင်း။

နေဥန်း နန်းကို အဲလိုမကြည့်ပါနှင့်ဆိုတာကိုလည်း နန်းစိတ်မှာ ဆိုလိုက်သည်။

လက်တွေ့မှာတော့ နန်းသည် နေဥန်းအကြည့်များအောက်

SSI



တွင် နေရသည်မှာ မလုံမလဲ ဖြစ်လာရသည်မို့ သူ့ရှေ့မှနေ အသာလှည့်ထွက်မည်အလုပ်…

"နန်းရယ်"

"အို…ရှင်"

ရုတ်တရက် နန်းတစ်ကိုယ်လုံး နေဥန်းရင်ခွင်နွေးနွေးကြီးထဲ မထင်မှတ်ဘဲ ရောက်ရှိသွားရသည်။

"ရှင်နော်"

"အို"

"လွှတ်…လွှတ်ပါ"

နန်းမျက်နှာ ရဲရဲနီနေသလောက် နေဥန်းကတော့ သူမအဖြစ်ကို မမှုပါ။ ရင်ခွင်ထဲမှ နန်းကိုယ်လေးကိုသာ လွှတ်ထွက်သွားမည့်အလား တင်းကြပ်စွာ ထွေးပွေ့ဖက်ထားသည်။

"နန်း…ကိုယ့်ကိုပစ်ပြီး ဘယ်သွားမလို့လဲ"

"ရှင်…ရှင့်ဒဏ်ရာက သက်သာတယ်မဟုတ်လား"

"အဟွန်း…ကိုယ့်အပြင်က ဒဏ်ရာက သက်သာပေမယ့် ကိုယ့်နှလုံးသားက ဒဏ်ရာကတော့ မသက်သာသေးဘူး နန်း"

Scanned by CamScanner

ပြောရင်းက သူ့မျက်နှာချောချောကြီးက သူမမျက်နှာလေးအနား ဝဲကပ်လာတော့ နန်းသည် သူမမျက်နှာလေးကို နောက်သို့ တိမ်းရှောင်လိုက်ရင်းက သူ့ရင်ဘတ်ကြီးကို တွန်းထုတ်ထားလိုက်သည်။

နေဥန်းမှာ နန်းကိုကြည့်ကာ ပြုံးသွားရပြီး…

"ဘယ်လိုလဲ နန်းရယ်၊ ကိုယ့်နှလုံးသားက ဒဏ်ရာကို နန်း ပျောက်အောင် ကုပေးမှာလား"

"အို…ရှင် ဘာဆိုင်လို့လဲ"

ရှက်လွန်းသဖြင့် နန်းသည် သူ့မျက်နှာကို ရဲရဲမကြည့်ရဲတော့ဘဲ မျက်နှာလေးလွှဲလျက်သာ ပြောလိုက်သည်။

အရှက်သည်းနေသည့် ချစ်သူလေးအဖြစ်ကို နေဥန်းသည် ပြုံးလျက်စိုက်ကြည့်ရင်းက…

"အဟွန်း…မသိပါဘူးဗျာ၊ ကိုယ်က ဆိုင်များဆိုင်နေမလားလို့၊ ဒါဖြင့် နန်း ဘာလို့ ကိုယ့်အတွက် စိတ်မကောင်းဖြစ်နေတာလဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ပြစ်ထားလိုက်ပေါ့"

သူ့မျက်နှာချောချောက ခပ်တည်တည်။ သည်လူ သူမ





စေတနာကို တော်တော်စော်ကားပါလား။ နန်းသည် နှုတ်ခမ်းလေး ဖိကိုက်လိုက်မိ၏။

ထို့အတူ ရင်ထဲတွင် သူ့အပေါ် မကျေနပ်စိတ်တွေလည်း ဖြစ်လာရသည်။

"ဒီမှာ…ရှင် တစ်ဖက်လူစေတနာကို တော်တော်စော်ကားတဲ့လူပါလား၊ ညက ရှင်အဖျားကြီးပြီး မအိပ်နိုင်ဘူးဆိုလို့ ရှင့်အတွက် စိတ်ပူပြီးလာကြည့်ပေးတာ"

မထင်မှတ်ဘဲ သူမရင်တွင်းစကားတွေက နေဥန်းရှေ့မှာ ဖွင့်ထွက်သွားရသည်ကို နန်း သူမကိုယ်သူမလည်း သတိမထားမိပါ။

သတိထားမိလိုက်သည့် နေဥန်းကတော့ နန်းရင်ထဲက သူ့နှင့်ပတ်သက်သည့် ခံစားချက်တွေကို လှမ်း၍မြင်လိုက်ရသည်ဖို့.

"ဒါက နန်း ကိုယ့်အပေါ်မှာ စေတနာမေတ္တာရှိလို့မှ မဟုတ်ဘဲ၊ ကိုယ် တစ်ခုခုဖြစ်သွားရင် နန်းကြောင့်လို့ လူတွေပြောမှာ ကြောက်လို့မဟုတ်လား"

နန်း သူ့အပေါ် သည်ထက်ပို၍ သည်းမခံတော့ပါ။

စေတနာကို ထေဒနာထင်ရက်သည့် သူ့မျက်နှာကိုလည်း နန်း မမြင်ချင်။ တည်တင်းနေရသော လှပလွန်းသည့် မျက်နှာလေးနှင့်သာ သူ့ရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်းထွက်လိုက်ပြီး…

"နန်းကို အဲလိုထင်နေမှတော့ နန်း ရှင့်ကို ဘာပြောနေစရာလိုသေးလဲ၊ ဖယ်…ဖယ် နန်းကို အခုလွှတ်"

နေဒွန်းရင်ခွင်ထဲမှ နန်းသည် သူမကိုယ်လေးကို ဇွတ်အတင်းပင် ရုန်းထွက်နေလိုက်သည်။

နန်း ဘယ်လောက် ရုန်းပါစေ။ နေဒွန်းကတော့ဖြင့် သူ့ရင်ခွင်ထဲက သူမကို လွှတ်မပေးပါ။

သူ၏ သန်မာသောလက်များဖြင့် နန်းအား ပို၍ပင် တင်းတင်းကြပ်ကြပ်ကြီး ပွေ့ဖက်လိုက်ရင်း…

"ဒါဖြင့်…နန်းက ကိုယ့်ကို တကယ်စိုးရိမ်လို့ပေါ့ ဟုတ်လား"

သည်လူ ခုထက်ထိတောင် သူမစေတနာကို မသိသေးပါလား။ နန်းမှာ သူ့စေတနာကို သည်လောက်တောင် မသိရပါ့မလားဆိုသည့်စိတ်နှင့် မခံချင်ဖြစ်သွားရပြီး…



"နန်းကြောင့် ဖြစ်တယ်ဆိုပြီး လူပြောခံရမှာကြောက်လို့ ရှင့်ကိုလာကြည့်ပေးနေတာမဟုတ်ဘူး ကိုနေဒွန်း၊ နန်း ရှင့်ကို ပစ်ထားလည်းရတာပဲ မဟုတ်လား၊ နန်း စေတနာနဲ့ လာကြည့်ပေးတာ"

သူ့အတွက် စိုးရိမ်ခဲ့သမျှ အခုတော့ နန်းသည် ထိုအဖြစ်ကို သူမကိုယ်သူမ ပြန်၍ပင် နောင်တရချင်သလိုလို။

"နန်း…နန်း တကယ်ပြောတာလားဟင်"

"ဘာကိုလဲ"

"ကိုယ့်အပေါ် နန်း စေတနာထားတယ်ဆိုတာ"

"မသိဘူး၊ မသိဘူး၊ ရှင် ယုံချင်ယုံ၊ မယုံချင်နေ၊ ရှင့်လိုလူကို သေရင်သေပါစေ၊ ဒီအတိုင်းပစ်ထားလိုက်ရင် ပြီးရော"

"သိပါတယ် နန်း၊ ကိုယ့်ကို သေစေချင်နေတယ်ဆိုတာ၊ ဒီလိုဆို ဘာလို့ ကိုယ့်ကို လာကြည့်နေသေးလဲ"

နန်းထံမှ အကြည့်စူးစူးလေးက နေဒွန်းထံ ဖျတ်ခနဲ ရောက်ရှိလာရပြီး…

"စိတ်ချ၊ နောက်တစ်ခါ ရှင့်ကို ဒီအတိုင်း ပစ်ထားမယ်"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အလျှော့မပေးဘဲ အကြည့်စူးစူးတွေနှင့်သာ အားပြိုင်ကြည့်လျက် စကားတွေ ဆိုနေလေသည်။

''ဟွန်း…အလကားလူ၊ စေတနာကို နည်းနည်းလေးမှ နားမလည်ဘူး၊ သိပ်မုန်းဖို့ကောင်းတယ်''

''နန်း ကိုယ့်အပေါ် စေတနာထားတာ ကိုယ့်ကို ချစ်လို့ပေါ့နော်၊ ဟုတ်လား နန်း''

''အို''

သူ့စကားကြောင့် နန်းမျက်နှာရဲရဲလေးနှင့် ရုတ်တရက်ဘာပြန်ပြောရမှန်းမသိတော့အောင် ရင်တွေခုန်လျက် စိတ်တွေ လှုပ်ရှားလာရသည်။

''ပြောဦးလေ နန်း၊ ကိုယ့်ကို ချစ်လားဆိုတာ''

''အင့်''

''ရှင်နော်''

''အို''

မချင့်မရဲဟန်ကြီးနှင့် ပြောလည်းပြော၊ သူ့ရင်ခွင်ထဲက



သူမကိုယ်လေးကို တင်းတင်းကြီး တစ်ချက် ဖျစ်ညှစ်လျက် သူမပါးမို့မို့ကို နေဒွန်း ဖျတ်ခနဲ ငုံနမ်းလိုက်တာကြောင့် နန်း ထိတ်လန့်မှုတို့ဖြင့် ရှက်ရွံ့သွားရသည်။

နေဒွန်းမှာ နန်းအား ပြုံးပြုံးကြီး စိုက်ကြည့်လာကာ…

''အဟွန်း…ဘာလို့ ခေါင်းငုံ့ထားရတာလဲ နန်းရယ်၊ ကိုယ်မေးတာ ဖြေဦးလေဗျာ၊ ကိုယ့်ကို ချစ်လားဆိုတာ''

''တော်ပါနော်၊ သူ သိပ်လူလည်လုပ်တာ ဟွန်း''

မျက်နှာရဲရဲလေးနှင့် ရှက်မျက်စောင်းလေးတစ်ခုက နေဒွန်းထံ ရောက်ရှိလာရသည်။

နေဒွန်းမှာ နန်းအဖြစ်ကို သဘောကျသွားကာ…

''အဟွန်း…ဟွန်း…ဟွန်း ချစ်တာဟာ လူလည်လုပ်တာမှ မဟုတ်ပဲဗျ၊ ကဲ ပြောပါဦး၊ နန်းဆီက ချစ်တယ်ဆိုတဲ့စကား ကိုယ် ကြားပါရစေနော်''

''ဘယ်သူက ရှင့်ကိုချစ်တယ်ပြောလို့လဲ''

''ဟင်…ဒါဖြင့် နန်း ကိုယ့်ကိုမချစ်ဘူးပေါ့''

နန်း၏ မချင့်မရဲဖြစ်စရာ အပြုအမူကြောင့် နေဒွန်းသည်

Scanned by CamScanner

အသည်းယားသွားရကာ…

"နန်းနော်…ကိုယ်မေးနေတယ်လေ၊ ကိုယ့်ကို ချစ်လား ဆိုတာ၊ အေးဗျ…မဖြေရင်တော့"

"မဖြေရင် ဘာဖြစ်လဲ"

"အဟွန်း…မဖြေဘဲနေကြည့်ပေါ့၊ အဲဒါဆို ကိုယ်ဘာလုပ်မလဲဆိုတာ နန်း သိရမှာပဲ"

လူကို ခြိမ်းခြောက်သလို ချစ်အဖြေကို အေးမားပြတိုက်ယူနေသည့် နေဒွန်းကို နန်းသည် နှုတ်ခမ်းလေးများစူလျက် မျက်ခုံးတွေ အကြိမ်ကြိမ်ထိုးရင်း…

"ရှင်…တော်တော်လည်း တတ်နိုင်တာပါပဲလား"

နန်း အပြောကို နေဒွန်းသည် ကြည်နူးကြည်မွေ့စွာဖြင့် ခပ်တိုးတိုးရယ်လေသည်။ ထို့နောက် နန်း နဖူးလေးထက် အနမ်းတစ်ပွင့် ခြွေချရင်း…

"နန်း"

"ရှင်"

"ကိုယ့်ကို ချစ်ပါတယ်နော်"



"ကိုနေဒွန်းရယ်"

နန်း သည်ထက်ပိုပြီး သူမကိုယ်သူမ ဟန်မဆောင်နိုင်တော့ပါ။ အချစ်သည် သိမ်မွေ့နူးညံ့မှုတွေနှင့် သူမရင်ထဲ ထိုးဖောက်ဝင်လာရပြီဆိုတာကိုလည်း နန်း သိလိုက်ရပြီဖြစ်သည်။

အချစ်တွင် အနိုင်အရှုံးမရှိသလို ဂုဏ်ဓနအဆောင်အယောင် ငွေကြေးစည်းစိမ်ဆိုတာတွေလည်း မပါပါ။

နေဒွန်းအတွက် နန်းကို ချစ်ရသည့် သူ့အချစ်များသည် ဘာအရောင်မှမပါ။ တကယ့်ကို ဖြူစင်ရိုးသားမှုနှင့် နှလုံးသားက နက်ရှိုင်းစွာ သိပ်ချစ်ရခြင်းဖြစ်သည်ကိုတော့ နေဒွန်း ဝန်ခံရမည်ဖြစ်သည်။

နန်းကို ချစ်မိ၍ သူ့ နောင်တဆိုတာ ဘယ်သောအခါမှ ရမည်မဟုတ်သလို နန်းအတွက်နှင့် အရာရာကို ကျေကျေနပ်နပ်ကြီး ခံယူလိုက်မည်ဖြစ်သည်။ နန်းအပေါ် နေဒွန်း၏ အချစ်များကတော့ လျော့သွားလိမ့်မည်မဟုတ်ပါ။

အချစ်ဆိုတာ နန်းနှင့်တွေ့မှ သိနားလည်လာရသည့် နေဒွန်းမှာ သိပ်ချစ်ရသော ချစ်သူလေးဆီက အချစ်ကို ရလိုက်ပြီ

ဖြစ်သဖြင့် ကြည်နူးမှုများဖြင့် အပျော်ကြီးပျော်နေရသည် မဟုတ်ပါလား။

"နန်း…ကိုယ့်ကိုချစ်တယ်နော်"

"အင်း"

ရှက်ပြုံးလွန့်လွန့်လေးနှင့် နန်းသည် ကြည်ကြည်နူးနူးလေး ပြုံးကာ ခေါင်းညိတ်လိုက်သည်။

နန်း၏အဖြေလေးကြောင့် နေဒွန်းနှလုံးသားမှာ သွေးခုန်နှုန်းတွေပင် ပို၍မြန်လာရသလို ထင်မိကာ နှလုံးသားတစ်ခုလုံး လှိုက်လှဲကြည်နူးမှုပီတိများဖြင့် ဝေဆာသွားရပါသည်။

"နန်းရဲ့နှုတ်ခမ်းလေးက ပြောတာ ကြားပါရစေနော်"

"သူနော်…သိရက်နဲ့၊ နန်း ရှက်တယ်"

တကယ်လည်း အရှက်သည်းနေသည့်ဟန်နှင့် နန်းသည် နေဒွန်းရင်ခွင်ထဲ သူမကိုယ်လေး တိုးဝင်လာတော့ သူမမျက်နှာလေးကို ရှက်ရှက်နှင့် သူ့ရင်ဘတ်ကြီးနှင့် ကွယ်ဝှက်လာသည်။

နေဒွန်းမှာ ချစ်သူလေး၏ အပြုအမူကြောင့် ကြည်မွေ့စွာ ရယ်မောလိုက်ပြီး…





"အဟွန်း…းဟွန်း…ဟွန်း"

"နန်းရယ် မင်းလေး ကိုယ့်ကို သိပ်ချစ်တတ်အောင် လုပ်တတ်လွန်းပါလားဗျာ"

"အို"

နေဒွန်းထံမှ အနမ်းနွေးနွေးတွေက နန်းမျက်နှာလေးအနှံ့ သိပ်သိပ်သည်းသည်း ရောက်ရှိလာရပါသည်။

သည်တော့လည်း နန်း အပျိုစင်လေးခမျာ မနေတတ်အောင် ဖြစ်သွားပြီး…

"ကိုနေဒွန်းရယ် လွတ်ကွယ်"

"ကိုယ့်ကို ကိုနေဒွန်းလို့ခေါ်တာ နားထဲစိမ်းနေသလိုပဲကွာ"

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

"မောင်လို့"

"ဟင့်အင်း..မခေါ်ချင်ပါဘူး"

"ဒါဆို ကိုကို"

"အဲဒါလည်း မခေါ်ချင်ပါဘူး"



ssl

Scanned by CamScanner

"ဒါဖြင့် နန်းက ဘယ်လိုခေါ်ချင်လို့လဲ"

"ဘယ်လိုမှ မခေါ်ချင်ဘူး"

"တစ်ခုခုတော့ ခေါ်ကွာ၊ ကိုနေဦန်းဆိုတာ မဟုတ်ရင် ပြီးရော"

"ကိုနေလို့ခေါ်မယ်"

"ကိုနေ ဟုတ်လား"

"အင်း"

"ဒါဖြင့် ကိုယ့်ကို ချစ်တယ်ဆိုတဲ့စကားကို နန်း နှုတ်ခမ်းလေးက ပြောဦးကွယ်"

နန်းမျက်နှာလေးကို ရွှန်းလဲ့တောက်ပစွာဖြင့် ကြည့်ကာ ဆိုလာသူကို နန်း ရှက်မျက်နှာလေးဖြင့် မကြည့်ရဲတော့ပါ။ ကိုနေဆိုသော သူ့ကို ရင်မှာ ချစ်ပေမယ့် တကယ်တမ်း နှုတ်က ချစ်စကား ဖွင့်ပြောဖို့ဆိုတာတော့ နန်းမှာ ရှက်ရွံ့တုန်လှုပ်ခြင်းများနှင့် နှုတ်ဆိတ်နေရသည်။

ဒါကိုပင် နေဦန်းမှာလည်း ချစ်သူလေးကိုကြည့်ကာ မချင့်မရဲ ဖြစ်လာရသည်မို့…



"ကိုယ့်ချစ်သူကို ချစ်တယ်ပြောတာပဲ၊ ရှက်စရာလား နန်း၊ ကိုနေကို တကယ်မချစ်ဘူးလား၊ ကိုနေကို နန်းရဲ့ချစ်သူအဖြစ် ရော အသိအမှတ်မပြုချင်သေးဘူးလား"

ချစ်သူတွေတဲ့ ကြည့်စမ်း။

သူမနဲ့နေဦန်းဟာ တကယ်ပဲ ချစ်သူတွေဖြစ်သွားပြီလား။ မနက်ခင်း၏ ပွင့်သစ်စ အလင်းရောင်အောက်က နေဦန်းမျက်နှာ ချောချောကို နန်းသည် ချစ်ခြင်းများနှင့် မော့ကြည့်လိုက်တော့…

အပြုံးများနှင့် ခန့်ညားချောမောသော နေဦန်းကလည်း နန်းကို ချစ်ရောင်ခြည်များ လင်းလက်သည့် မျက်ဝန်းများနှင့် ပြုံးပြုံး ကြီး စိုက်ကြည့်နေသည်ကို တွေ့ရသည်။

"ကိုနေ"

"ဗျာ"

"နန်းကို တကယ်ချစ်တာပါနော်"

"ကြည့်စမ်း…နန်းက ကိုနေ့အချစ်ကို မယုံလို့လား၊ ကောင်းပြီလေ ဒါဆိုလည်း လက်တွေ့ပြရတာပေါ့"

"တော်ပါနော် ကိုနေ နစ်နာနေပါဦးမယ်"

Scanned by CamScanner

''အပ်ဘွန်း…ဟွန်း နစ်နာပါစေဗျာ၊ ကိုယ့်ချစ်သူအတွက် ဒီလောက်တော့ အနစ်နာခံနိုင်ပါတယ်''

''သွား''

ရှက်မျက်စောင်းလေးနှင့် နန်းသည် သူ့ကိုယ်ကြီး တွန်းထုတ်လိုက်တော့ နေဒွန်းမှာ နန်းအနားမှ နည်းနည်းလေးမှ ရွေ့မသွားသည့်အပြင် သူမကိုယ်လေးကိုပင် ရင်ခွင်ထဲ တင်းတင်းကြီး ထွေးပွေ့ယူလိုက်ပြီး…

''နန်း''

''အိုး''

အကြည့်စူးစူးတွေနှင့် သူမကို စူးစူးစိုက်စိုက်ကြည့်လာသော နေဒွန်းအကြည့်ကြောင့် နန်း ရင်တွေဆောင့်ခုန်သွားရသည်။

''ကိုနေနော်…ရှင် ဘာကြည့်တာလဲ''

''နန်းကိုသိပ်ချစ်လို့''

''သူ့ စကားတတ်တိုင်း ဒါပဲပြောနေ''

''ဟောဗျာ‥ကိုယ့်ချစ်သူလေးကို ချစ်တယ်လို့မပြောလို့ ကိုနေက ဘာပြောရမှာလဲ၊ ကဲ ဒါဆို ကိုနေ မပြောတော့ဘူး၊





နန်းပဲ ကိုနေကို ချစ်တယ်လို့ပြောတော့ ဟုတ်လား''

''ဟင့်အင်း''

''နန်းနော်…ခင်ဗျားလေး ဘာပြောတာလဲ၊ ဒါဆို ကိုနေကို မချစ်ဘူးပေါ့ ဟုတ်လား''

''ကိုနေ ဘယ်လိုထင်လဲ''

နန်းတစ်ယောက် မျက်နှာမတည်မပြုံးလေးနှင့် နေဒွန်းကို နှုတ်ခမ်းလေး တင်းတင်းစေ့ကာ မျက်ဝန်းခပ်စူးစူးလေးနှင့် ကြည့်ကာ မေးလိုက်တော့ သူကလည်း သူမကို ပြန်စိုက်ကြည့်နေ၏။

နန်းက သူ့ကို ဘယ်လိုမေးနေတာပါလိမ့်။

သူ့ကို သူမ ဂကကယ်ချစ်တယ်ဆိုတာရော ဟုတ်ပါရဲ့လား။ အတွေးနှင့်ပင် နေဒွန်းမျက်နှာကြီးမှာ အလိုမကျသလို ခက်ထန်လာရသည်။

''ကိုနေ့အထင်တော့ ခင်ဗျားလေး ကိုယ့်ကို ချစ်ဟန်ဆောင် လှည့်စားနေတာများလား''

''ဒါ…နန်းအချစ်ကို အထင်သေးတာပဲ၊ တော်ပြီ ရှင့်လို နန်းအချစ်ကို မယုံတဲ့လူကို နန်း ဆက်မချစ်နိုင်တော့ဘူး၊ ဒါပဲ''



Scanned by CamScanner

မျက်နှာတည်တည်လေးနှင့် နန်းသည် ပြောရင်းက သူမ ကိုယ်လေးကို သူ့ရင်ခွင်ထဲမှ ရုန်းထွက်မည်ပြင်တော့…

"ဟိတ်…ဒါက ဘယ်လဲကွ"

စကားသံနှင့်အတူ နန်းလက်လေးကို အရှိန်နှင့် လှမ်းဆွဲလိုက်တာမို့ နန်းကိုယ်လေးမှာ နေဦးန်းရင်ခွင်ထဲ ရောက်သွားရပြန်၏။

သည်တစ်ခါတော့ နေဦးန်းသည်လည်း လွှပါ။ နန်းကိုယ်လေးကို ရင်ခွင်ထဲမှ လုံးလုံးပေးမလွှတ်ပါတော့။

"ဖယ်…လွှတ်၊ ရှင့်ကို နန်း မချစ်တော့ဘူး"

နန်းသည် နေဦးန်းရင်ခွင်ထဲမှ ဖွတ်ရုန်းတော့ နေဦးန်း မျက်နှာပျက်သွားရပြီး…

"နန်းနော်…အချစ်ကို မင်း ကစားစရာများ မှတ်နေလား၊ ခု ချစ်တယ်ပြောလိုက်၊ မချစ်ဘူးပြောလိုက် လုပ်နေရတာလဲ"

"အဲဒါက ရှင့်အပြစ်နဲ့ ရှင်ပဲလေ၊ ရှင်ဘာလို့ နန်းအချစ်ကို အထင်သေးလဲ"

"ကိုယ် တောင်းပန်တယ်ကွာ၊ ကိုနေ နန်းအချစ်ကို အထင်



သေးတာမဟုတ်ဘူး၊ ကိုနေ နန်းရဲ့အချစ်ကိုရတာ ဝမ်းသာလွန်းလို့ ကိုယ့်အဖြစ်ကို မယုံနိုင်ဘဲ မေးမိတာပါ"

နေဦးန်းစကားကြောင့် နန်း မျက်ခုံးလေး ကုပ်ကွေးနေရာမှ ပြေသွားရသည်။

"နန်း…စဉ်းစားကြည့်ပါဦးဗျာ၊ ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူရဲ့အချစ်ကို မထင်မှတ်ဘဲ ရခဲ့တဲ့ ကိုယ့်အဖြစ်က ဘယ်လောက်တောင် ဆန်းလဲဆိုတာ"

"ကိုနေ"

"ဟင်…ဘာလဲ နန်း"

"ကိုနေနဲ့ နန်းအဖြစ်က တစ်ယောက်ကိုတစ်ယောက် ချစ်ကြပေမယ့် တကယ်တမ်း တွေးကြည့်ရင် မချစ်ခင်ကတည်းက လွမ်းရမယ့်အဖြစ်တွေပါ၊ ဘာဖြစ်လို့လဲဆိုတာ ကိုနေလည်းသိပါတယ်"

"နန်း…ဘာကိုပြောချင်နေတာလဲ"

"တကယ်တမ်းတော့ ကိုနေနဲ့ နန်းဘဝဆိုတာ မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်၊ ကိုနေက မြို့သားပညာတတ်၊ သူဌေးသား

Scanned by CamScanner

တစ်ယောက်၊ နန်းလို ဘာမှမဟုတ်တဲ့ မိန်းကလေးနဲ့ ချစ်သူဖြစ်ရတာတွေကို တွေးလိုက်ရင်း နန်း အားငယ်မိတယ်၊ အမှန်တော့ ဒါတွေကို နန်း တွေးမိလို့ ကိုနေကို ချစ်ခဲ့ပေမယ့် မချစ်ဟန်ဆောင်နေခဲ့တာပါ၊ ကိုနေနဲ့ နန်းဘဝမှာ ခြားနားချက်တွေ များလွန်းလှပါတယ်''

''နန်းရယ်''

သူမပြောနေသည့် စကားတွေက အားလုံးအမှန်တွေပဲမို့ နေဥန်းသည် ချစ်သူလေးကို ဘယ်လိုနှစ်သိမ့်ရမှန်းပင်မသိပါ။ ချစ်သူလေးအတွက် ရင်မှာ စိတ်မကောင်းခြင်းများနှင့် နေဥန်း ငြိမ်သက်သွားမိသည်။

အချစ်သည် အင်မတန် ဆန်းကြယ်သော အရာပင်ဖြစ်သည်။ ချောမောလှပသော မိန်းကလေးတွေ သူ့အနားမှာ ရှိနေခဲ့ပြီး သူ့ထက် ဂုဏ်အဆင့်အတန်း မြင့်မားသူတွေရော၊ တန်းတူရည်တူတွေပါ ရှိပါရက်နှင့် နေဥန်းသည် ဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူ့ရင်ထဲက ချစ်ခဲ့ခြင်းမရှိဘဲ အခု သူ့ဘဝနှင့် အလှမ်းကွာလွန်းသည့် နန်းဆိုသည့် သူမလေးကိုမှ ရင်ထဲက စွဲရှုနက်ရှိုင်းစွာ ချစ်မိသွားရခြင်းက ဘာကြောင့်ဆိုတာ သူ့ကိုယ်သူလည်း မစဉ်းစား





တတ်တော့ပါ။

သေချာသည်ကတော့ နေဥန်းသည် နန်းအား သိပ်ချစ်နေမိခြင်းပင် ဖြစ်သည်။

ဟာင်း။

နေဥန်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း...

''နန်းရယ် နန်းကို ကိုနေ သိပ်ချစ်တာယုံပါကွယ်''

နေဥန်းသည် ခပ်တိုးတိုးလေး ပြောလိုက်ရင်း နန်း၏ ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်တွင်းမှာ ခပ်တင်းတင်းလေး ပွေ့ဖက်ထားမိပါသည်။

ထိုခဏမှာတော့ မြောက်ပြန်လေနုအေးလေးများက နေဥန်းနှင့် နန်းတို့နှစ်ဦးကို တိုးဝှေ့ကျီစယ်သွားကြသလို။

□ □ □



Scanned by CamScanner

## အခန်း (၁၃)

ssl

"နန်း"

"ရှင်"

"အဟင်း…ကိုယ့်ချစ်သူလေးက ဒီလိုဆိုတော့လည်း လိမ္မာသားပဲ"

နေဒွန်း၏ ပြုံးစစ စကားကြောင့် နန်း၏ စင်ရော်တောင် မျက်ခုံးလေးနှစ်ဖက် တွန့်ကွေးလိုက်ရင်း…

"ဘာလဲ…ကိုနေက အရင်တုန်းကတော့ နန်းက မလိမ္မာဘူးလို့ ပြောချင်တာလား"

"ဟင့်အင်း မပြောပါဘူး၊ ကိုယ့်ချစ်သူလေး လိမ္မာတာ ကိုယ်သိနေတာပဲ၊ အဟွန်း…ဟွန်း"



ပြောရင်းက နေဒွန်းမှာ သူ့စကားသူ သဘောကျသလို နှစ်နှစ်ခြိုက်ခြိုက်ရယ်တော့ နန်းသည် နေဒွန်းအား မချင့်မရဲဖြစ်လာဟန်နှင့်…

"ကိုနေနော် နန်းကို စိတ်ဆိုးလာအောင် မလုပ်နဲ့"

"စိတ်တော့မဆိုးလိုက်ပါနဲ့ဗျာ၊ ကိုနေက မချော့တတ်လို့ပါ"

"အဟွန်း…ဟွန်း…ဟွန်း"

"ကြည့်…ရယ်ပြန်ပြီ၊ နန်းကို လှောင်နေတာပေါ့"

"နန်းရယ် ကိုနေ နန်းကို မလှောင်ရဲပါဘူးကွာ၊ နန်းကို ကြောက်ပါတယ်"

"နန်းရယ်"

နန်းစကားကြောင့် နေဒွန်းမှာ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများနှင့် နန်းအား ရွှန်းရွှန်းစားစားကြည့်ပြီး သူမကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပါသည်။

"ကိုနေရယ်…ကိုနေဘဝနဲ့ နန်းဘဝက အရမ်းကို အလှမ်းကွာဝေးလွန်းတယ်နော်"

Scanned by CamScanner

နန်းစကားကြောင့် နေဒွန်းမှာ မျက်နှာပျက်သွားရပြီး

"ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ နန်းရယ်၊ နန်း ဒီစကားတွေပြောတာ ကိုနေ မကြိုက်ဘူး"

"နန်းပြောနေတာတွေ အမှန်တွေပဲ ကိုနေ၊ တစ်နေ့ နန်းနဲ့ ကိုနေ ဘဝတွေ မတူညီပါလားဆိုပြီး ဝေးကွာသွားခဲ့ရင် လွမ်းပြီး ကျန်ရစ်မှာ နန်းပဲမဟုတ်လား"

"နန်းနော်…ဒါက ဘာစကားလဲ၊ ကိုနေကရော နန်းကို မလွမ်းရဘူးလား"

"လွမ်းပေမယ့်လည်း ကိုနေအတွက်က ခဏပဲနေမှာပါ၊ နန်းလို ဘာဂုဏ်မှ အဆောင်အယောင် စည်းစိမ်တွေ မရှိတဲ့ အညတြ မိန်းကလေးတစ်ယောက်ကို ကိုနေ ဘယ်လောက်ကြာကြာ သတိရနိုင်မှာမို့လို့လဲ"

"နန်း…မင်း ကိုနေ့အချစ်ကို လျှော့တွက်နေတာလား"

"လျှော့တွက်တာ မဟုတ်ပါဘူး ကိုနေ၊ နန်းက ဖြစ်လာနိုင်မှာကို ပြောနေတာ၊ နန်းကို ကိုနေတို့ အသိုင်းအဝိုင်းက လက်ခံနိုင်စရာ ဘာတစ်ခုမှမရှိဘူး၊ ကိုနေလို လူမျိုးကို ဘယ်မိဘတွေက



နန်းလို မိန်းကလေးနဲ့ သဘောတူနိုင်မှာတဲ့လဲ၊ ကိုနေကို နန်း ချစ်ပေမယ့် ရင်မှာ ဘယ်လောက်အားငယ်နေရတယ်မှတ်လဲ၊ နန်း ခံစားချက်ကို ကိုနေ နားလည်မှာမဟုတ်ပါဘူး"

နန်းသည် ပြောရင်းက မျက်နှာလေး ညှိုးသွားရသည်။ နေဒွန်းသည်လည်း နန်းစကားများကြောင့် ရင်မှာ နင့်နင့်သည်းသည်းကြီး ခံစားသွားရသည်။

တကယ်တော့ နေဒွန်းကိုယ်တိုင်ပင်လည်း နန်းပြောသလို မစဉ်းစားမိသည်မဟုတ်။ စဉ်းစားမိပါသည်။

စဉ်းစားတိုင်းလည်း သူတို့နှစ်ဦးအတွက် အဖြေဆိုတာ ရှိမလာဘဲ သက်ပြင်းတွေ ချခဲ့ရသည်က အကြိမ်ကြိမ်ဖြစ်သည်။

"ဘာလဲ ကိုနေ နန်းကို စိတ်ပျက်သွားပြီလား"

နေဒွန်းမျက်နှာချောချောကို နန်းသည် အကဲခတ်လျက် မေးလိုက်တော့ နေဒွန်းက ချစ်သူမျက်နှာလေးကို ကြည့်လိုက်ရင်း

"မဟုတ်ပါဘူး နန်းရယ်"

"မညာပါနဲ့ ကိုနေ၊ ကိုနေလည်း နန်းနဲ့ပတ်သက်ပြီး ခံစားနေရတယ်ဆိုတာ နန်းသိပါတယ်၊ ဒါပေမဲ့ ကိုနေ စိတ်မညစ်

ပါနဲ့၊ ကိုနေ နန်းဘဝထဲမှာ နေနိုင်မယ်ဆိုရင်တော့ ကိုနေ့အတွက် နန်း အမြဲတံခါးဖွင့်ထားပါတယ်''

''နန်းရယ်''

ဟုသာ နေဒွန်းစိတ်မှာ ညည်းလိုက်မိပါ၏။ နန်းကတော့ နန်းအတွေးနှင့် နန်း ပြောနေတာဖြစ်ပေမယ့် နေဒွန်းအတွက်ကတော့ ချစ်သူလေးနှင့်ပတ်သက်ပြီး အရာရာအားလုံးကို ရင်ဆိုင်နိုင်ဖို့ ဆုံးဖြတ်ထားခဲ့ပြီးဖြစ်သည်။

''ကိုနေ…နန်းနဲ့ ကိုနေ့ဘဝအတွက် ကိုနေ ဘယ်လိုဆုံးဖြတ်မလဲကွယ်''

''ကိုနေ ဆုံးဖြတ်ထားတာကတော့ တကယ်လို့ ကိုနေ့မိဘတွေက နန်းနဲ့ သဘောမတူဘူးဆိုရင် ကိုနေတို့ နှစ်ဦးသဘောတူပဲ နန်းနဲ့ကိုနေ ဘဝကို တည်ထောင်ကြမယ်၊ ကိုနေတို့နှစ်ယောက် ဘဝတိုးတက်ရေးအတွက် နန်းက ကိုနေ တာဝန်ကျတဲ့နေရာ လိုက်နေပြီးတော့ ကိုနေရဲ့ ပါရမီဖြည့်ဖက် လုပ်ပေးပါနော်''

''ဒါ မဖြစ်နိုင်ဘူးထင်တယ် ကိုနေ၊ နန်းက ဒီအရပ်မှာပဲမွေး၊ ဒီအရပ်မှာပဲ ကြီးတော့ ဒီဒေသမှာပဲ နေချင်တယ်၊ နန်းက



နန်းဘဝကို ဒီခြံတွေထဲမှာပဲ မြှုပ်နှံထားချင်တာ''

''နန်းအတွက် မဟုတ်ပေမယ့် ကိုနေ့အတွက်ကရော''

''ကိုနေ့အတွက်ဆိုရင်တော့ နန်း စဉ်းစားရမှာပေါ့၊ ဒါပေမဲ့ ကိုနေ့မိဘတွေ အစွန့်ပစ်ခံဘဝနဲ့ ကိုနေ့ကို နန်း မမြင်ရက်ဘူး၊ ကြည့်လည်း မကြည့်ရက်ဘူး၊ အဲဒါ ကိုနေ့ကို နန်း ချစ်လွန်းလို့ပဲ''

''နန်း''

''ရှင်''

''ကိုနေပြောတာကို နန်း သေချာနားထောင်ပါ''

''ကိုနေ မနက်ဖြန် ပြန်ရတော့မှာ နန်းသိတယ်နော်''

''နန်း သိပါတယ်ဆိုနေ''

''ကိုနေ ရန်ကုန်ပြန်ရောက်ရင် နန်းနဲ့ပတ်သက်တဲ့ ကိစ္စတွေအားလုံးကို ကိုနေ့မိဘတွေကို ဖွင့်ပြောမယ်၊ ပြီးတော့ နန်းကို နားလည်လက်ခံလာအောင် ကိုနေ့ဘက်က အစွမ်းကုန် ကြိုးစားကြည့်မယ်''

''တကယ်လို့ ကိုနေ့မိဘတွေက သဘောမတူ၊ လက်မခံဘူးဆိုရင်ရော''

"ဒီလိုဆိုရင်တော့ နန်းရှိရာကို ကိုနေ ပြန်လာပြီး နန်းနဲ့ ကိုနေတို့ ဘ၀တစ်ခုကို တည်ထောင်ကြမယ်၊ ဘယ်လိုလဲ နန်း"

စိတ်အားထက်သန်မှုများစွာဖြင့် ပြောနေသော နေဒွန်းကို ကြည့်ကာ နန်းသည် သက်ပြင်းတစ်ခုကိုသာ ချလိုက်မိသည်။

သူပြောသလို နန်းကို သူ့မိဘအသိုင်းအဝိုင်းက ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတာကိုတော့ နန်းက သိနေပါသည်။

ဒါ့ဆို နေဒွန်း၏ မိဘအသိုင်းအဝိုင်းက နန်းကို လက်မခံသဘောတူ ငြိုငြင်နေသည်ကို လျစ်လျူရှုကာ နန်းတစ်ယောက် ကိုနေနှင့် ဘ၀တစ်ခုကို မတည်ဆောက်ရက်ပါ။

"ကိုနေ"

"ဘာလဲ နန်း"

"နန်းကို တစ်ခုလောက် ပြောခွင့်ပြုပါ"

"ပြောလေ နန်း၊ နန်း ဘာပြောချင်တာလဲ၊ ကိုနေ နားထောင်ပေးပါ့မယ်"

"နန်းကို ကိုနေ မေ့ပစ်လိုက်ပါ"

"ဟင်"



နန်းထံမှ မျှော်လင့်မထားသော စကားကို နေဒွန်း ကြားလိုက်ရသည့်အတွက် သူ့နှလုံးသွေးတွေ ရပ်ဆိုင်းသွားမတတ် ခံစားလိုက်ရသည်။

"ဘာပြောတယ် နန်း၊ နန်းကို ကိုနေက မေ့ပစ်ရမယ် ဟုတ်လား"

နန်းသည် နေဒွန်းစကားကို မဖြေသေးဘဲ နှုတ်ခမ်းအစုံကို တင်းတင်းကြီး စေ့ပိတ်ထားရာမှ...

"ဟုတ်တယ် ကိုနေ၊ နန်းကို မေ့ပစ်လိုက်ပါ"

"ဘယ်လိုပြောလိုက်တာလဲ နန်းရယ်၊ ကိုနေ နန်းကို ချစ်ခဲ့ရတာ လွယ်လွယ်နဲ့ ချစ်ခဲ့တယ်လို့များ နန်း ထင်နေလား"

"အချစ်ဆိုတာထက် ဘ၀က ပိုအရေးကြီးပါတယ် ကိုနေ၊ နန်း ဒီစကားတွေ ပြောနေရတာ ကိုနေ့ဘ၀အတွက်ပါ"

"တော်စမ်း နန်း၊ နန်းရဲ့စကားတွေ ဒီမှာတင်ရပ်ရင် ကောင်းမယ်၊ ကိုနေ နန်းကို ချစ်တဲ့အချစ်တွေကို နန်း ဥပေက္ခာပြုရက်နိုင်လွန်းတယ်၊ နန်းနဲ့ပတ်သက်ပြီး အရာရာကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီး နန်းကို ချစ်ခဲ့တာ၊ နန်းသိထားဖို့က နန်းကို ကိုနေ

ပိုး:မိုး:၀၁၃၉ပ

ပိုး:မိုး:၀၁၃၉ပ

Scanned by CamScanner

သိပ်ချစ်တယ်၊ ဘာအတွက်ပဲဖြစ်ဖြစ် နန်းကိုပဲ ကိုနေ လက်ထပ်မယ်"

တည်ကြည်သောမျက်နှာ၊ ပြတ်သားလွန်းသည့် စကားများဖြင့် မျက်နှာကြီးနီမြန်းကာဆိုနေသည့် နေဒွန်းကို နန်းသည် ဘာမှမပြောတော့ဘဲ တွေတွေလေးသာ ငေးကြည့်နေမိပါတော့သည်။

□ □ □

နန်း၏အငိုပ်ကလေး နေဒွန်းမြင်ကွင်းမှ ပျောက်ကွယ်သွားမှ နေဒွန်း သက်မလေးတစ်ချက်ကို ရှိုက်လိုက်ပြီး မင်းသိန်းရှိရာဘက်သို့ သူဦးခေါင်းလေး လှည့်လာသည်။

"ဘယ်လိုလဲ နေဒွန်း၊ နန်းအတွက် မင်း ခံစားနေရပြီလား"

"ဟုတ်တယ် မင်းသိန်း၊ ငါ နန်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါကိုယ်ငါ အသိဆုံးပဲ"

"နေဒွန်း…နေဒွန်း၊ မချစ်တတ်ဘူး၊ မချစ်တတ်ဘူးနဲ့ ချစ်မိပြီဆိုတော့လည်း အရူးအမူးပါပဲလားကွာ"

မင်းသိန်းစကားကို နေဒွန်း ဘာမှပြန်မပြောပါ။ သူ့ရင်ထဲတွင် နန်းကိုထားရစ်ကာ ထွက်ခွာခဲ့ရသည့် ဝေဒနာက ဘာနှင့်မှ နှိုင်းယှဉ်ပြလို့မရအောင် နာကျင်ကြေကွဲမှုများဖြင့် ဆွတ်ကျင်နေရ

သည်။

အလာတုန်းက စိတ်ကြည်နူးတက်ကြွမှုတွေက အပြန်လမ်းတွင်တော့ အချစ်ဆိုသောအရာ၏ ဖမ်းစားခြင်းကို ခံနေရသော နေဥုန်းအတွက် အရာရာသည် လွမ်းဆွတ်ဖွယ်ရာအတိ။

နန်းရှိရာ လိမ္မော်ခြံကြီးမှ တောင်ကြီးသို့ ရောက်ပြီး တောင်ကြီးမှတစ်ဆင့် ရန်ကုန်သို့ သူတို့ ပြန်ကြမည်ဖြစ်သည်။

"နန်းကို မင်းဘဝလက်တွဲဖော်အဖြစ် လက်ထပ်ဖို့ မင်း ဆုံးဖြတ်နေတာလား နေဥုန်း"

"ဟုတ်တယ် မင်းသိန်း၊ နန်းနဲ့ငါ ဘဝတစ်ခုကို တည်ဆောက်မယ်၊ နန်းကို ငါသိပ်ချစ်တယ်"

"ထားပါတော့လေ၊ ဒါနဲ့ မင်း နန်းဘဝကိုလည်း သိနေတာပဲ၊ နန်းနဲ့မင်း ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ မင်းသိပါတယ် နေဥုန်း"

မင်းသိန်းစကားကို သူနားထဲက ကြားနေပေမယ့် နေဥုန်း ဘာစကားမှ ပြန်မပြောမိ။ ပြောရလျှင် နေဥုန်းရင်ထဲမှာ နန်းကို လွမ်းဆွတ်သတိရမှုများနှင့် သိပ်ချစ်နေတာသာ သိပါသည်။



"နန်းကို မင်း ချစ်မိသွားတာ ငါဘာမှ မပြောလိုပါဘူး နေဥုန်း၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်ရဲ့ ဘဝတွေ အရမ်းကို ကွာခြားနေတယ်လေ၊ နန်းမှာ ရုပ်ရည်ကလွဲလို့ အစစအရာရာ မင်းနဲ့ ဘယ်လိုမှ မလိုက်ဖက်တဲ့သူပါကွာ"

"ဒါတွေကို ငါ ဂရုမစိုက်ဘူး မင်းသိန်း"

"မင်းဂရုမစိုက်ပေမယ့် မင်းမိဘ အသိုင်းအဝိုင်းတွေကတော့ ဂရုစိုက်မှာအမှန်ပဲ"

"မတတ်နိုင်ဘူး မင်းသိန်း၊ ငါ့နှလုံးသားက နန်းကိုမှ သိပ်ချစ်မိသွားတာကိုး၊ ငါ သူ့ကို မြင်မြင်ချင်းပဲ စိတ်ဝင်စားခဲ့တယ်၊ နန်းမှာ မိဘအသိုင်းအဝိုင်းတွေ လက်ခံနိုင်လောက်အောင် ဂုဏ်အဆင့်အတန်း၊ အဆောင်အယောင်တွေ ဘာမှမရှိပေမယ့် ငါ့အတွက်တော့ ဖြူစင်သန့်ရှင်းတဲ့ အချစ်တွေ နန်းမှာရှိတယ်၊ ဒါကြောင့် နန်းကိုပဲ ငါလက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

ရင်ထဲမှာ ခိုင်မာသော ဆုံးဖြတ်ချက်များဖြင့် နေဥုန်းက မင်းသိန်းအား ပြောလိုက်ခြင်းဖြစ်သည်။

ဟုတ်သည်လေ။

SSI

Scanned by CamScanner

နန်းနှင့်ပတ်သက်ပြီး အရာရာကို ရင်ဆိုင်ကျော်လွှားဖို့ နေဦွန်းဘက်က ဆုံးဖြတ်ထားခဲ့ပြီးသား။

××××××

ရန်ကုန်ရောက်ရောက်ချင်း နေဦွန်းမှာ နန်းနဲ့ပတ်သက်ပြီး ဒက်ဒီနှင့်မာမီတို့ နားလည်လက်ခံလာအောင် ပြောမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ဒက်ဒီတို့ကို သူပြောခဲ့သည်။

"မင်းမာမီ ပြောပြထားလို့ ငါအားလုံးသိပြီးပြီ။ အဲဒီ မိန်းကလေးကို မင်းရင်ထဲက တကယ် နှစ်နှစ်ကာကာချစ်တာလား"

"တကယ်ချစ်တာပါ ဒက်ဒီ"

"မိန်းကလေးက အဲဒီဇာတ်ပဲလား"

"ဟုတ်ကဲ့"

မာမို့အမေးကို နေဦွန်း ဖြေလိုက်သည်။

"မိန်းကလေးနဲ့ပတ်သက်ပြီး မင်းသိထားတာတွေ ပြောပြစမ်း"

အဲဒါမှခက်ပြီ။ နန်း သိပ်လှသည်ဆိုတာကလွဲ၍ နန်းနှင့်



ပတ်သက်ပြီး နေဦွန်း ဘာမှမမေးမြန်းခဲ့ဘူးပါ။

"ဟို…နန်းက လိမ္မော်ခြံမှာ နေပါတယ်"

"ပြီးတော့ရော"

"အဲ…ဟို…ဟို"

"လုပ်ပြန်ပြီ၊ ကြောင်တောင်တောင်တွေ လာလုပ်ပြမနေနဲ့ နေဦွန်း၊ မင်း ဘာတွေထွင်နေတယ်ဆိုတာ ငါခန့်မှန်းမိပြီ၊ မင်း ပိုစတင်လည်း နောက်လဆိုကျပြီ၊ ငါတို့စီစဉ်တာကို မင်းငြင်းချင်လို့ အကွက်ဆန်းတွေ ထွင်နေတာမို့လား၊ မင်းကိုထပ်ပြီး ပွဲခွင့်၊ ရှုပ်ခွင့်တွေ ငါမပေးတော့ဘူး"

"မဟုတ်ဘူး ဒက်ဒီ၊ မဟုတ်ဘူး၊ ဒက်ဒီထင်သလို မဟုတ်ဘူး၊ နန်းကို သွား ခေါ်လာပြမယ်"

ဒက်ဒီက နေဦွန်းကို တစ်မျိုးမြင်နေပြီ။ ဒက်ဒီတို့ စီစဉ်တာကို လက်မခံချင်၍ သူတမင်ပြောနေသည်ဟု ဒက်ဒီက ယူဆထားဟန်တူ၏။

"ကဲ…ဒါဆိုရင်လည်း မင်းသိပ်ချစ်တယ်ဆိုတဲ့ မိန်းကလေးနဲ့ပတ်သက်ပြီး ငါတို့ ဘာမှမမေးတော့ဘူး၊ အဲဒီမိန်းကလေးကို

သာ ငါတို့ရှေ့ရောက်အောင် မင်းခေါ်လာခဲ့တော့၊ မင်း တည်တည် တံ့တံ့နဲ့ အိမ်ထောင်တစ်ခု တည်ဆောက်နိုင်ဖို့ပဲ လိုတယ်"

"ဝမ်းသာလိုက်တာ ဒက်ဒီရာ၊ ဒါဆို သား နန်းကို ခေါ်လာခဲ့မယ်နော်"

ဒက်ဒီနှင့် သူတို့ပြောနေသည့် စကားတွေကို မာမိက ဘာတစ်ခွန်းမှမပြောဘဲ နားထောင်နေရာမှ…

"အမိကကတော့ သားနဲ့ဘဝတစ်ခုလုံး လက်တွဲရမယ့် မိန်းကလေးဟာ သားသဘောကျနှစ်သက်တဲ့သူပဲ ဖြစ်တာကောင်းတယ်၊ ဒါပေမဲ့ အဲဒီ နန်းဆိုတဲ့ မိန်းကလေးကိုတော့ မာမိတွေ့ဖူးချင်တယ်"

"စိတ်ချပါ မာမိ၊ နန်းက သိပ်ချစ်စရာကောင်းပါတယ်၊ နန်းကို မာမိတို့ရှေ့ရောက်အောင် သား ခေါ်ခဲ့ပါ့မယ်"

နန်းရယ်။

ကိုယ့်ရဲ့ စစ်မှန်တဲ့ ချစ်ခြင်းတရားကြောင့် နန်းနဲ့ကိုယ် မကြာခင် နီးစပ်ရတော့မှာပါ။

□ □ □

## အခန်း (၁၄)

တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းများက ဘာစကားမှ မဆိုနိုင်အောင် နေဒွန်းရင်ထဲမှာ မွန်းကြပ်တစ်ဆို့သွားရသည်။

ရင်မှာ ခံစားရလွန်းသောကြောင့် အံကို တင်းတင်းကြိတ်ထားမိရာက နေဒွန်း နှလုံးသားထဲက အခုအချိန်ကျမှ ဘာနှင့်မှ နှိုင်းယှဉ်ပြလို့မရအောင် နာကျင်ကြေကွဲမှုများဖြင့် ဆွတ်ကျင်နေရသည်။

ရက်စက်လိုက်တာ။ သိပ်ရက်စက်တာပဲဆိုသည့် စကားကိုသာ နေဒွန်းရင်ထဲက အခါခါ ရေရွတ်နေမိသည်။

လုံးဝ မျှော်လင့်မထားသည့် အဖြစ်တွေပါလား။

နန်းသည် သူ့အပေါ် သည်လောက်ထိ ပြတ်သားရက်စက်

လိမ့်မည်ဟု နေဒွန်း လုံးဝမထင်ခဲ့။

ချစ်ပါသည်ဆိုသည့် စကားများကို နေဒွန်း မျက်စိမှိတ်ယုံကြည်ခဲ့မိသည့်အဖြစ်က အခုတော့ သူ့နှလုံးသားကို ဒဏ်ရာဒဏ်ချက်များဖြင့် နာကျင်စေရပြီဖြစ်သည်။

လိမ္မော်ခြံသို့ ရောက်ရောက်ချင်း နန်းရှိရာသို့ သူ အပြေးအလွှားလာခဲ့ပေမယ့် နန်း၏ အရိပ်အယောင်ကို ဘာတစ်ခုမှ မတွေ့ရတော့။ စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားကာ နန်းတစ်ယောက် လိမ္မော်ခြံထဲမှာ ရှိလိမ့်မည်အထင်နှင့် သူ ရှာဖွေခဲ့ပါသော်လည်း နန်းကိုဖြင့် မမြင်ခဲ့ရ။

ထိုစဉ် နေဒွန်းအနားသို့ လူတစ်ယောက်ရောက်လာကာ

"အစ်ကိုလာရင်ပေးဖို့ နန်းက စာတစ်စောင်ထားခဲ့ပါတယ်"

"ဟင်…ဟုတ်လား၊ နန်းက ဘယ်သွားလို့လဲ"

"အဲဒါတော့ မသိဘူး၊ တကယ်လို့ အစ်ကိုပြန်လာခဲ့ရင်ပေးဖို့ စာတစ်စောင်ပဲ ပေးခဲ့တာပါ"

"ကျေးဇူးပဲဗျာ"



နေဒွန်းမှာ ဟန်မဆောင်နိုင်အောင်ပင် ထိုလူရှေ့မှာပဲ နန်းပေးခဲ့သည်ဆိုသော စာကို ဖောက်ဖတ်လိုက်သည်။

*ကိုနေ*

*ကိုနေ့အတွက် နန်း ဒီစာကို မရေးချင်ပါဘူး။ ဒါပေမဲ့ နန်းအနေနဲ့ ကိုနေ နန်းကို မျှော်လင့်ချက်တွေထားပြီး စိတ်ဒုက္ခမပေးချင်တော့လို့ပါ။ တကယ်တော့ နန်းဘဝဟာ ကိုနေနဲ့ မထိုက်တန်ပါဘူး။*

*နန်းပြောခဲ့သလိုပဲ ကိုနေနဲ့ နန်းဘဝဟာ မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်၊ ဒီလိုကွာခြားတဲ့ဘဝတွေကို ညှိယူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ နန်း သေသေချာချာတွေးမိသွားပါပြီ၊ စိတ်ကူးယဉ်အချစ်နဲ့ လက်တွေ့ဘဝနှစ်ခုမှာ တကယ်ဦးစားပေးသင့်တာက လက်တွေ့ကျတဲ့ဘဝပါပဲ။*

*နန်းကို ကိုနေ နာကြည်းမုန်းတီးသွားရင်လည်း နန်း ကျေကျေနပ်နပ်နဲ့ပဲ ခံယူလိုက်ပါမယ်။ နန်း ပြောချင်တာကတော့ မိုးကောင်းကင်လို မြင့်လွန်းတဲ့ ကိုနေ့ဘဝထဲကို နန်း မဝင်ချင်တော့ဘူး။ နန်းအနေနဲ့လည်း လိုက်မှီမှာမဟုတ်ပါဘူး။*

Scanned by CamScanner

*ဒါကြောင့် နန်း…နန်းနဲ့ဘဝတူဖြစ်တဲ့ ကိုစိုင်းခေါင်ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကိုစိုင်းခေါင်ကို နန်း ဟိုးအရင်က မချစ်ခဲ့ပေမယ့် အခုတော့ နန်းဘဝကို နန်း သိသွားလို့ ကိုစိုင်းခေါင် နောက်ကိုပဲ နန်း လိုက်သွားပါပြီ။*

*နန်းနဲ့ကိုနေ ချစ်ခဲ့ကြတာကိုတော့ နန်းအနေနဲ့ အိပ်မက်ထဲက ပုံပြင်တစ်ခုလိုပဲ သတ်မှတ်လိုက်ပါတော့မယ်။*

*နန်း*

"နန်း…နန်းရယ်"

အိပ်မက်ထဲက ပုံပြင်တစ်ပုဒ်တဲ့လား။

မဟုတ်ဘူးလေ။ နန်းကို အားလုံးက နွေးထွေးစွာကြိုဆိုဖို့ စောင့်နေကြပြီလေ။

လက်ထဲက စာလေးကို တင်းတင်းလေးဆုပ်ကိုင်ရင်းက နေဥန်းသည် ရင်မှာ ကြေကွဲနာကျင်ရမှုများစွာဖြင့် မေရာမှာပင် တောင့်တောင့်ကြီး ရပ်နေမိပါသည်။

နန်းရယ်။

ရက်စက်တယ်။

မင်း…သိပ်ရက်စက်တယ်။



နာကြည်းကြေကွဲရမှုများစွာဖြင့် နေဥန်းတစ်ယောက် မျှော်လင့်ချက်အားလုံး တစ်စစီ လွင့်ပျက်ကြေမွကုန်ရပြီ။

တစ်ခါမှ မချစ်ခဲ့ဘူးသော နှလုံးသားက သိပ်ချစ်မိပြန်တော့လည်း ဘယ်တော့မှ ပျောက်ပျက်လို့မရနိုင်တော့သည့် နာကြည်းကြေကွဲရမှုများစွာဖြင့်။

အပြန်လမ်းတွင်တော့ အရာရာသည် နေဥန်းအတွက် အကျည်းတန်နေရပါပြီ။

အရာအားလုံးကို မေ့ပစ်ချင်စိတ်ဖြင့် နေဥန်းတစ်ယောက် တစ်ခါမှမသောက်ဖူးသော အရက်ဆိုတာကို သူသောက်ဖြစ်ခဲ့ရ၏။ ခါးသက်ပူလောင်သော အရက်နှင့်တူသော အချစ်ဆိုသည့်အရာကို နေဥန်း တစ်ယောက် လက်တွေ့ခံစားလိုက်ရပြီ။

သြော်…ခုတော့လည်း နန်းနှင့်သူ ချစ်ခဲ့ကြသည့်အဖြစ်က အိပ်မက်တစ်ခုအဖြစ်နှင့် ကျန်ရစ်ခဲ့ရပြီပေါ့။ ထိုအိပ်မက်သည် နေဥန်းနှလုံးသားကို နာကျင်ကြေကွဲစေရသည့် အိပ်မက်ဖြစ်သည်ဆိုတာကိုတော့ နန်း သိအောင် နေဥန်း ပြောပြလိုက်ချင်ပါသည်။

□ □ □

Scanned by CamScanner

"မင်းတကယ်ပြောတာလား နေဒွန်း၊ နန်းတစ်ယောက် ဒီလိုပဲ တကယ်လုပ်သွားတာလား"

"သြော်…ကျွန်ုပ်ကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့ လားလို့ ဖြစ်နေပြန်ပြီ၊ ရော့…မယုံရင် ဒီစာကိုဖတ်ကြည့်"

သူ့ထံမှ ကမ်းပေးလာသည့်စာကို မင်းသိန်းက ယူဖတ်လိုက်သည်။ ပြီးနောက် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီး…

"ဒါပေါ့ကွာ၊ နန်းဘက်က အတွေးလည်း မမှားပါဘူး မင်းတို့အသိုင်းအဝိုင်း အခြေအနေကြားထဲမှာ နန်းတစ်ယောက် ရှေ့ရှည်နေသွားရင်လည်း ဒီထက်စိတ်ညစ်စရာတွေ ကြုံမလာနိုင်ဘူးလို့ အာမမခံနိုင်ဘူး၊ ဒီတော့ သူ့စာတဲလမ်းကို သူဖြတ်သွားတာကောင်းတယ်လို့ပဲ အခုအချိန်မှာတော့ ငါက ပြောရမှာပဲ"



"မင်းကတော့ ပြောနိုင်တာပေါ့ကွာ၊ ခံစားရတဲ့သူမှ မဟုတ်တာ၊ ငါ့အတွက်တော့ ကမ္ဘာပျက်ရသလိုပဲ"

"မင်း ခံစားနေရတာတွေကိုလည်း ငါ ကိုယ်ချင်းစာနိုင်ပါတယ် နေဒွန်း၊ ဒါပေမယ့် အခုအချိန်မှာ မင်းကို အကောင်းဆုံး အကြံပေးချင်တာကတော့ နန်းကို မင်း မေ့ပစ်လိုက်ပါတော့"

"ဘာ"

"ဟုတ်တယ်လေ၊ မင်း ပညာတတ်တစ်ယောက်ပါ၊ ငါ ဘာကိုပြောချင်တာလဲဆိုတာ မင်းသိပါတယ်၊ နန်းကို မင်း လုံးဝ မေ့ပစ်လိုက်ပါတော့၊ ပြီးတော့ မင်းမိဘတွေ စိတ်ချမ်းသာနိုင်အောင် မင်းမိဘစကားကို နားထောင်လိုက်ပါ"

နေဒွန်းသည် မင်းသိန်းစကားတွေကို နားထောင်ရင်းက ဘာမှမပြောနိုင်ဘဲ ငြိမ်သက်သွားရပါသည်။

မင်းသိန်းပြောသလို နန်းကို မေ့ပစ်လိုက်ရမည်တဲ့လား။

ရက်စက်လိုက်တာ နန်းရယ်။

နန်းကို ကိုယ်ဘဝမှာ ပထမဦးဆုံး ချစ်ခဲ့ရတာဆိုတာကို နန်း မသိဘူးတဲ့လား။

ssl

Scanned by CamScanner

ကိုယ့်ဘဝမှာ နန်းဟာ ပထမဦးဆုံး ချစ်ခဲ့ရသည့် အချစ်ဦးနဲ့ အချစ်ဆုံးဆိုတာ။

ဘာပဲပြောပြော သိပ်ချစ်ခဲ့ရသည့် နန်းကို သူ ဘယ်လိုမှ လွယ်လွယ်နှင့် မေ့ပစ်လို့ မရနိုင်ဘူးဆိုတာကို သူကိုယ်သူ သိနေပါသည်။

ပြီးတော့ နန်းနှင့်သူ ချစ်ခဲ့ကြတာက ဘယ်လောက်မှ မကြာသေးသည့်အချိန်က။

"မင်းသိန်း မင်း ဆိုလိုချင်တာကို ငါလက်ခံပါတယ်၊ ဒါပေမဲ့"

"မင်းရဲ့ ဒါပေမဲ့ကိုလည်း ထားလိုက်ပါတော့ကွာ၊ မင်းဘာပြောချင်တယ်ဆိုတာလည်း ငါနားလည်တယ်၊ အကောင်းဆုံးကတော့ အားလုံးကို မေ့ပစ်ပြီး မင်းမိဘတွေစကားကိုသာ မင်းနားထောင်လိုက်ပါ"

မင်းသိန်းပြောသလို ဒက်ဒီနှင့်မာမီတို့ ပြောစကားကိုလိုက်နာဖို့ မယ်မဒီဆိုသော မိန်းကလေးအကြောင်းကို သူ စဉ်းစားလိုက်မိသည်။



နန်းလို သူ့အပေါ် ရက်စက်စွာ လုပ်ရက်သည့် မိန်းကလေးထက်စာလျှင် မယ်မဒီလို မိန်းကလေးက သူ့အတွက် ပိုပြီးကောင်းနိုင်မည်တဲ့လား။

နန်းနှင့်ပတ်သက်သည့် ဒီလိုခံစားမှုတွေကို နေဒွန်းကိုယ်တိုင်ပင် မုန်းနေရသည့်အဖြစ်။

အချစ်ဆိုသည့်အရာက နေဒွန်းအတွက်တော့ သင်ခန်းစာတွေ ကောင်းကောင်းပေးသွားခဲ့သည့်အရာ။ အချစ်ဆိုသည်က ရှာဖွေတော့မတွေ့။ မတွေ့ချင်ပေမယ့် တစ်ခါတစ်ရံတော့ အချစ်ကဆင်ကန်းတောတိုး ရောက်လာတတ်သည်မျိုး။

မချစ်အပ်ဟု တားမြစ်သော်လည်း အချစ်အတာတ်နှင့်ပစ်ခတ်၍ ဖွတ်နှစ်၍ချစ်၏။ ချစ်အပ်သည်ဟု ပိုင်းဖြတ်သော်လည်း မချစ်မနှစ်သက်နိုင်သည်ဖြစ်၍ ပူဆွေးသောကရောက်ကုန်၏။

သို့ပေမယ့် အချစ်ဆိုသည့်အရာက…။

□ □ □

## အခန်း (၁၅)

''မင်းပြောတဲ့စကားတွေကို ဒက်ဒီ ဘာတစ်ခုမှ လက်မခံတော့ဘူး၊ ဒီတော့ ဒက်ဒီတို့စီစဉ်သလိုသာ မင်းလက်ခံဖို့ စဉ်းစားတော့''

ဒက်ဒီပြောသည့်စကားကို နေဒွန်း လက်ခံရပါတော့မည်။ သူ့အနေနှင့် ဒက်ဒီတို့ပေးခဲ့သည့် အခွင့်အရေးအားလုံးကို ရိုက်ချိုးဖျက်ဆီးပစ်သလို ဖြစ်ခဲ့ရသည့် ကံကြမ္မာတရားကိုသာ တကယ်တော့ သူ အပြစ်တင်ရတော့မည်ဖြစ်သည်။

''မင်းတို့ချင်း မရင်းနှီးသေးတော့ မယ်မဒီနဲ့မင်းကို ပေးတွေ့မယ်၊ မနက်ဖြန်ညနေမှာ မယ်မဒီမွေးနေ့ရှိတယ်၊ ဒက်ဒီတို့တစ်မိသားစုလုံး လာဖို့ သူကိုယ်တိုင် ဖိတ်ထားတယ်၊ အဲဒါ မင်းပါလိုက်ရမယ်၊ အသင့်ပြင်ထားပါ''



''ဒက်ဒီ''

''မင်း ဘာမှမပြောနဲ့တော့၊ ဒက်ဒီတို့အနေနဲ့ မင်းအတွက် အခွင့်အရေးတွေအားလုံးကို အပြည့်ပေးထားပြီးသား၊ ဒီအချိန်မှာ ဒက်ဒီတို့စကားကို မင်း နားမထောင်ရင်တော့ ဒက်ဒီတို့ အဆိုးမဟုတ်တော့ဘူး''

ဒက်ဒီက နေဒွန်းကိုပြောပြီး ဧည့်ခန်းထဲမှ ထွက်သွားသည်။ တကယ်ဆို သည်လိုပွဲမျိုးကို နေဒွန်း လုံးဝမလိုက်ချင်ပါ။ သို့ပေမယ့် သိပ်ချစ်ရလွန်းသူ နန်း၏ လုပ်ရပ်တွေကို ပြန်တွေးမိတော့ နေဒွန်း၏ရင်ထဲက ခံစားချက်ဒဏ်ရာတွေက တဆစ်ဆစ်ကိုက်ခဲနာကျင်နေဆဲ။

ဒက်ဒီတို့ဆန္ဒကိုတော့ ဒီအချိန်မှာ သူလိုက်လျောဖို့သင့်ပြီ။ မယ်မဒီဆိုသော မိန်းကလေးနှင့် လက်ထပ်ဖို့ ဒက်ဒီတို့က ပြင်ဆင်ထားပြီးပြီ။

ဘာပဲဖြစ်ဖြစ် ဒက်ဒီတို့ သဘောဆန္ဒအတိုင်း စိတ်တိုင်းကျ လိုက်လျောနိုင်ဖို့ ကံကြမ္မာတရားက နေဒွန်းအတွက် ဆုံးဖြတ်ထားခဲ့လေပြီ။

□ □ □

Scanned by CamScanner

မွေးနေ့ပွဲကား မယ်မဒီ၏ ခြံထဲမှာပင် ကျင်းပသည်မို့ ရောင်စုံဆလိုက်များဖြင့် မယ်မဒီ၏ မွေးနေ့ပွဲသည် သူ့ခြံကျယ်ကြီးထဲမှာပင် လူများနှင့် အထူးပင် စည်ကားနေရသည်။

နန်းနှင့်ပတ်သက်သော အရာအားလုံးကို မေ့ပစ်ချင်စိတ်ဖြင့် နေဥန်းမှာ မယ်မဒီ၏ မွေးနေ့ပွဲ မသွားခင်ကတည်းက မင်းသိန်းနှင့်အတူ စားသောက်ဆိုင်ထိုင်ကာ ဘီယာသောက်ဖြစ်ခဲ့၏။

"ဘာလဲ...နေဥန်း၊ မင်း နန်းကို အခုထိ မမေ့နိုင်သေးဘူးလား"

"နန်းဘာသာ ဘယ်ဘဝပဲရောက်နေနေ နန်းကို ငါ့နှလုံးသားထဲက နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့မိတာပဲ၊ ဘယ်မေ့လို့ရနိုင်ဦးမှာလဲ"

"ဒါဆို နန်း ဒီအချိန်မှာ မင်းဆီပြန်လာဦးမယ်ဆိုရင်လည်း



မင်း လက်ခံမှာပဲလား"

"နန်းသာ ငါ့ကို တကယ်ချစ်လို့ပြန်လာခဲ့ရင် နန်းဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ငါကတော့ အမြဲတမ်း ကြိုဆိုနေမှာပဲ"

"နေဥန်း...မင်းကို ငါ နားမလည်တော့ဘူး၊ မိန်းကလေးတွေကို ထည်လဲတွဲတတ်ခဲ့တဲ့ မင်းဆီက ဒီလိုစကားမျိုးကြားရဖို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တာအမှန်ပဲ"

"အဲဒီ မိန်းကလေးတွေတုန်းက ငါ့နှလုံးသားထဲမှာ တကယ်မချစ်ခဲ့တာပဲ"

"နန်းနဲ့ပတ်သက်ပြီးမှ မင်း ချစ်တတ်ခဲ့တာပေါ့"

"ဟုတ်တယ်၊ နန်းကို ငါ သိပ်ချစ်တယ်၊ ဒါပေမဲ့ နန်းအတွက် ငါ့ရဲ့အချစ်က အရာမထင်ခဲ့ပါဘူး"

"ဟုတ်တယ် သူငယ်ချင်း၊ နန်းအတွက် မင်း အချစ်က အရာမထင်ခဲ့ပေမယ့် မယ်မဒီအတွက်တော့ မင်းအချစ်က အရာထင်သင့်တယ်"

"ဘာဖြစ်လို့"

"မင်းမိဘတွေရဲ့ ဆန္ဒကြောင့်ပေါ့၊ မကြာခင်

မင်းလက်ထပ်ရတော့မယ့် မိန်းကလေးတစ်ယောက်ကို မင်းဘက်က ချစ်နိုင်လာအောင် ကြိုးစားသင့်တယ်''

''အချစ်ဆိုတာ အဲဒီလိုကြိုးစားတိုင်း ရနိုင်တဲ့အရာတစ်ခု လား''

''အဲဒီအဖြေကို ငါ မပေးတတ်ပေမယ့် မင်းနဲ့တစ်ဘဝလုံး လက်တွဲရမယ့် မယ်မဒီအတွက်တော့ မင်းရဲ့နှလုံးသားတွေကို ပြုပြင်ပြောင်းလဲသင့်တယ်''

''အဟွန်း…ဟွန်း ထားပါတော့ကွာ၊ ငါ့မိဘတွေ စိတ်ချမ်းသာအောင် မယ်မဒီကို ငါက ကြိုးစားပြီး ချစ်ပြရမယ် ပေါ့''

''ဟုတ်တယ်၊ ဒါနဲ့ မယ်မဒီကို မင်းက ဘာကြောင့် မချစ်ချင်ရတာလဲ''

''ဒါကတော့ ရှင်းပါတယ်ကွာ၊ ယောကျ်ားတစ်ယောက် ဟာ ကိုယ်လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ကို ခြောက်ပြစ် ကင်း သဲလဲစင်ဖြစ်ချင်တာပဲမဟုတ်လား''

''ဒါဆိုရင် အဲဒီလို အတွေးမျိုးတွေးတဲ့ မင်းကိုယ်တိုင်က

ဦးမိုး၀၇၆ပ



ရော ခြောက်ပစ်ကင်း သဲလဲစင်ဟုတ်ရဲ့လား''

မင်းသိန်းစကားကို သူ ဘာမှပြန်မချေပဖြစ်ပါ။ ဘာကြောင့်လဲဆိုတော့ မင်းသိန်း ပြောသည့်စကားတွေကလည်း အမှန်တွေပဲ ဖြစ်နေသည်မဟုတ်ပါလား။

မယ်မဒီ မွေးနေ့ပွဲသို့ ဒက်ဒီတို့နှင့်အတူ နေဒွန်း တက်ရောက်ဖြစ်ခဲ့ပါသည်။ စည်ကားရှုပ်ထွေးလှသော ညှို့ပရိသတ်တွေကြားမှာ နေဒွန်းတစ်ယောက် ဒက်ဒီတို့ အလိုကျ အတိုင်း စိတ်ရှုပ်ထွေးစွာ ထိုင်နေရပေမယ့် မင်းသိန်းနှင့် သောက် ထားခဲ့သော ဘီယာအရှိန်ဖြင့် အရာအားလုံးသည် ရီဝေရှုပ်ထွေး လျက်ရှိနေဆဲ။

''အဟင်း…ဟင်း အန်ကယ်တို့ရောက်နေတာ ကြာပြီ လား၊ သမီးမိတ်ဆွေတွေနဲ့ စကားပြောနေလို့ အန်ကယ်တို့ရောက်တာ မသိဘဲဖြစ်သွားတယ်၊ ခွင့်လွှတ်ပါနော်''

ဒက်ဒီနှင့်မာမီတို့ထံကိုသာ အကြည့်များပို့လျက် တကယ့် ကို အားနာဟန်နှင့် ဦးညွှတ်လျက် နှုတ်ဆက်တောင်းပန်နေသော မယ်မဒီဆိုသည့် မိန်းကလေးကို နေဒွန်း တစ်ချက်ကြည့်လိုက်ပါ

ဦးမိုး၀၇၆ပ

Scanned by CamScanner

သည်။

ခေတ်မီအပြင်အဆင်များဖြင့် ဝင်းဝါအိစက်နေသော အသားပေါ်တွင် ဖန်းသွေးဆီရောင်တောက်နေသော ကိုယ်ကြပ်ဂါဝန် ရှည်လေးဖြင့် သူ့နေရာနှင့်သူ အချိုးအစားကျ ပြေပြစ်လွန်းသည့် မယ်မဒီသည် လှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်ဆိုတာကို တော့ သူ သတိထားမိပါသည်။

သို့ပေမယ့် ရွှေရောင်မျက်မှန်လေးနှင့် ခေတ်ရှေ့ပြေးလွန်းသည့် ဆံပင်ပုံစံကြောင့် မယ်မဒီ၏ အလှတရားတို့က သူ့မျက်လုံး ထဲတွင်တော့ ဘယ်လိုမှ အချိုးအစားမကျပါ။

မိသားစုသုံးယောက်တည်းသာ ထိုင်နေသည့် ဒီစားပွဲဝိုင်းမှာ နေဒွန်းဆိုသည့်သူ့ကို နည်းနည်းလေးမှ အာရုံမစိုက်ဟန်ဖြင့်ဆို လာသည့် မယ်မဒီဆိုသော မိန်းကလေးသည် သူထင်ထားတာ ထက်ပင် မာန်တက်လွန်းသူလေးတစ်ယောက် ဖြစ်မည်ဆိုတာကို သူ ခန့်မှန်းမိပါသည်။

သူမ၏ ဥစ္စာဓန၊ ပကာသနများကြောင့် မယ်မဒီဆိုသော သူမမှာ ဒီလိုစိတ်ဓာတ်မျိုးတော့ ရှိနေပုံရပါသည်။



တကယ်ဆို နေဒွန်းဆိုတာက မိန်းကလေးတွေကြားမှာ ဘယ်နေရာသွားသွား ဘယ်ကိုပဲရောက်ရောက် မိန်းကလေးတွေ၏ စိတ်ပါဝင်စားခြင်းကို ခံရသူ။

မယ်မဒီဆိုသော မိန်းကလေးက သူမအနားမှာ ပုံစံမျိုးစုံ ဖြင့် ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည်နေလို့များ နေဒွန်းဆိုသည့် သူ့ကို ဂရုမစိုက်ဟန်ဖြင့် နေနေတာလား။

ထိုစဉ်မှာပင် ဒက်ဒီက

"ကိစ္စမရှိပါဘူး သမီးရယ်၊ ဒီအချိန်က ဒီလိုပဲဆိုတာ အန်ကယ်တို့ သဘောပေါက်ပါတယ်၊ သမီးဒက်ဒီတို့နဲ့တော့ အန်ကယ်တို့ တွေ့ပြီးပါပြီ၊ သားနဲ့ပဲ သမီးကို မိတ်ဆက်ပေးရဦး မယ်၊ ဒါ အန်ကယ်ရဲ့ တစ်ဦးတည်းသောသား နေဒွန်း၊ ဆေးကျောင်း ကဘွဲ့ရပြီး အလုပ်ဝင်ဖို့ စောင့်နေတာလေ"

"ဪ…ဟုတ်ကဲ့ပါရှင်၊ ကိုနေဒွန်းနဲ့ အခုလိုသိရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့…ကိုယ့်အနေနဲ့လည်း မယ်မဒီနဲ့ သိရတာ ဝမ်းသာပါတယ်"

SSI

Scanned by CamScanner

နေဥ္ဆန်းက ထိုစကားကို ဆိုလိုက်တော့ မယ်မဒီက သူမ၏ ဖူးညှိုးအိနေသည့် လှပသော နှုတ်ခမ်းအစုံကို ကွေးညွတ်သွားအောင် အဓိပ္ပာယ်ဖော်ဆောင်ရန် ခက်ခဲသည့် အပြုံးဖြင့် ပြုံးပြလိုက်သည်။ သူထံသို့ လက်ကမ်းပေးလာသော မယ်မဒီကို တစ်ချက်ကြည့်ကာ နေဥ္ဆန်းသည် အံ့သြမှင်တက်သွားမိရင်း သူ့လက်ကို ပြန်၍ကမ်းပေးလိုက်လေသည်။

နူးညံ့အိထွေးသော အတွေ့ထူး။

မယ်မဒီရဲ့ လက်တွေက သူထင်ထားတာထက် ပို၍နူးညံ့နေသည်ပဲ။

လိုအပ်သည်ထက် ပို၍ သူ့လက်ကို ဆုပ်ထားသော မယ်မဒီ၏လုပ်ရပ်ကြောင့် နေဥ္ဆန်းမှာ အနေရခက်သွားရသလိုဖြစ်သွားကာ မယ်မဒီမျက်နှာကို လှမ်းကြည့်လိုက်လေသည်။

ထိုစဉ်မှာပင်

"အဲ…ဆွေတို့ရောက်နေတာကိုး၊ သမီးဒက်ဒီပြောလို့ ဆွေတို့ဆီကိုလာခဲ့တာ၊ လာပါ ဟိုဘက်ဝိုင်းမှာ ထိုင်ကြရအောင်၊ သမီးနဲ့သားနဲ့ အေးအေးဆေးဆေး စကားပြောပါစေဦး"



မယ်မဒီ၏မာမီက နေဥ္ဆန်းတို့ စားပွဲဝိုင်းအနားသို့ ရောက်လာပြီး မာမီ့လက်ကိုဆွဲယူလျက် တစ်ဖက်ဝိုင်းသို့ ခေါ်သွားသောကြောင့် ဒက်ဒီပါ နေဥ္ဆန်းကို ထားခဲ့ကာ လိုက်ပါသွားလေသည်။

"အဲဒါ မဒ့်မာမီလေ၊ မာမီနဲ့ ကိုနေဥ္ဆန်းမာမီတို့က ငယ်သူငယ်ချင်းတွေလို့ မာမီပြောတယ်"

"အင်း…ကိုယ်နဲ့တွေ့ဖူးပါတယ်"

"ကိုနေဥ္ဆန်းကို ကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ"

မယ်မဒီက နေဥ္ဆန်းကို အကဲခတ်သလို ကြည့်ကာ ပြောလာသည်မို့…

"ညှိခံပွဲမလာခင်က ကိုယ် ဘီယာနည်းနည်းသောက်ထားလို့ပါ၊ ပြီးတော့ လူတွေက များလွန်းတော့ ကိုယ့်စိတ်ထဲငြီးစီစီဖြစ်နေတာလည်း ပါတယ်"

"ဘာကြောင့် ဘီယာသောက်ရတာလဲ"

တဆိတ် ဒါကတော့ လွန်လွန်းပြီထင်သည်။

အခုမှ တွေ့မြင်ခင်မင်သည့် ယောက်ျားတစ်ယောက်အပေါ် သူမ ဒီလောက်အထိ စပ်စုလွန်းဖို့တော့ မကောင်း။

"ကိုယ့်သူငယ်ချင်းနဲ့ တွေ့လို့ပါ"

"အဟင်း…ဟင်း ကိုနေဒွန်းရဲ့အကြောင်းတွေ မဒီ ကြားဖူးပါတယ်"

"ဘာတွေ ကြားဖူးလို့လဲ"

"ကိုနေဒွန်း ရည်းစားတွေများတဲ့ အကြောင်းပေါ့၊ ရည်းစားတစ်ယောက်ယောက်အတွက်များ အသည်းကွဲနေတာလား"

မယ်မဒီစကားကြောင့် နေဒွန်းမှာ ပခုံးတစ်ချက်တွန့်လိုက်ပြီး…

"ရည်းစားအတွက်နဲ့လောက်တော့ ကိုယ်က အသည်းမကွဲတတ်ဘူး"

"ဟုတ်လား…ဒါဆို တော်တော်အသည်းမာတာပဲ"

"မယ်မဒီရော…ရည်းစားတွေအတွက်နဲ့ အသည်းကွဲဖူးလို့လား"

ဒါကတော့ မယ်မဒီနှင့်ပတ်သက်ပြီး နေဒွန်း၏ ရိုက်ချက်တစ်ခုပင်။ သို့ပေမယ့် နေဒွန်းစကားကို မယ်မဒီက ဘာမှမဖြစ်လေဟန်နှင့်…



"အသည်းကွဲရအောင် မဒီမှ ရည်းစားမထားဘူးလား"

"ဟုတ်ရဲ့လား မယ်မဒီရယ်၊ မယ့်မဒီနဲ့ ပတ်သက်ပြီး ကိုယ်ကြားဖူးထားတာတွေနဲ့ မယ်မဒီစကားက ပြောင်းပြန်ဖြစ်နေပါလား"

"အဟင်း…ဟင်း ကိုနေဒွန်းက ကြားလူတွေပြောစကားကို အဟုတ်ထင်နေပုံရတယ်၊ မဒီ ယောကျ်ားတွေနဲ့ တွဲတာမှန်ပေမယ့် ဘယ်သူ့ကိုမှ အခုအချိန်အထိ ရည်းစားမတော်ဖူးဘူး၊ ဒီလိုတွဲတိုင်းသာ ရည်းစားတွေဖြစ်ကြစတမ်းဆိုရင် မယ်မဒီ ရည်းစားတွေမှတ်လို့တောင် ရနိုင်မယ်မထင်ဘူး"

"ယောကျ်ားတစ်ယောက်ကို မချစ်ဘဲနဲ့ အဲဒီလိုမျိုးတွဲလို့ရလား"

"ရတာပေါ့ ကိုနေဒွန်းရဲ့၊ ကိုယ့်စိတ်ထဲမှာ ဖြူစင်သန့်ရှင်းနေရင် ပြီးတာပဲမဟုတ်လား၊ မဒီနဲ့ပတ်သက်ပြီး ကိုနေဒွန်းစိတ်ထဲမှာ တစ်မျိုးဖြစ်နေပုံရတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုနေဒွန်းနဲ့ မဒီကိစ္စအတွက် ကိုနေဒွန်း စိတ်အနှောင့်အယှက်ဖြစ်နေတာလား"

ဒီမိန်းကလေး ပွင့်လင်းလွန်းတာကတော့ နေဒွန်းအတွက်

Scanned by CamScanner

လက်ဖျားခါလောက်ပါသည်။ စူးရှစွာကြည့်လာသည့် မယ်မဒီ၏ အကြည့်တွေကို နေဒွန်းသည် ခပ်အေးအေးပင် တုံ့ပြန်ရင်ဆိုင်ကြည့်လိုက်ရင်း…

"စိတ်အနှောင့်အယှက် ဖြစ်တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ်နဲ့ လက်ထပ်ဖို့ လူကြီးတွေစီစဉ်ထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကိုတော့ ကိုယ့်အနေနဲ့ သိသင့်တယ်လို့ ထင်ထားလို့ပါ"

"ဒီလိုဆိုရင်တော့ မယ်မဒီအကြောင်းတွေ သိအောင်လို့ ကိုနေဒွန်း အတော်ကြီး လေ့လာရဦးမယ်ထင်တယ်"

နေဒွန်းသည် ထူးခြားမှုတွေနှင့်အတူ သာမန်မိန်းကလေးတွေနှင့် ကွဲပြားခြားနားနေသော မယ်မဒီ၏မျက်နှာကို စူးစူးစိုက်စိုက်လေး ကြည့်လိုက်သည်။ သူမသည်လည်း သူ့အကြည့်များကို မလွှဲဖယ်ဘဲ သူ့အား ပြန်ကြည့်နေသည်မှာ ခဏတော့ဖြင့် နှစ်ယောက်သား အကြည့်ချင်း အားပြိုင်သွားရသည်။

ဘီယာအရှိန်ဖြင့် မူးယစ်ရီဝေဝေဖြစ်နေသော မယ်မဒီ၏ မျက်ဝန်းတွေက သူသိပ်ချစ်မိသော ချစ်ရသူ နန်း၏ မျက်ဝန်းတွေ



နှင့်ပဲ ဆင်တူနေသလိုလို။

အတန်ကြာအောင် အကြည့်ချင်း ဆုံသွားရာမှ အရင်ဆုံး အကြည့်လွှဲလိုက်သူက မယ်မဒီပင်ဖြစ်သည်။

ထိုအခါမှ နေဒွန်းသည်လည်း သူမထံမှ အကြည့်များကို လွှဲယူလိုက်ပြီး…

"မယ်မဒီ"

"ဟင်"

"မိဘတွေ စီစဉ်ထားတဲ့ကိစ္စကို မယ်မဒီ ဘယ်လိုသဘောထားလဲ"

"အခုကတော့ ဘယ်လိုမှ သဘောမရပေမယ့် အခုအချိန်မှာတော့"

မယ်မဒီက စကားကို တစ်ဝက်တစ်ပျက် ရပ်တန့်လိုက်သည်ကြောင့်…

"ပြောပါ မယ်မဒီ၊ ကိုယ့်ကို အားမနာပါနဲ့"

"ခေါင်းညိတ်လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်"

ပြောပြီး ထိုင်ရာမှထထွက်သွားသော မယ်မဒီဆိုသော

Scanned by CamScanner

မိန်းကလေးကို ကြည့်ပြီး တွေတွေကြီး ကျန်ရစ်ခဲ့သူက နေဒွန်းပင် ဖြစ်ပါတော့သည်။

◻ ◻ ◻

## အခန်း (၁၆)

"ဘာကိုခေါင်းရှုပ်ခံပြီး စဉ်းစားနေတာလဲ နေဒွန်း၊ အဖြေက ရှင်းရှင်းလေးပဲဟာ၊ မင်းကို မယ်မဒီ သဘောကျနေပြီဆိုတာထက် သေချာတဲ့အဖြေ ရှိဦးမှာလား"

မင်းသိန်းစကားကြောင့် နေဒွန်းမှာ စိတ်ရှုပ်ထွေးသွားရ၏။

"ငါမှ မယ်မဒီကို မချစ်တာ"

"ဒီအချိန်မှာ မင်းအတွက် ချစ်တယ်၊ မချစ်ဘူးဆိုတာထက် ဘ၀အတွက် သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာက ပိုပြီး အရေးပါလိမ့်မယ်ထင်တယ်၊ အချစ်ဆိုတာကို မင်း လက်တွေ့ ခံစားဖူးခဲ့ပြီမဟုတ်လား"

"မင်းပြောတော့လည်း ဟုတ်နေလိုက်တာ၊ မင်းပြော

သလို သူက ငါ့ကို သဘောကျတယ်ဆိုတာ တစ်ခုတည်းနဲ့ အရာအားလုံးဟာ ပြီးပြည့်စုံသွားပြီပေါ့၊ ဟုတ်လား မင်းသိန်း"

"ကျွတ်...စိတ်ကူးမလွဲစမ်းပါနဲ့ကွာ၊ မင်းနဲ့မယ်မဒီလို မိန်းကလေးဟာ အရာအားလုံးအတွက် လိုက်ဖက်တင့်တယ်တဲ့ မိန်းကလေးပါ"

"စိတ်ကူးလွဲတာမဟုတ်ပါဘူး၊ နန်းပြောခဲ့သလို အချစ်နဲ့ဘဝမှာ ဘဝက လက်တွေ့ကျတယ်လို့ နန်းကပြောခဲ့တယ်၊ အဲဒီအတိုင်းပဲ အချစ်က ငါ့အတွက် အသုံးသတ်သွားတော့ ဘဝအတွက် ငါက ရွေးချယ်သင့် ရွေးချယ်ရမှာပေါ့ ဟုတ်လား"

"ဒါ...အမှန်ဆုံးပေါ့ကွာ၊ အားလုံး စိတ်ချမ်းသာသွားအောင် မင်းဘဝအတွက် မယ်မဒီကိုသာ ရဲရဲရွေးချယ်လိုက်ပါ"

ဒီအချိန်မှာ မင်းသိန်းပြောသည့် စကားတွေက လက်တွေ့ကျကျ ပြောနေသည့် စကားများဆိုတာကိုတော့ နေဒွန်း နားလည်ပါသည်။

သို့ပေမယ့်လည်း အချစ်နှင့်ပတ်သက်ပြီး နေဒွန်းရင်ထဲက နှလုံးသားထဲမှာတော့ တစ်စုံတစ်ရာက ကျန်ရှိနေဆဲ။

□ □ □

နေဒွန်းသည် အတွေးများစွာဖြင့် ခြံထဲဆင်းထိုင်နေဆဲ သူ့လက်ကိုင်ဖုန်းထဲသို့ သူမသိသော ဖုန်းနံပါတ်တစ်ခုက ဝင်လာသည်မို့ နေဒွန်း ဘယ်ကဖုန်းများပါလဲဆိုသော အတွေးနှင့် ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို"

"ကိုနေဒွန်းလား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

ဖုန်းထဲမှာဆိုပေမယ့် ကြည်လင်ပြတ်သားကာ ချိုနွဲ့သည့် မိန်းကလေးတစ်ယောက်၏အသံက နေဒွန်းနားထဲသို့ ဝင်လာသဖြင့် နန်းများလားဆိုသောအတွေးဖြင့် နှလုံးသားများပင် လှုပ်ရှားသွားရသည်။

"မယ်မဒီပါ"

"ဟင်"

နေဒွန်းတစ်ယောက် ထင်မှတ်မထားသော စကားကြောင့် အံ့သြသွားရသည်။

"ဘာပြောမလို့လဲ မယ်မဒီ"

"အဟင်း…ဟင်း မဒီက ကိုနေဒွန်းအတွက် ကြောက်စရာသတ္တဝါတစ်ကောင်များ ဖြစ်နေလားဟင်"

"မဟုတ်ပါဘူး မယ်မဒီ၊ ကိုယ် မျှော်လင့်မထားတော့ အံ့သြသွားလို့ပါ"

"ဒါဆို မျှော်လင့်ထားတဲ့သူက တစ်ယောက်ပေါ့"

"မျှော်လင့်ထားပေမယ့် ဖြစ်မလာနိုင်တော့တဲ့ အခြေအနေပါ"

"ဘာလဲ သူများနောက်ပါသွားလို့လား"

"အင်း…ဆိုပါတော့"

"ကိုနေဒွန်းလိုလူမျိုးအတွက် ဒီလောက် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ စာမဖွဲ့လောက်ပါဘူး"

"အဲဒါက မယ်မဒီအထင်လေ၊ တစ်ခါတလေ အထင်



နဲ့အမြင်က လွဲတတ်တာပဲ"

"မယ်မဒီ အနားမှာလည်း အမျိုးသားတွေ ဝိုင်းနေတယ်ဆိုတဲ့အကြောင်းတွေ ကိုယ်ကြားပါတယ်၊ အဲဒီ အမျိုးသားတွေထဲမှာ မယ်မဒီအတွက် ရင်ခုန်စရာ လူတစ်ယောက်တော့ ရှိမှာပါ"

"ရှိသင့်တယ်၊ ဒါပေမဲ့ မရှိဘူးဖြစ်နေတာ"

"ဘာလဲ မယ်မဒီ ကိုယ်ပါ ဝိုင်းကူပြီး ရှာပေးရမလား"

"ရှာဖွေလို့တွေ့နိုင်မယ့် အရာတွေထဲမှာ အချစ်ဆိုတဲ့အရာကမှ မပါတာ"

"အလို့…မယ်မဒီ အိုင်ဒီယာတွေက မြင့်သားပဲ"

"အဲဒီလောက် စကားလေးနဲ့လောက်တော့ မယ်မဒီက ကိုယ့်ကိုယ်ကို ဂုဏ်မယူတတ်ပါဘူး"

"မယ်မဒီက ကိုယ်ထင်ထားတာထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတာပဲ"

"သေချာတယ်၊ ဒီစကားကတော့ မယ်မဒီအတွက် ကံကောင်းစေဖို့ဆိုတာ"

"အဲဒါ ဘာအဓိပ္ပာယ်လဲ မယ်မဒီ"

Scanned by CamScanner

"ဘာအဓိပ္ပာယ်လဲဆိုတာကို ကိုနေဒွန်း သေသေချာချာ စဉ်းစားကြည့်ပေါ့၊ အဲဒါဆိုရင်တော့ အဖြေတစ်ခုတွေ့မှာ အမှန်ပဲ"

"မယ်မဒီ ကိုယ့်ဆီ ဖုန်းဆက်တာက"

"ကိုနေဒွန်းနဲ့ စကားပြောချင်ရုံသက်သက်ပါ၊ ဒါပဲနော် ကိုနေဒွန်း၊ မဒီ ဖုန်းချလိုက်ပြီ"

ပြောပြီး မယ်မဒီတစ်ယောက် ဖုန်းချသွားသည်။ နေဒွန်း တစ်ယောက်မှာသာ မယ်မဒီနှင့်ပတ်သက်ပြီး အတွေးများစွာနှင့်။

□ □ □

"မနေ့က မယ်မဒီ ငါ့ဆီဖုန်းဆက်တယ် မင်းသိန်း"

"ဟုတ်လား…မင်းကို သူ ဘာတွေပြောသွားလဲ"

မင်းသိန်းက နေဒွန်းမျက်နှာကို ကြည့်လျက် စိတ်ဝင်စားစွာ မေးလိုက်သည်။ မနေ့က မယ်မဒီနှင့်ပြောခဲ့သည့် စကားတွေကို နေဒွန်းက ပြန်ပြောလိုက်တော့…

"သေချာပြီ နေဒွန်း၊မင်းကို မယ်မဒီ တကယ်ကြွေနေပြီ"

"သူကြွေပေမယ့် ငါ့နှလုံးသားထဲမှာ သူ့အတွက် နေရာမှ မရှိတော့တာ"

"ကျွတ်…မင်းနှလုံးသားထဲမှာ ထားတဲ့နေရာကို မင်း မျှော်လင့်တဲ့သူက ပြန်လာဦးမှာမို့လား၊ မင်း ရူးမနေစမ်းပါနဲ့ကွာ၊ မင်းပဲပြောခဲ့တယ်လေ၊ ဘ၀ကို လက်တွေ့ကျကျပဲ မင်းစဉ်းစား တော့မယ်ဆို"

ဗိုးမိုး၀၇၄၉

Scanned by CamScanner

တကယ်တော့ အစစအရာရာ ပြည့်စုံကျေနပ်လွန်နေသည့် မယ်မဒီလို မိန်းကလေးမျိုးကို နေဒွန်းအနေနှင့် ငြင်းပယ်စရာ အကြောင်းမရှိပါ။

သို့ပေမယ့် ခက်နေသည်က သူ့နှလုံးသားပင်ဖြစ်သည်။

အချစ်ကို ဈေးကွက်နှင့်တွက်ကာ ဦးနှောက်နှင့်ရွေးချယ်၍ လက်မခံချင်ပါ။ အချစ်ဆိုတာ နှလုံးသားထဲက သူ့အလိုလို ရှင်သန် ပေါက်ဖွားလာသည့် အရာဆိုတာ နေဒွန်း ကိုယ်တွေ့သိခဲ့ရပေမယ့် ထိုအချစ်ဆိုတာ အခုတော့ နေဒွန်းအတွက် ရေထဲမှာရေးသည့် အရုပ်တစ်ခုပမာ ပျောက်ကွယ်ခဲ့ရပြီ။

"အချစ်ဆိုတာကို မင်းနှလုံးသားနဲ့ ရွေးချယ်ခဲ့ဖူးပြီလေ၊ ဒီတစ်ခါတော့ ဘဝအတွက် မင်း ဦးနှောက်နဲ့ ရွေးချယ်သင့်ပြီ"

မင်းသိန်းစကားကို နေဒွန်း မငြင်းမိတော့ပါ။ မင်းသိန်း ပြောသမျှ စကားတွေသည် အားလုံး အမှန်တွေဖြစ်သည်။

"နောက်တစ်ခု ပြောချင်တာက တကယ်တော့ အချစ်ဆို တာ နီးစပ်မှုပါကွာ၊ တစ်ယောက်နဲ့တစ်ယောက်က နီးစပ်မှုရှိရင် အချစ်ဆိုတာ သူ့အလိုလို ဖြစ်ပေါ်လာတတ်တာပဲ"

□ □ □

## အခန်း (၁၇)

"ဗျာ…ဒက်ဒီ ဘာပြောလိုက်တယ်၊ သားကို မယ်မဒီ နဲ့လက်ထပ်ဖို့ စီစဉ်ပြီးပြီ ဟုတ်လား ဒက်ဒီ"

နေဒွန်းမှာ ကြားပြီးဖြစ်ပေမယ့် ထိုစကားကိုပင် သေချာ အောင် ထပ်မေးလိုက်တော့ ဒက်ဒီသည် ခပ်အေးအေးပင် ခေါင်း ညိတ်ပြလိုက်ပြီး…

"ဟုတ်တယ် နေဒွန်း၊ မင်း ပိုစတင်လဲကျပြီ၊ ရန်ကုန်မှာ ပဲ မင်း အလုပ်တာဝန်ကျတော့ မယ်မဒီနဲ့ မင်းရဲ့မင်္ဂလာပွဲကို ဒက်ဒီ တို့အားလုံး စီစဉ်လိုက်ပြီ"

"ဟုတ်တယ် သား၊ မယ်မဒီမိဘတွေအားလုံးနဲ့ တိုင်ပင် ပြီး စီစဉ်လိုက်ကြတာ"

Scanned by CamScanner

"ဟင်"

မျှော်လင့်မထားဘဲ အဲဒီအစီအစဉ်တွေက ဝုန်းဒိုင်းကြီး စီစဉ်လိုက်ခြင်းကြောင့် နေဒွန်းအတွက် အံ့သြစိတ်တွေက ပိုနေရခြင်း ဖြစ်သည်။

"သားကို နည်းနည်းတော့ ပြောဖို့ကောင်းတာပေါ့ မာမီရာ"

ထိုအခါ ဒက်ဒီ့ထံမှ စူးစမ်းသောအကြည့်များက နေဒွန်းထံ ရောက်လာပြီး...

"ဘာလဲ...မင်းက အခုအချိန်အထိ တည်တည်တံ့တံ့ အိမ်ထောင်မပြုချင်သေးဘဲ ပွေချင်ရှုပ်ချင်တုန်းပေါ့၊ ဟုတ်လား"

"ဟုတ်တယ် သား၊ သား ဒက်ဒီပြောတာ မှန်တယ်၊ သားအရွယ်က အိမ်ထောင်ပြုသင့်ပြီ၊ ပြီးတော့ မယ်မဒီလို မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ သားက ဘာကြောင့် ငြင်းချင်နေရတာလဲ၊ အခုခေတ်ကြီးထဲမှာ ပညာ၊ ဓနနဲ့ ဥစ္စာ၊ ရုပ်ရည် အားလုံးပြည့်စုံတဲ့ မယ်မဒီလို မိန်းကလေးကို ချွေးမတော်ချင်နေတဲ့ သူတွေက အများကြီး၊ ဒီကိစ္စမှာတော့ သားဒက်ဒီရဲ့ဆန္ဒလိုပဲ မာမီ့



ဆန္ဒကလည်း တစ်ထပ်တည်းပဲ၊ သားကိုလည်း မာမီတို့ဘက်က အစွမ်းကုန် အခွင့်အရေးတွေ ပေးထားခဲ့ပြီးပြီလေ"

"ဒါပေမဲ့ မာမီရာ သားမှ မယ်မဒီကို မချစ်ဘဲ"

"အချစ် ဟုတ်လား၊ အချစ်အတွက် သားကို မာမီတို့ အခွင့်အရေး အပြည့်အဝပေးထားခဲ့တာကို သား ပြန်စဉ်းစားသင့်တယ်၊ အဲဒီအချစ်ဆိုတာကရော သားအပေါ် ဘယ်လောက်အထိ သစ္စာရှိသွားသလဲ၊ အချစ်ဆိုတာ တကယ့်လက်တွေ့ကျတော့ စိတ်ကူးယဉ်သက်သက်ပါ သားရယ်၊ သားဒက်ဒီနဲ့မာမီတို့ လက်ထပ်ခဲ့ကြတုန်းကလည်း လူကြီးမိဘတွေ အစီအစဉ်နဲ့ပဲ လက်ထပ်ခဲ့ကြတာပဲ၊ ဒါပေမဲ့ နောက်တော့လည်း ချစ်သွားကြတာပါပဲ"

စိတ်ကူးယဉ်သက်သက်တဲ့လား မာမီရယ်။

စိတ်ကူးယဉ်မဟုတ်ဘဲ လက်တွေ့ကျပါတယ်ဆိုပြီး သက်သေခေါ်ပြရလောက်အောင် နေဒွန်း၏ ချစ်အကျိုးပေးကံက မကောင်းခဲ့တာ နေဒွန်းဘာသာ သိသည်။

သူ့မျက်ဝန်းတွေထဲမှာ နန်းကို သတိရ မြင်ယောင်လာရ

SSI

သည်။

နန်းရယ်။

နန်းသာ အခုအချိန် သူ့အနားမှာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"စိတ်ကူးယဉ်မဟုတ်ပါဘူး မာမီ" ဆိုပြီး လက်ဆွဲပြလိုက်ချင်ပေမယ့် နန်းသည် သူနှင့် အဝေးဆုံးတွင် ရှိနေရသည့်အဖြစ်။

"မာမီတို့စကားကို နားထောင်ပါကွယ်၊ သားအနေနဲ့ နောက်တော့ ချစ်လာမှာပါကွယ်၊ အချစ်ဆိုတာ အနေနီးရင် သူ့အလိုလို ဖြစ်လာတတ်တာပဲဟာ၊ ဒီတော့ သား အချစ်ဆိုတာကို စိတ်ကူးယဉ်မနေနဲ့၊ မာမီတို့ စီစဉ်သလို မယ်မဒီကို သား လက်ထပ်ဖို့သာ ပြင်ဆင်တော့၊ မာမီတို့ မိဘတွေအားလုံး စီစဉ်ထားပြီးကုန်ပြီ"

မာမီနှင့် နေဒွန်းတို့ ပြောနေသည့် စကားများကို နားထောင်ပြီးနောက် ဒက်ဒီမှာ ဧည့်ခန်းထဲက ထွက်သွားလေသည်။

မာမီပါ ဒက်ဒီနောက်ကို လိုက်သွားသဖြင့် ဧည့်ခန်းထဲတွင် နေဒွန်းတစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

တစ်ဆက်တည်း ခေတ်မီလွန်းသော အပြင်အဆင်နှင့်



မယ်မဒီပုံစံနှင့် ရိုးသားအေးဆေးသော နန်း၏ပုံစံတို့က နေဒွန်းမျက်ဝန်းထဲ တစ်လှည့်စီ ပေါ်လာရသည်။

ချောတာ လှတာချင်းတူခဲ့သည်ဆိုလျှင်တောင် မယ်မဒီနှင့် နန်း၏ဘဝသည် မိုးနှင့်မြေပမာ ကွာခြားလွန်းပါသည်။

မယ်မဒီဆိုတာက တကယ့် ဆွေကြီးမျိုးကြီး အထက်တန်းလွှာမိသားစုမှ ဆင်းသက်လာသူတစ်ဦး။ ကိုယ်တိုင်ကလည်း ခေတ်ပညာတွေ များစွာတတ်ထားသည့် မိန်းကလေးဖြစ်သလို အခုလက်ရှိလည်း အောင်မြင်နေသည့် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာတစ်ယောက်။

ခေတ်မီလွန်းသော အပြင်အဆင်နှင့် အမြဲတမ်း မိမိကိုယ်ကို ယုံကြည်နေပုံရသော မယ်မဒီနှင့် အရောင်လွင့်နေသော တစ်ပတ်နွမ်းအဝတ်အစားလေးကို ဝတ်ကာ အားငယ်စိုးရွံ့စိတ်များဖြင့် ရှိနေရသော နန်းသည် တစ်ယောက်နှင့်တစ်ယောက် အရှေ့နဲ့အနောက်လို ကွာခြားနေရသည်။

ဘယ်လိုပင် ကွာခြားပါစေ နေဒွန်းအတွက်တော့ နန်းမှာ ပထမဦးဆုံးနှင့် နောက်ဆုံးချစ်ရသူ။

Scanned by CamScanner

ဘဝတွေ ဘယ်လိုပဲ ခြားနားသွားပါစေ နေဒွန်း နှလုံးသား ထဲက နန်းနှင့် ချစ်ခဲ့ရသော အဖြစ်တွေက သူ့နှလုံးသားထဲမှာ ထင်ကျန်နေရစ်ဆဲ။

□ □ □

"ရှင်းနေတာကို ရှုပ်အောင်လုပ်နေတာ မင်းပဲ နေဒွန်း၊ မယ်မဒီကို မင်းမိဘတွေကလည်း လိုလိုလားလားနဲ့ သဘောတူနေ သလို မင်းနဲ့သူ ဆိုတာလည်း ဒီလောက်လိုက်ဖက်ညီနေတာ၊ မင်း မယ်မဒီကိုသာ လက်ထပ်လိုက်တော့"

နေဒွန်းမှာ မိဘတွေ စီစဉ်နေသည့် မယ်မဒီနှင့် မင်္ဂလာ ကိစ္စကို မင်းသိန်းအား ပြောပြရာ မင်းသိန်းမှာ သူ့အား ထိုအကြံ ကို ပေးနေခြင်းဖြစ်သည်။

"မင်းကလည်း မယ်မဒီကိုပဲ လက်ထပ်ဖို့ တိုက်တွန်းနေ တယ်၊ မယ်မဒီကိုမှ ငါ မချစ်ဘဲ"

"ဟုတ်ပါပြီ၊ မင်းချစ်တာက နန်းလို့ပဲ မင်းပြောချင်သေး တာ မဟုတ်လား၊ အဲဒီ နန်းကရော အခုအချိန်မှာ မင်းကို သတိမှ ရပါဦးမလား၊ ဒီအချိန်ဆို နန်းက သူ့ဘဝနဲ့သူ မင်းကိုတောင်

မေ့နေလောက်ပြီ"

"ဟင်း"

နေဦးနန်း စိတ်လက်မသက်မသာနှင့် သက်မချလိုက်သည်။ မင်းသိန်း ပြောသည်ကလည်း မှန်ပါသည်။ သူ ရန်ကုန်ပြန်ရောက်ခဲ့တာ နှစ်လနီးပါးရှိပြီ။ နန်းနှင့်ပတ်သက်ပြီး ဘာသတင်းတစ်ခုမျှ သူ မရခဲ့ပါ။

မင်းသိန်း ပြောသလို ဒီအချိန်မှာ နန်းတစ်ယောက် သူမဘဝနှင့်သူမ နေဦးနန်းကို မေ့နေလောက်ပြီထင်သည်။

ဟင့်အင်း။

နန်းတစ်ယောက် ဒီလိုမျိုး မေ့မည်တော့မထင်ပါ။ ဘာပဲဖြစ်ဖြစ် ချစ်ခဲ့ဖူးသူတစ်ယောက်အနေဖြင့် တစ်ခါတစ်ရံလောက်တော့ သတိရနေနိုင်ပါသေးသည်။-

နေဦးနန်းသည် နန်းကို သိပ်ချစ်မိသော အတွေးဖြင့် သူ တွေးချင်ရာ လျှောက်တွေးနေမိသည်။

"ဘယ်လိုလဲ နေဦးနန်း၊ ငါပြောတာ ဖြစ်နိုင်တယ် မဟုတ်လား"



မင်းသိန်းစကားကို သူ ဘာမှပြန်မပြောမိပေမယ့် နေဦးနန်းရင်ထဲမှာတော့ နန်းကိုချစ်သည့် အချစ်များက ရှိနေဆဲ။ နန်းကိုချစ်မိသည့် အချစ်မှာ နေဦးနန်းနှလုံးသားက စူးနစ်စွာထွက်ပေါ်လာရသည့် အချစ်မျိုးမို့ ရူးနေအောင် ချစ်မိရသည့်အဖြစ်။ နန်း သူ့အပေါ် ဘယ်လိုပဲ နာကြည်းခါးသီးအောင် လုပ်ပါစေ နေဦးနန်းကတော့ နန်းကို မုန်းမေ့ပစ်၍ ရနိုင်မည်မဟုတ်ပါ။

နန်းကို သူ ချစ်မိခဲ့ရခြင်းက နှလုံးသားမှာ ဘယ်တော့မှ မေ့ပစ်မရသည့်အဖြစ်။

"မင်းသိန်း...ငါ မယ်မဒီနဲ့တွေ့ပြီး ဒီအကြောင်းတွေ ပြောချင်တယ်"

"ဟင်"

မင်းသိန်းမှာ နေဦးနန်းစကားကြောင့် အံ့သြဟန်ဖြင့် သူ့မျက်နှာကို ကြည့်လေသည်။

"ဟုတ်တယ်...မယ်မဒီကို ငါ့ရင်ထဲက အကြောင်းတွေ ပွင့်ပွင့်လင်းလင်း ပြောချင်တယ်၊ ဒီအကြောင်းတွေပြောလို့ မယ်မဒီ ငါ့ကို စိတ်ပျက်သွားရင်လည်း တစ်နည်းအားဖြင့် ကောင်းတာပဲ၊



Scanned by CamScanner

သူ့ကို ငါ မချစ်နိုင်ဘူးဆိုတာ သိတော့ သူနဲ့လက်ထပ်ဖို့ အစီအစဉ်ကို သူ့ဘက်က ဖျက်လိုက်ရင် ဒက်ဒီတို့လည်း ငါ့ကို အတင်း လက်ထပ်ပေးတော့မှာ မဟုတ်ဘူး"

"စဉ်းစဉ်းစားစားလုပ်ပါဦး နေဦးနန်း၊ မင်း ဒီအကြောင်းတွေ သူ့ကို သွားပြောလို့ရော မယ်မဒီက မင်းအတွက် ဘာလုပ်ပေးနိုင်မှာမို့လဲ၊ မင်းနဲ့ မယ်မဒီအကြား အဖုအထစ်တွေတောင် ဖြစ်သွားနိုင်သေးတယ်"

"အဲဒါပဲလေ၊ ငါလိုချင်တာ ဒီအဖြေပဲ၊ ငါ သူ့ကို မချစ်နိုင်တဲ့အကြောင်း၊ ငါ့မှာ သိပ်ချစ်တဲ့ချစ်သူ ရှိခဲ့တဲ့အကြောင်း သူသိသွားရင် ဘာပဲပြောပြော သူနဲ့ငါ လက်ထပ်ဖို့ကိစ္စကို သူ့ဘက်က စပြီး ပြန်ရုပ်သိမ်းသွားနိုင်တယ်"

"ဖြစ်နိုင်မယ်မထင်ဘူး နေဦးနန်း၊ ဘာဖြစ်လို့လဲဆိုတော့ လူသိရှင်ကြား ကြေညာပြီးသွားတဲ့ မင်းတို့ရဲ့ လက်ထပ်ပွဲဟာ ဒီလောက် လွယ်လွယ်နဲ့ ဖျက်နိုင်မယ်မထင်ဘူး၊ မယ်မဒီဆိုတဲ့ မိန်းကလေးဟာ သူ့ရဲ့ဂုဏ်သိက္ခာနဲ့ မာနတရားကို သိပ်ပြီး အလေးထားတတ်တဲ့ မိန်းကလေးမျိုးမို့လို့ပဲ၊ မင်းကို သူ လက်ခံခဲ့တယ်ဆိုတာကလည်း သေချာတယ်၊ မင်းကို သူ့ရင်ထဲက လက်ခံနိုင်လောက်တဲ့အထိ မင်းအပေါ် ချစ်မိသွားလို့ပဲဖြစ်မယ်"





"ဒါက မယ်မဒီဘက်က အပိုင်းလေ၊ ငါ သိပ်ချစ်ခဲ့တာ နန်းကိုပဲ"

"ချစ်ပါ…ချစ်ပါ၊ မင်းနဲ့တော့ ခက်နေပြီ၊ မင်းရဲ့နန်းက မင်းကို ဒီလောက် ရက်စက်သွားတာတောင် မင်းက ဆက်ချစ်နေနိုင်သေးတယ်၊ မင်းတော့ ရူးနေပြီ"

မင်းသိန်းအပြောကို နေဦးနန်းက ဘာမှမှာလိုခံခက်ဖြစ်ဟန်မရှိဘဲ…

"နန်းကိုချစ်မိတဲ့ အချစ်တွေအတွက် ရူးတယ်လို့ပြောရင်လည်း ငါ ခံနိုင်ပါတယ်"

"ထားပါလေ၊ မင်း မယ်မဒီနဲ့တွေ့ဖို့ ဆုံးဖြတ်လိုက်ပြီလား"

"ဟုတ်တယ် မင်းသိန်း၊ ငါ သူနဲ့တွေ့ပြီး သူပြောတဲ့ စကားတွေကို နားထောင်ချင်သေးတယ်၊ အဲဒါ မယ်မဒီဆီသွားဖို့ မင်းလိုက်ခဲ့ပါလား"



Scanned by CamScanner

"ငါ မလိုက်ချင်ဘူး နေဒွန်း၊ မင်းတို့နှစ်ယောက်ကိစ္စကို မင်းတို့ဘာသာ လွတ်လွတ်လပ်လပ် ဆွေးနွေးကြပါ"

"အေးလေ…မင်း နေချင်လည်းနေခဲ့လေ၊ ဒီအချိန်ဆို မယ်မဒီ ဘယ်မှာရှိနိုင်မလဲ"

မင်းသိန်းက လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး

"ကုမ္ပဏီမှာပဲ ရှိမယ်ထင်တယ်၊ မင်းတွေ့ချင်တယ်ဆိုရင်လည်း ကုမ္ပဏီကိုပဲ သွားတွေ့လိုက်ပေါ့"

မယ်မဒီနှင့်တွေ့ရန် စိတ်အားထက်သန်သော နေဒွန်းကို မင်းသိန်းသည် တားမရတော့ဆိုတာလည်း သိလိုက်ရသည်။

"ကဲ…ဒါဆို ငါသွားပြီ"

မင်းသိန်းကိုပြောပြီး နေဒွန်းမှာ သူ၏ကားပေါ်သို့တက်၍ မယ်မဒီရှိရာ ကုမ္ပဏီသို့ သူ၏ကားကို မောင်းထွက်သွားလေသည်။

နေဒွန်း၏ကားက မယ်မဒီ၏ ကုမ္ပဏီရှေ့တွင် ရပ်လိုက်ပြီး ကားတံခါးဖွင့်ကာ ကုမ္ပဏီထဲသို့ ဝင်လာခဲ့လိုက်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

အပြုံးနှင့်မေးလာသည့် ဧည့်ကြိုမိန်းကလေးကို နေဒွန်းသည် ပြန်၍ပြုံးပြလိုက်ရင်း…



"မယ်မဒီနဲ့ တွေ့ချင်လို့ပါ"

"သြော်…ဒါဆိုရင်တော့ ဝမ်းနည်းပါတယ်ရှင်၊ မမက သူရဲ့နိုင်ငံခြားသား ဧည့်သည်တွေနဲ့ လုပ်ငန်းကိစ္စအတွက် အပြင်ထွက်သွားလို့ ကုမ္ပဏီမှာ မရှိပါဘူးရှင်၊ အရေးတကြီးကိစ္စရှိရင် မှာခဲ့လို့ရပါတယ်"

"မယ်မဒီက ဘယ်အချိန်ပြန်လာမှာလဲ"

"ဒါတော့ ညီမတို့ မသိပါဘူးရှင်၊ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ ထွက်သွားတာဆိုတော့ ကြာမယ်ထင်ပါတယ်"

"ဒါဆိုရင်လည်း ကိုယ် မစောင့်တော့ပါဘူး"

"ဘယ်သူလာတယ်လို့ ပြောပေးရမလဲရှင်"

"ရပါတယ်၊ မယ်မဒီဆီကိုပဲ ကိုယ် ဖုန်းဆက်လိုက်ပါ့မယ်"

ဧည့်ကြိုကောင်မလေးကို ပြောပြီး နေဒွန်း ကုမ္ပဏီထဲမှ ထွက်လာခဲ့သည်။

□ □ □

Scanned by CamScanner

## အခန်း (၁၈)

အချစ်ရေးတွင် ကံမကောင်းခဲ့သူ နေဒွန်းအတွက် နာကျင်ကြေကွဲရသောစိတ်များဖြင့် မင်းသိန်းကိုပင် မခေါ်ဖြစ်ဘဲ တစ်ယောက်တည်း ဘီယာထိုင်သောက်နေသော နေဒွန်းမှာ သူ့ထံသို့ မယ်မဒီခေါ်ထားသော ဖုန်းနံပါတ်အတိုင်း ဖုန်းဆက်လိုက်သည်။

"ဟဲလို"

"မယ်မဒီလား"

"ဟုတ်ကဲ့ပါ ကိုနေဒွန်း"

"ကိုယ့်အသံကိုတောင် မှတ်မိနေပါလား"

"မှတ်မိဆို ကိုနေဒွန်းရဲ့ ဖုန်းနံပါတ်က ပေါ်နေတာကိုး"

"ဪ…မယ်မဒီ အလုပ်ကိစ္စတွေ ပြီးသွားပြီလား"



"အင်း…ပြီးပါပြီ၊ ဘာကိစ္စရှိလို့လဲ"

"မယ်မဒီနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောချင်လို့"

"ထူးထူးဆန်းဆန်းပါလား၊ ဘာအကြောင်းတွေလဲ"

"ကိုယ်တို့နှစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေဆိုပါတော့"

"အင်း…ဒါဆိုလည်း တွေ့ကြမယ်လေ၊ ဘယ်မှာတွေ့ကြမလဲ၊ အခု ကိုနေဒွန်း ဘယ်မှာရှိနေလဲ"

"ဘီယာဆိုင်မှာ"

"ဘာတွေဖြစ်လို့ ဘီယာသောက်နေရတာလဲ၊ အသည်းကွဲနေလို့လား"

"ခံစားချက်တွေကြောင့်ပေါ့၊ အဲဒီခံစားချက်တွေအကြောင်း ပြောချင်လို့ မယ်မဒီနဲ့ ဆုံချင်တာ"

"ဘယ်မှာဆုံမှာလဲ"

"ကိုယ် ကန်တော်ကြီးဘေးနားက ပါဝါလိုက်မှာဆိုတော့ ကန်တော်ကြီးထဲပဲ လာခဲ့ပါ၊ ရောက်ရင် ဖုန်းဆက်လိုက်ပေါ့"

"ကောင်းပြီ…ဒါဆို မဒီ လာခဲ့မယ်"

မယ်မဒီနှင့်သူ တွေ့တော့ အချိန်က ညနေစောင်း။

ခေတ်မီအပြင်အဆင်တွေနှင့် မျက်မှန်အကြည်လေးကို တပ်ထားသော မယ်မဒီပုံစံက သူ့စိတ်ထဲတွင် တစ်ယောက်ယောက်နှင့်ပဲ ဆင်နေသလိုလို။

ဘယ်သူနဲ့ဆင်နေသည်လဲ ရုတ်တရက် နေဒွန်း စဉ်းစားမရ။

"ဘာလို့ မဒီကို ဒီလောက်ကြည့်နေရတာလဲ"

"ကိုယ့်မျက်လုံးထဲမှာ မယ်မဒီက တစ်ယောက်ယောက်နဲ့ ဆင်နေသလိုပဲ"

"ဘယ်သူနဲ့ ဆင်နေတာလဲ"

"ဪ…ဟုတ်ပြီ၊ နန်းနဲ့"

"နန်း…နန်းဆိုတာက"

"ကိုယ်သိပ်ချစ်တဲ့ ကိုယ့်ချစ်သူပေါ့"

"ဒါဖြင့် နန်းနဲ့ ကိုနေဒွန်းနဲ့"

"ဒီအကြောင်းတွေပြောချင်လို့ မယ်မဒီကို ကိုယ်ခေါ်ခဲ့တာ"



နေဒွန်းနှင့် နန်းအကြောင်း စိတ်ဝင်တစားဖြင့် မေးခွန်းတွေ ထပ်ဆင့်မေးလာသော မယ်မဒီအား ကြည့်ကာ နေဒွန်းက ပြောလိုက်သည်။

"ထိုင်ပါဦး မယ်မဒီ၊ နန်းနဲ့ပတ်သက်ပြီး မယ်မဒီကို အေးအေးဆေးဆေးပြောပြချင်တယ်"

နေဒွန်းနှင့်အတူ မယ်မဒီတို့နှစ်ယောက် ကန်တော်ကြီးထဲရှိ ထိုင်ခုံလေးတစ်ခုတွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

□ □ □

Scanned by CamScanner

“ဒါဆိုရင် နန်းဆိုတဲ့အမျိုးသမီးက ကိုနေဦန်းအပေါ် သစ်စိမ်းချိုး ချိုးသွားတာပေါ့၊ ကိုနေဦန်း သူ့အပေါ် စိတ်မနာဘူးလား”

“စိတ်နာလို့မရအောင် နန်းအပေါ်မှာ ကိုယ်ချစ်မိတဲ့အချစ်က နက်ရှိုင်းနေခဲ့လို့ပေါ့”

“ကိုနေဦန်း ဆိုလိုချင်တဲ့သဘောကို မယ်မဒီ နားလည်ပါတယ်၊ ဒါပေမဲ့ ဘဝချင်းက ဘယ်လိုမှ ပေါင်းစပ်လို့မှမရတော့တာ၊ မဖြစ်နိုင်တော့တဲ့ အချစ်ကို ကိုနေဦန်းဘဝအတွက် အဓိပ္ပာယ် ဘယ်မှာရှိနိုင်တော့မှာလဲ၊ ကိုနေဦန်းလည်း ခေတ်ပညာတတ်တစ်ယောက်ပါ၊ မဒီဆိုလိုချင်တာကိုလည်း ကိုနေဦန်း နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”

“ဒါပေမဲ့ အချစ်မပါတဲ့ အိမ်ထောင်ရေးတစ်ခုကို ကိုယ်



မဖန်တီးချင်တာတော့ အမှန်ပဲ”

“ကိုနေဦန်း မဖန်တီးချင်လည်း မဒီ့ဘက်က လက်ခံခဲ့တယ်လေ”

“ဟင်”

မယ်မဒီအပြောကြောင့် နေဦန်းတစ်ယောက် အံ့သြသွားရပါသည်။

မိန်းကလေးတစ်ယောက်အတွက် ဒီထက် ပွင့်လင်းနိုင်သော စကားမျိုးကတော့ ရှိတော့မည်မထင်ပါ။

“ကိုယ့်မှာ သိပ်ချစ်တဲ့ချစ်သူ ရှိခဲ့တယ်လေ မယ်မဒီ”

“ဒါ မဆန်းပါဘူး ကိုနေဦန်း၊ အရွယ်ရောက်ပြီး ကိုနေဦန်းလို အနေအထားမျိုးနဲ့ ယောကျ်ားတစ်ယောက်မှာ ချစ်သူရှိခဲ့တယ်ဆိုတာ မဆန်းပါဘူး”

“ဒါဆို ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စကိုရော မယ်မဒီဘက်က ဘယ်လိုသဘောထားလဲ”

“အားလုံးစိတ်ချမ်းသာဖို့ မဒီကိုယ်တိုင် ခေါင်းညိတ်လက်ခံခဲ့တာပဲ၊ မဒီကြောင့် မိဘတွေ စိတ်သောကဖြစ်မှာကို မဒီ

မလိုလားဘူး၊ ဒီစကားက မဒီအတွက် ဟုတ်နိုင်ပေမယ့် ကိုနေဒွန်းအတွက် ဟုတ်နိုင်ချင်မှ ဟုတ်နိုင်မှာပါ။ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီထက်ပိုပြီး မဒီ မပြောချင်တော့ဘူး၊ ဒါပေမဲ့ ကိုနေဒွန်းအတွက် သေချာပြန်စဉ်းစားနိုင်ဖို့ တစ်ခုက ကိုနေဒွန်း သိပ်ချစ်တဲ့ နန်းကရော ကိုနေဒွန်းအပေါ် တကယ်ချစ်တာ ဟုတ်ခဲ့ရဲ့လားဆိုတာ ပဲ။

□ □ □



မယ်မဒီနှင့် ဆုံတွေ့ပြီးကတည်းက နေဒွန်းမှာ နန်းအကြောင်းတွေ စဉ်းစားနေမိရသည်။ နန်းသည် ဘာတွေပြောပြောသူ့အပေါ် ရက်စက်လွန်းသည်ကတော့ အမှန်ပါ။ သိပ်ချစ်မိခဲ့သောသူ့အချစ်တွေကို ဥပေက္ခာပြုရင်းနဲ့ နှလုံးသားနုနုမှာ သွေးစိမ်းရှင်ရှင်ကျအောင် ဖန်တီးရက်ခဲ့သူ။

မယ်မဒီပြောသလို နန်းသည် သူ့အပေါ် တကယ်မှ ချစ်ခဲ့ပါရဲ့လားဆိုသည့် အတွေးနှင့် နှလုံးသားသည် မခံရပ်နိုင်စွာ ရှက်ရွံ့နာကျင်ကြေကွဲသွားရသည်။

နေဒွန်းဆိုသော သူ့အတွက် ဝဋ်လည်တာများလား။

နေဒွန်းအနားတွင်ရှိနေသော နေဒွန်း ပတ်ဝန်းကျင်တွေထဲက မိန်းကလေးတွေကို ဥပေက္ခာပြုခဲ့လေသမျှ အခုတော့ နန်းဆိုသော မိန်းကလေးက သူ့အပေါ် ပြန်ပြီး ဥပေက္ခာပြုခဲ့လေသည်

လား။

နန်း၏ ဥပေက္ခာပြု လျစ်လျူရှု ရက်စက်မှုတွေက နေဒွန်း နှလုံးသားတစ်ခုလုံးကို ပူလောင်နာကျင်ကြေကွဲစေရုံမက နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေ ပြည့်သိပ်ခဲ့ရသည့်ဘဝ။

နန်းနှင့်ပတ်သက်ကာ နေဒွန်းအတွက် ကြေကွဲနာကျင်စေရသည့် နေ့ရက်များကလည်း မနည်းတော့ပါ။

နန်းရယ်။

မင်း ဘာကြောင့်များ ကိုယ့်အချစ်တွေကို အကြွင်းမဲ့ ယုံကြည်နားလည်မပေးနိုင်ခဲ့တာလဲ။

□ □ □

## အခန်း (၁၉)

မင်္ဂလာသတို့သားဝတ်စုံနှင့် နေဒွန်းမှာ ခန့်ညားတင့်တယ်လိုက်ဖက်လွန်းနေရပေမယ့် မျက်နှာချောချောကတော့ ဘာခံစားချက်မျိုးမှ မရှိသည့်ဟန်ဖြင့် ရှိနေရပါသည်။

ဒီနေ့ ဒေါက်တာနေဒွန်းနှင့် မယ်မဒီတို့၏ မင်္ဂလာပွဲနေ့ပင် ဖြစ်ပါသည်။

သည်အချိန် သတို့သားတစ်ယောက်အတွက် ပျော်ရွှင်ကြည်နူးတက်ကြွမှုများစွာဖြင့် ဖျတ်လတ်စွာ ရှိနေရမှာဖြစ်ပေမယ့် အခုတော့ နေဒွန်းမှာ ထိုအရာတို့နှင့် ဆန့်ကျင်လျက် တည်ငြိမ်စွာပင် ရှိနေသည်။

နေဒွန်းပုံစံက မင်္ဂလာပွဲအတွက် တက်ကြွလန်းဆန်းမှုတို့

ရှိမနေဘဲ သူ့အနေနှင့် မဖြစ်မနေ ကိစ္စတစ်ခုကို လုပ်ဆောင်ရသလို မျိုး စိတ်နှင့်ကိုယ် ကင်းနေသည့် နေဥ္စန်းအား

''ဘယ်လိုဖြစ်တာလဲကွာ၊ သတို့သားကလည်း မင်္ဂလာဆောင်ခါနီး ပြုံးပြုံးလေးနေစမ်းပါ၊ မင်းရဲ့ဘဝ တမျက်နှာတွေထဲက နေ့သစ်တစ်နေ့ကို မင်း စိုက်ထူရတော့မှာ၊ လောကမှာ ယောကျ်ား လေးတွေအတွက် အပျော်ဆုံးနေ့တွေထဲက တစ်နေ့ အပါအဝင်ဖြစ်တဲ့ မင်္ဂလာဆောင်တဲ့နေ့မှာ ပျော်ပျော်ရွှင်ရွှင်ကြီးနေပါ၊ မကြာခင်မှာ မင်းရဲ့သတို့သမီး အသစ်စက်စက်လေးဆီ သွားရတော့မယ်''

''မင်းပြောတဲ့ အပျော်ဆုံးနေ့တွေထဲက မင်္ဂလာဆောင်တဲ့ နေ့ဟာ ကိုယ်သိပ်ချစ်တဲ့သူနဲ့ မင်္ဂလာဆောင်မှ အပျော်ဆုံးနေ့ဖြစ် မှာပေါ့၊ ဒီမင်္ဂလာပွဲ ကိုယ့်ဆန္ဒနဲ့ ကိုယ်လုပ်တဲ့ မင်္ဂလာပွဲမှမဟုတ် ဘဲ''

''ဟာကွာ…ဘာတွေပြောပြန်ပြီလဲ၊ ဒီအချိန်ပိုင်းအထိ မင်း ဒီစကားတွေ ပြောနေတုန်းပဲ၊ ဒီလိုမင်္ဂလာအချိန်မှာ ဒီစကားတွေ မပြောရတော့ဘူးလေ၊ တကယ်တော့ မယ်မဒီက မင်းနဲ့ လိုက်ဖက် ညီလွန်းတဲ့ အစံစအရာရာပြည့်စုံတဲ့ သတို့သမီးပဲ''



''အဲဒီပြည့်စုံတာတွေကို ငါက ဘာလုပ်ရမှာလဲ''

''ခက်ပါလား နေဥ္စန်းရာ၊ မင်း မချစ်ဘူး မချစ်ဘူးနဲ့ ချစ်မယ့်ချစ်တော့လည်း တော်တော် အစွဲအလန်းကြီးတဲ့ကောင်ပဲ၊ ကဲ ဒါတွေပြောမနေနဲ့တော့၊ ဟိုမှာ သတို့သမီးနဲ့ အားလုံးစောင့်နေ လောက်ပြီ''

ဒက်ဒီနှင့်မာမီတို့က သတို့သမီးဖြစ်သူ မယ်မဒီ၏ အိမ်သို့ သွားနှင့်ကြပြီ။

''သတို့သမီးအိမ် ရောက်တော့မယ်၊ မင်းမျက်နှာကြီးက က ပြုံးပြုံးနေစမ်းကွာ''

မင်းသိန်းက ကားမောင်းနေရင်း နောက်ကြည့်မှန်မှတစ်ဆင့် နေဥ္စန်းမျက်နှာကိုကြည့်ကာ ပြောလိုက်သည်။ နေဥ္စန်းတို့၏ မင်္ဂလာ ကားလေးက သတို့သမီးဖြစ်သူ မယ်မဒီ၏အိမ် ဆင်ဝင်အောက် တွင် ထိုးရပ်လိုက်သည်။

''ကဲ…လာ သားတို့၊ သားတို့ကို စောင့်နေတာ''

ဧည့်ခန်းထဲသို့ ဝင်လာသော နေဥ္စန်းကို မာမီက ပြောလိုက် ခြင်းဖြစ်သည်။

ssl

Scanned by CamScanner

ညှော်ခန်းထဲတွင် နှစ်ဖက် အသိုင်းအဝိုင်း လူစုံတက်စုံ ရှိနေကြပါပြီ။

ထိုစဉ် ညှော်ခန်းထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာပြီး...

"မမလေးက သတို့သားကို လက်ဆောင်ပေးစရာရှိလို့ အပေါ်ထပ် ခဏကြွခဲ့ပါတဲ့"

နေဒွန်း မျက်မှောင်ကျုံ့သွားရ၏။ မယ်မဒီ ဘာတွေ အဆန်းထွင်နေပြန်သည်မသိ။ နေဒွန်းမှာ အတွေးနှင့် စိတ်ရှုပ်နေဆဲမှာပင်...

"လိုက်သွားလိုက်လေ သား၊ ဟိုမှာ သမီးလေးခေါ်နေတာ"

မာမိစကားကြောင့် ညှော်ခန်းထဲမှ လူများ၏ အကြည့်က သတို့သားဖြစ်သူ နေဒွန်းထံ ရောက်လာကြသည်။

နေဒွန်း ညှော်ခန်းထဲမှ ထရပ်လိုက်ကာ လာခေါ်သော ကောင်မလေးနှင့်အတူ သတို့သမီးရှိရာ အပေါ်ထပ်သို့ တက်လိုက်လာခဲ့သည်။



ကောင်မလေးက အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ပြီးနောက်

"မမလေး...ဒီအခန်းထဲက စောင့်နေပါတယ်ရှင်"

ပြောပြီး ကောင်မလေးက ပြန်ထွက်သွား၏။

နေဒွန်းမှာ အခန်းထဲသို့ ချက်ချင်းမဝင်ဖြစ်ဘဲ အခန်းပြင်မှာ အတန်ကြာအောင် ရပ်နေမိသည်။ သတို့သမီးဖြစ်သူ မယ်မဒီက သူ့ကို ဘာလက်ဆောင်ပေးချင်သည်လဲ။

ဘယ်လိုတွေးတွေး အဖြေရှာမရသည်မို့ နေဒွန်း အခန်းတံခါးကို အသာခေါက်လိုက်သည်။

"ဒေါက်...ဒေါက်"

"ဝင်ခဲ့ပါ"

အခန်းထဲမှအသံကြောင့် နေဒွန်း အခန်းတံခါးပွင့်ကာ ဝင်လိုက်တော့ သူ့ကိုကျောပေးလျက် မှန်တင်ခုံကြီးရှေ့တွင် ထိုင်နေသည့် သတို့သမီးဝတ်စုံနှင့် မယ်မဒီကို တွေ့လိုက်ရသည်။

"ကိုယ့်ကို လက်ဆောင်ပေးချင်လို့ မယ်မဒီ ခေါ်တယ်ဆို"

"ဟုတ်တယ်လေ၊ ဘာလက်ဆောင်လဲဆိုတာ ကိုနေဒွန်း

Scanned by CamScanner

မသိချင်ဘူးလား"

"ကိုယ် စဉ်းစားမရဘူး"

"မယ်မဒီပေးချင်တဲ့လက်ဆောင်က ဒီမှာ"

"ဟင်"

"နန်း…နန်း"

ဖျတ်ခနဲဆိုသလို နေဒွန်းဘက် လှည့်လာသည့် သတို့သမီးမှာ သူထင်ထားသလို မယ်မဒီမဟုတ်ဘဲ သူဘယ်လိုမှ ထင်မှတ်မထားသူ နန်း ဖြစ်နေသောကြောင့် ဖြစ်သည်။

နန်းသည် နေဒွန်းအား ရွှန်းလက်တောက်ပသော အကြည့် စူးစူးဖြင့် ပြုံးပြုံးလေး စိုက်ကြည့်လာသဖြင့်…

"နန်း…နန်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ကိုနေ၊ နန်းမှ နန်းအစစ်ပါ"

"ဘာလဲ နန်းကို ဒီလိုပုံစံမျိုးနဲ့ တွေ့လိုက်ရလို့ အံ့သြသွားသလား ကိုနေ"

ဘုရားရေ။

ဒါ…ဒါ နန်းမှ နန်းအစစ်ပါ။



ကြည့်စမ်းပါဦး။

နန်း ဘယ်လိုကနေ ဘယ်လို ဒီနေရာကို ရောက်လာရသည်လဲ။ ပြီးတော့ သူ့ကိုယ်ပေါ်မှာလည်း မင်္ဂလာသတို့သမီး၏ ဝတ်စုံကြီးနှင့်။

တကယ်တော့ ဒီအဝတ်အစားတွေက မယ်မဒီဝတ်ရမည့် အဝတ်အစားများ။ ခုတော့ ဘယ်လိုကနေ ဘယ်လိုဖြစ်လို့ ဒီမင်္ဂလာသတို့သမီး အဝတ်အစားတွေက နန်းကိုယ်ပေါ် ရောက်နေရသည်လဲ။

နေဒွန်းမှာ နန်းကို မျက်ဝန်းအပြူးသားနှင့် မယုံနိုင်အောင် ကြည့်နေရင်းက အံ့သြစွာဖြင့်…

"နန်း…နန်း ဘယ်လိုကနေ ဘယ်လို ဒီကိုရောက်နေတာလဲ၊ သိပ်လှတာပဲ နန်းရယ်"

"အို"

ပန်းနုရောင်ကြိုးကြီးချိတ် မင်္ဂလာဝတ်စုံလေးနှင့် သိပ်လှနေသော နန်းကို အံ့သြလွန်းစွာ ကြည့်နေရင်းက နေဒွန်းတစ်ယောက် ဆိုလိုက်ခြင်းဖြစ်သည်။

"နန်း…ပြောစမ်းပါဦးကွယ်၊ ဒီကို ဘယ်လိုရောက်လာ

Scanned by CamScanner

တာလဲဆိုတာ ဒါနဲ့ မယ်မဒီရော''

''မယ်မဒီက ကိုနေ့အတွက် လက်ဆောင်ပေးမယ်ဆိုတာ နန်းပေါ့''

နန်းထံမှ စကားပင်မဆုံးသေး။ နေဒွန်းသည် နန်းအနီးသို့ တိုးလျှောက်လာကာ သူမပခုံးလေးကို သူ့လက်များဖြင့် တင်းတင်း ပွေ့ဖက်လာတော့ နန်းမှာ သူမလက်ကလေးများဖြင့် အလိုက်သင့် ပြန်လည်ဖက်တွယ်လာလေသည်။

ထိုစဉ် နန်းနှင့်ပတ်သက်သည့် အတွေးတစ်စုံတစ်ရာက နေဒွန်းရင်ထဲ ဖျတ်ခနဲဝင်လာရသည်မို့ သူ့ရင်ခွင်တွင်းမှ နန်းကိုယ် လေးကို ရုတ်တရက် ဖယ်ထုတ်လိုက်ပြီး

''နန်း····နန်း ပြန်ပါနန်း''

''နန်းက ဘယ်ကိုပြန်ရမှာလဲ ကိုနေ''

''နန်းရဲ့ ကိုစိုင်းခေါင်ဆီကိုပေါ့၊ ဒီအချိန်မှာ နန်းနဲ့ ကိုယ့် ဘဝက တခြားစီဖြစ်သွားပြီ''

''နန်း မပြန်နိုင်ဘူး ကိုနေ၊ နန်းကို မယ်မဒီ လာခေါ် တာ''



''ဘာ''

မျှော်လင့်မှုများစွာနှင့် ရှိနေစဉ်ကတော့ နန်းဆိုသော သူမက သူ့ကိုမစောင့်ဘဲ အခုလိုအချိန်မျိုးမှာ ရောက်လာတော့ ရော နေဒွန်းဆိုသောသူက ဘာလုပ်ရတော့မည်လဲ။

နာကျင်ကြေကွဲရသော နှလုံးသားဖြင့် နေဒွန်းသည် မဲ့ပြုံး ပြုံးမိသွားရကာ

''ဆောရီးပဲ နန်းရယ်၊ နန်းကို ကိုယ် သိပ်ချစ်တာမှန်ပေ မယ့် ဒီနေ့ပဲ ကိုယ် မယ်မဒီနဲ့ လက်ထပ်တော့မှာ၊ နန်းအတွက် ကိုယ် မျှော်လင့်ချက်များစွာနဲ့ ရှိခဲ့ပေမယ့် နန်းက ကိုယ့်မျှော်လင့် ချက်အားလုံးကို ရိုက်ချိုးဖျက်ဆီးခဲ့သူပါ''

''မဟုတ်ဘူး ကိုနေ၊ ဘဝချင်းမတူလို့''

''တော်ပါတော့ နန်း၊ နန်းကို ကိုယ့်နှလုံးသားထဲက တစ်ခါမှ မချစ်ဖူးတဲ့ အချစ်တွေနဲ့ အသက်မကချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ နန်းက ကိုယ့်ရဲ့အချစ်တွေအားလုံးကို စွန့်ခွာပြီး နန်းဘဝ အတွက် နန်းဘာသာပဲ ရွေးချယ်ခဲ့တယ်၊ ဒီအတွက် ကိုယ် ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ ကိုယ့်ဘာသာပဲသိတယ် နန်း၊

Scanned by CamScanner

အခုအချိန်မှာ ကိုယ့်အနေနဲ့ အပွင့်လင်းဆုံး ပြောရရင် နန်းကို ကိုယ် လက်မထပ်နိုင်ဘူး၊ အသက်မက ချစ်တာမှန်ပေမယ့် နန်း ရွေးချယ်ခဲ့တဲ့ လူမှုရေးစည်းဘောင်ကိုကျော်ပြီး နန်းကို ကိုယ် လက်မထပ်ဘူး"

"ကိုနေရယ် ရက်စက်လှချည်လား၊ အခုချိန်မှာ အားလုံး ဟာ နန်းအပြစ်ပဲလို့ ဝန်ခံပါတယ်၊ ကိုနေ နန်းကလွဲပြီး ဘယ်သူ့ ကိုမှ လက်မထပ်ရဘူး"

နန်းစကားကြောင့် နေဒွန်းသည် နာနာကျင်ကျင်ပြုံးလိုက် ကာ

"နန်းနဲ့ မယ်မဒီ ဘယ်လိုပတ်သက်နေမှန်း ကိုယ်မသိ ပေမယ့် နန်းရဲ့စကားတွေက ဒီအချိန်မှာ ဘာမှ အသုံးမဝင်တော့ တာအမှန်ပဲ၊ ကိုယ် နန်းအတွက် အများကြီး ရင်နှင့်အမျှ မျှော်လင့် ခဲ့ပေမယ့် နန်း လျှောက်ရမယ့်လမ်းကို နန်းဘာသာပဲ ရွေးချယ်ခဲ့ တာလေ၊ အခုအချိန်မျိုးမှ နန်းဆီက ဒီစကားတွေကြားရတော့ ကိုယ် ဘာလုပ်နိုင်မှာလဲ၊ ကိုယ် မယ်မဒီနဲ့ လက်ထပ်ရမယ်၊ ဒီနေ့ဟာ မယ်မဒီနဲ့ကိုယ်ရဲ့ မင်္ဂလာပွဲနေ့၊ အချစ်အတွက် ကိုယ့်ဘဝတစ်ခု



လုံးကို နန်းအတွက် ပေးဆပ်နိုင်ပေမယ့် နန်းပြောသလို လက်တွေ့ကျ တဲ့ ဘဝတစ်ခုအတွက်တော့ မယ်မဒီအပေါ် ကိုယ် သစ္စာမဖောက် တော့ဘူး"

"ကိုနေ ဒီစကားကို တကယ်ပဲ ပြောတာလား၊ ကိုနေ မယ်မဒီကို လက်မထပ်ချင်ဘူးမဟုတ်လား"

"ဒီလိုအခြေအနေ အချိန်အခါမှာ ဒီစကားတွေမပြောတာ ကောင်းပါတယ် နန်း၊ နန်းအပေါ် သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက် အနေနဲ့ တစ်ချိန်က ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရဲခဲ့တယ်၊ နန်းနဲ့ ပျော်ရွှင် စရာကောင်းတဲ့ ဘဝတစ်ခုကိုလည်း ကိုယ် အများကြီးမျှော်လင့်ခဲ့ တယ်၊ ကိုယ့်ဘဝနဲ့ရင်းပြီး မျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်အားလုံးကို နန်းက ရိုက်ချိုးဖျက်ဆီးပြီး ကိုယ့်ရဲ့ အချစ်တွေအားလုံးကို ဥပေက္ခာပြု ခဲ့တယ်၊ အရင်အချိန်က နန်းအပေါ် ကိုယ်သိပ်ချစ်ခဲ့တာ မှန်ပေမယ့် အခုအချိန်မှာတော့ ဘာပဲဖြစ်ဖြစ် မယ်မဒီအပေါ် ကိုယ် သစ္စာရှိရ တော့မယ်၊ ဒါကြောင့် နန်း တစ်ချိန်ကပြောခဲ့သလိုပဲ၊ အိပ်မက်ထဲက ပုံပြင်တစ်ခုလို့ပဲ နန်း သတ်မှတ်ပြီး နန်းရဲ့ ကိုစိုင်းခေါင်ဆီကိုသာ ပြန်ပါတော့"

Scanned by CamScanner

"ကိုနေ့စကားတွေက နန်းအတွက် ဒီလိုအချိန်မျိုးမှာတောင် ပြတ်သားရက်လှချည်လား ကိုနေ၊ နန်းကို ကိုနေ သိပ်ချစ်ခဲ့တာတောင် နည်းနည်းမှ ထည့်မစဉ်းစားတော့ဘူးလားဟင်"

"နန်းကို ကိုယ် သိပ်ချစ်ခဲ့တာ ဝန်ခံပြီးပြီပဲ နန်း၊ ဒါပေမဲ့ နန်းနဲ့ကိုယ့်ရဲ့ဘဝက အခုအခြေအနေမှာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး နန်းရယ်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ နန်းအတွက် ကိုဆိုင်းခေါင်လည်း မရှိတော့ဘူး၊ ကိုနေကို နန်း ဘယ်လိုမှ မေ့လို့မရဘူး၊ ကိုနေ့ကိုပဲ နန်းသိပ်ချစ်တယ်"

"ဟင်"

ပြောလည်းပြော နန်းသည် နေဥန်းရင်ခွင်အတွင်းသို့ သူ့ကိုယ်လေးကို အတင်းပင် တိုးဝင်လာတော့

"နန်းရယ် ကိုယ် ပြောပြီးပြီမဟုတ်လား၊ မဖြစ်နိုင်တော့ပါဘူးလို့၊ နန်း ဒီလိုမျိုးမလုပ်ပါနဲ့၊ မယ်မဒီ တွေ့သွားရင် မကောင်းဘူး"

"လုပ်မှာပဲ ကိုနေ၊ ကိုနေနဲ့ ဝေးနေတဲ့အချိန်တွေကျမှ



ကိုနေ့ကို နန်း သိပ်ချစ်ရမှန်းသိတယ်၊ နန်း ဘာအတွက်မှ ဂရုစိုက်တော့ဘူး"

"နန်း ဘာပြောတာလဲ၊ အခုအချိန်မှာ နန်းအတွက် ဘာမှ ဂရုမစိုက်တော့တာမှန်ပေမယ့် ကိုယ့်အတွက် ဂရုစိုက်ရမယ့်သူက ရှိနေပြီလေ"

"ကိုနေပြောတော့ မယ်မဒီကို ကိုနေ မချစ်ဘူးဆို"

"မချစ်ပေမယ့် မယ်မဒီဟာ ကိုယ့်ရဲ့ဇနီးဖြစ်မယ့်သူ"

"ဘယ်လို ဘယ်လို၊ ကိုနေ့ဇနီးဖြစ်မယ့်သူဟုတ်လား"

"ဟုတ်တယ်လေ"

"မယ်မဒီကို ကိုနေရဲ့ဇနီးအဖြစ် လက်ခံလိုက်တယ်ပေါ့"

"တကယ်လည်း မယ်မဒီဟာ ကိုယ့်ရဲ့ဇနီးဖြစ်မယ့်သူပဲလေ"

"အို ကိုနေရယ်"

ရုတ်ခြည်း နေဥန်းရင်ခွင်ထဲ၌ တင်းတင်းကြပ်ကြပ်ကြီး ဆွဲပွေ့ဖက်လာသည့် နန်းလုပ်ရပ်ကြောင့် နေဥန်းမှာ နန်း၏ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်အတွင်းမှ အတင်းဆွဲထုတ်ယူလိုက်ပြီး

ssl

Scanned by CamScanner

''နန်း ဒီလိုမျိုးမလုပ်ဖို့ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် ပြောတဲ့စကားတွေကို နန်း နားမထောင်ရင်တော့ ကိုယ် ဒီအခန်းထဲက ထွက်သွားရပါလိမ့်မယ်''

''ဟင်း…ဟင်း…ဟင်း ကိုနေရယ်၊ ဒေါသကလည်း ကြီးလိုက်တာ၊ ခဏလေး နန်းကို ကိုနေ ဘယ်လိုမောင်းထုတ်မလဲ ဆိုတာ သိချင်လို့''

အပြုံးစစဖြင့် နန်းသည် မှန်တင်ခုံကြီးရှိရာသို့ ရုတ်တရက် သွားလိုက်ပြီး မှန်တင်ခုံအံဆွဲအတွင်းမှ ဆံပင်အတုတစ်ခုကို ဖျက်ခနဲ သူမဦးခေါင်းတွင် တပ်ဆင်လိုက်ကာ မျက်မှန်လေးကို တပ်လိုက်သည့်အခါတွင်တော့

''ဟင်''

''နန်း…အဲ မယ်မဒီ မယ်မဒီ''

''အဟင်း ဟုတ်ပါတယ် ကိုနေ၊ နန်းဆိုတဲ့ ကိုနေချစ်သူဟာ မယ်မဒီဆိုတဲ့ မဒီပါပဲ''

''ဟာ''

''နန်း…အဲ မယ်မဒီ၊ မင်း ဘာလဲ၊ ကိုယ် ဘာမှနားမ



လည်တော့ဘူး''

တကယ်လည်း နေဒွန်းသည် မယုံနိုင်စွာ စိတ်လှုပ်ရှား အံ့ဩမှုများစွာဖြင့် မေးလိုက်သည်။

နန်း ခေါ် မယ်မဒီမှာ နေဒွန်းရင်ခွင်အတွင်းသို့ ပြေးဝင်လာကာ

''ဒီလိုပါ ကိုနေရယ်''ဟု အစချီပြီး သူနှင့်မယ်မဒီတို့အား ငယ်သူငယ်ချင်းများဖြစ်ကြသော မိဘတွေက သူတို့နှစ်ဦးကို လက်ထပ်ပေးဖို့စီစဉ်သောအခါ မယ်မဒီကို မမြင်ဖူးသေးဘဲနှင့် အများတကာအပြောဖြင့် ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်ကို မင်းသိန်း၏ချစ်သူဖြစ်သော မိုးပပမှတစ်ဆင့် မယ်မဒီ သိရှိခဲ့ရသည်။

ဒီအတွက် ဆတ်ဆတ်ထိမခံစိတ်ရှိသော မယ်မဒီက ရည်းစားတွေ ထည်လဲတွဲပြီး မယ်မဒီလို မိန်းကလေးကို ဒီလိုငြင်းဆန်ရပါ့မလားဆိုသော မာနစိတ်ဖြင့် နေဒွန်းဆိုသော လူတစ်ယောက်ကို ဘယ်လို အသည်းခွဲရမည်လဲဆိုတာကို မယ်မဒီ သေချာစဉ်းစားခဲ့၏။

ကံကောင်းချင်တော့ သူငယ်ချင်းဖြစ်သူ မိုးပပ၏ အကူ

Scanned by CamScanner

အညီဖြင့် နေဦးနီးဆိုသောသူ တောင်ကြီးဘက်သို့ ခရီးထွက်မည့်အကြောင်းကို မယ်မဒီ ကြိုတင်ကြားသိခဲ့ရသည်။

သည်အတွက် မိုးပံပနှင့် မင်းသိန်းတို့၏ အကူအညီကိုရယူကာ နေဦးနီးဆိုသောသူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ စမ်းသပ်ချင်၍ဟူသော အကြောင်းပြချက်ဖြင့် မယ်မဒီက နန်းအဖြစ် ဟန်ဆောင်ကာ မင်းသိန်းအဒေါ်၏ ခြံထဲတွင် ခြံအလုပ်သမားအဖြစ် ဟန်ဆောင်ပြီး နေခဲ့ခြင်းဖြစ်သည်။

ဒီအတောအတွင်း မယ်မဒီသည် နေဦးနီးဆိုသော သူနှင့် ပတ်သက်ပြီး ဆက်နွယ်လာသမျှ အကြောင်းတွေက မယ်မဒီဆိုသော သူမကို လုံးဝခါးသီးစွာ ငြင်းဆန်ခဲ့သော နေဦးနီးအတွက် အသည်းခွဲစေဖို့ ဖြစ်ရပ်များ ဖန်တီးလာရသည်မှ နောက်ဆုံးတော့ နေဦးနီးကို တမင် အသည်းခွဲပစ်လိုက်ခြင်းဖြစ်သည်။

သို့ပေမယ့် ထိုဖြစ်ရပ်များအတွက် မယ်မဒီဆိုသော သူမ ပြန်လည်ပေးဆပ်လိုက်ရသည်က သူမရင်ထဲက နှလုံးသားတစ်ခု ပင်ဖြစ်သည်။

ဘာကြောင့်လဲဆိုလျှင် မယ်မဒီဆိုသော သူမကိုယ်တိုင်



အသည်းခွဲပစ်ဖို့ ကြံစည်ခဲ့သော နေဦးနီးဆိုသည့် ရည်းစားထည် လဲတွဲတတ်သည့် အချစ်ကို တန်ဖိုးမထားတတ်ဟု ယူဆခဲ့သော ယောကျာ်းတစ်ယောက်ကို သူမနှလုံးသားနှင့်ရင်း၍ ချစ်ခဲ့မိခြင်း ကြောင့်ပင်ဖြစ်သည်။

"ကြည့်စမ်း လက်စသတ်တော့ မယ်မဒီက မင်းသိန်းတို့နဲ့ပေါင်းပြီး ကိုယ့်အချစ်ကို လှည့်စားညာယူခဲ့တာပေါ့ ဟုတ်လား"

"အစကတော့ ဟုတ်ပါတယ်၊ အခုတော့ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အဖြစ်အပျက်တွေကို ဖန်တီးခဲ့တဲ့ မဒီကိုယ်တိုင် အသည်းနှလုံးတစ်ခုကို ရင်းလိုက်ရလို့ပေါ့"

"ဘယ်သူ့အတွက် ရင်းလိုက်ရတာလဲ"

"မဒီ့ရင်ထဲမှာ တစ်ခါမှ မချစ်ဖူးခဲ့တဲ့ အသည်းနှလုံးနဲ့ ရင်းပြီး သိပ်ချစ်ခဲ့ရတဲ့ ဟောဒီက ကိုနေဦးနီးဆိုတဲ့ လူကြောင့်ပေါ့"

Scanned by CamScanner

“ဟုတ်လို့လား၊ မင်းဟာ တကယ်တော့ ကိုယ့်အတွက် ရည်ရွယ်ချက်ဆိုးဆိုးနဲ့ ရောက်လာခဲ့တဲ့ မိန်းကလေးတစ်ယောက် ပဲ”

“ဪ ဟုတ်လား၊ ကိုနေဒွန်းဆိုတဲ့ ရှင်ရယ်၊ အဲဒီ ရည်ရွယ်ချက်ဆိုးဆိုးတွေဖြစ်ရအောင် ရှင်က မဒီကို လုပ်ပစ်ခဲ့ တာမဟုတ်လား”

“ကိုယ် ဘာလုပ်ခဲ့လို့လဲ”

“ဘာလုပ်ခဲ့သလဲလို့မမေးခင် ယောကျ်ားတွေက မယ့်မဒီ အနားရှိနေတိုင်း မဒီက ပွေရှုပ်တတ်တဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ပြီး ကိုနေ မဒီကို ခါးခါးသီးသီး ငြင်းဆန်နေခဲ့တာမဟုတ် လား၊ အဲဒီလိုပဲ မဒီဘက်ကလည်း နေဒွန်းဆိုတဲ့သူ ရည်းစားတွေ ထည်လဲတွဲ ပွေတတ်တဲ့ သူတစ်ယောက်ဆိုက မဒီကို ခါးခါးသီး သီးငြင်းဆန်လိုက်တာကို မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လို ခံစားရမလဲ၊ ကိုနေ ကိုယ်ချင်းစာကြည့်ပါ၊ အထူးသဖြင့် မဒီရဲ့ ဆတ်ဆတ်ထိမခံတတ်တဲ့ မာနစိတ်နဲ့ မိန်းကလေးတစ်ယောက် အတွက် ကိုနေ ကိုယ်ချင်းစာတတ်ရင် မဒီကို ခွင့်လွှတ်နိုင်မှာပါ”



“ခွင့်မလွှတ်ချင်ဘူး မဒီ၊ မဒီဟာ ကိုယ့်ကို သက်သက် လှည့်စားခဲ့တာပဲ”

“လှည့်စားတာတော့ မဟုတ်ပါဘူး ကိုနေ၊ ကိုနေ့အတွက် အချစ်ဆိုတဲ့အရာကို အလေးအနက် တန်ဖိုးထားစေချင်တဲ့စိတ်ရယ်၊ ပြီးတော့ မိန်းကလေးတစ်ယောက်အပေါ်မှာ လွယ်လွယ်နဲ့ တန်ဖိုး မထားတတ်ဘဲ အထင်သေးချင်တဲ့ စိတ်ဓာတ်တွေကို သင်ခန်းစာ ပေးချင်တဲ့စိတ်နဲ့ မဒီ ဒီလိုမျိုးလုပ်မိခဲ့တာပါ”

“ဘယ်လိုပဲဖြစ်ဖြစ် မဒီလုပ်ရပ်ဟာ ကိုယ့်အပေါ် လှည့်စားသလိုမျိုး ဖြစ်မနေဘူးလား”

“လှည့်စားသလိုဖြစ်ခဲ့ရင်လည်း အားလုံးရဲ့ကိုယ်စား မဒီ ကပဲ တောင်းပန်ပါတယ်၊ ဒါပေမဲ့ မဒီရဲ့ လုပ်ရပ်တွေထဲမှာ ကိုနေ့ အတွက် မိန်းကလေးတစ်ယောက်ကို အလေးအနက် တန်ဖိုးထား တတ်တဲ့စိတ်နဲ့ အချစ်ဆိုတဲ့အရာကို နက်နက်ရှိုင်းရှိုင်းချစ်တတ်တဲ့ စိတ်ဓာတ်မျိုး ဝင်သွားရင် မဒီ ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်ပါ တယ်”

“မဒီ သင်ခန်းစာကောင်းကောင်းပေးခဲ့တဲ့အတွက် မဒီ

ဖြစ်စေချင်တဲ့စိတ်ဓာတ်မျိုး ကိုနေ့မှာ အားလုံးရှိနေခဲ့ရပြီပဲ၊ ဒီအတွက် မဒီ ဝမ်းသာပါတော့၊ ကိုယ် သွားပါရစေတော့ မဒီ"

မယ်မဒီအားပြောပြီး အခန်းထဲမှ ထွက်ရန်ဟန်ပြင်လိုက်သော နေဒွန်းအား မယ်မဒီက နောက်မှနေ၍ သူမလက်ကလေးအစုံနှင့် ဆွဲယူပွေ့ပက်ထားလိုက်သည်ကြောင့်

"မဒီရယ်၊ ကိုနေ့ကို လွှတ်လိုက်ပါတော့၊ မဒီဖြစ်စေချင်တဲ့ဆန္ဒနဲ့ ယောကျ်ားတစ်ယောက် ကိုယ် ဖြစ်ခဲ့ရပြီပဲ၊ ကိုနေ့ကို သွားခွင့်ပြုပါတော့"

"ဟင့်အင်း မသွားရဘူး"

"ဘာဖြစ်လို့လဲ မဒီ"

နေဒွန်းက သူ့အားနောက်ပက်မှနေ၍ သိုင်းဖက်ထားသော မယ်မဒီ၏ လက်ကလေးအစုံအား အသာအယာဖယ်ရှားလိုက်သည့်အခါမှာတော့

"ကိုနေရယ် ကိုနေ သိပ်ချစ်ခဲ့ရတဲ့ နန်းဆိုတာ မယ်မဒီဖြစ်သလို ကိုနေ့ရဲ့ဇနီးဖြစ်မယ့် မယ်မဒီကလည်း နန်းတစ်ယောက်ထဲပါပဲ၊ ကိုစိုင်းခေါင်ဆိုတဲ့ သူကလည်း နန်းဆိုတဲ့ မယ်မဒီအတွက်



စိတ်ကူးယဉ်သက်သက် အတွေးထဲက လူတစ်ယောက်ပါ၊ ဒီနေ့ဒီအချိန်အထိ မြတ်မြတ်နိုးနိုးနဲ့ သိပ်ချစ်ခဲ့တဲ့ ကိုနေ့အတွက် နန်းဆိုတဲ့ မယ်မဒီဟာ တစ်ယောက်တည်း သက်သက်ပါ"

ထိုစကားကိုပြောပြီး မယ်မဒီမှာ ရှက်မျက်နှာရဲရဲလေးနှင့် သူမ၏ လှပလွန်းသော မျက်နှာလေးကို နေဒွန်း၏ နောက်ကျောဘက်တွင် ဝှက်ထားလိုက်လေသည်။

"ပြီးတော့လေ"

"ပြီးတော့ ဘာဖြစ်လဲ မယ်မဒီ"

"နန်းဆိုတဲ့ မယ်မဒီက ကိုနေ့ကို မျှော်လင့်မထားဘဲ သိပ်ချစ်သွားမိရတဲ့ မိန်းကလေးပါရှင်"

နန်းတဖြစ်လဲ မယ်မဒီ အပြောလေးကြောင့် နေဒွန်း၏ နှလုံးသားက တစ်ခါမှ မချစ်ခဲ့ဖူးရသော အချစ်များဖြင့် သိပ်ချစ်လွန်းရသည့် သတို့သမီးလေးကို ကြင်နာမြတ်နိုးယုယခြင်းများစွာဖြင့် ဖျတ်ခနဲလှည့်လိုက်ပြီး ရင်ချင်းဆွဲကပ်လိုက်လျက် ပြုံးပြုံးကြီး စိုက်ကြည့်လိုက်မိရပါသည်။

ထို့အတူ မယ်မဒီမှာလည်း နေဒွန်းရင်ခွင်ထဲကနေ ရင်ထဲ

Scanned by CamScanner

က နှလုံးသားထဲမှာ စူးရှနက်ရှိုင်းစွာ သိပ်ချစ်မိသွားခဲ့ရသူ နေဒွန်း၏ မျက်နှာချောချောကို ဖျော့ခနဲ မော့အကြည့် သူမကို ချစ်ရည်ရွှန်းလဲ့တောက်ပစွာဖြင့် ကြည့်နေသည့် နေဒွန်း၏ အကြည့်များနှင့် ဆုံလိုက်ရသဖြင့် ရင်ခုန်သံတွေ မြန်ဆန်လာရလျက်

"နန်းလို့ မခေါ်တော့ဘူးလား"

"မခေါ်ချင်ဘူး၊ နန်းဆိုတာ ကိုနေ့ကို ထားသွားခဲ့တဲ့သူပဲ"

"ဒါဆို မယ်မဒီလို့ ခေါ်မှာလား"

"မယ်မဒီဆိုတာ မိဘတွေ သဘောတူထားတဲ့ မိန်းကလေး"

"ဒါဖြင့် ဘယ်လိုခေါ်မှာလဲ"

"နန်းမယ်မဒီလို့ ခေါ်မယ်"

"ဘယ်လို"

"ကိုယ့်အတွက် နန်းနဲ့မယ်မဒီ နာမည်နှစ်ခုပေါင်းပြီး နန်းမယ်မဒီလို့ ခေါ်ချင်တယ်"

"ဘာဖြစ်လို့"



"နန်းကို နှလုံးသားထဲက သိပ်ချစ်ပြီး မယ်မဒီလို ထာဝရ တစ်သက်လုံး အတူတူနေနိုင်အောင်လို့"

"သွား သိပ်တတ်တယ်"

"မတတ်ပါဘူးဗျာ၊ ဒီလိုတတ်အောင် ဟောဒီက ကိုယ့်အချစ်ဆုံးချစ်သူ ကိုယ့်ရဲ့ ထာဝရဇနီးကလေးက သင်ပေးလိုက်လို့ပါ"

နေဒွန်းအသံမှာ ပျော်ရွှင်ကြည်နူးမှုများစွာဖြင့် လှိုက်ဖြာတုန်ခါနေရသလို နန်းခေါ် မယ်မဒီ၏ ရင်ထဲမှာလည်း ရင်ခုန်သံတွေ စည်းချက်မညီနိုင်အောင် အဆမတန် မြန်ဆန်လျက်။

ရွှေအမှုံ

Scanned by CamScanner